# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

**မပြစ်မှားမိအောင် သတိပြု**

မပြစ်မှားအပ်သော ပုဂ္ဂိုလ်တို့ကို တုတ်၊ ဓား၊ လှံ စသည် လက်နက်တို့ဖြင့် ပြစ်မှားသောသူမှာ ဆင်းရဲ၏။ ပြင်းထန်သော ဝေဒနာခံစားရ၏။ ဥစ္စာပစ္စည်းဆုံးရှုံး၏။ ကိုယ်အင်္ဂါ ပျက်စီး၏။ အနာစွဲကပ်၏။ ရူးသွပ်၏။ စိတ်ပျံ့လွင့်၏။ အစွပ်စွဲခံရ၏။ ဆွေမျိုးတို့ ပျက်စီး၏။ ပကတိမီး၊ လောင်မီးတို့ လောင်ခြင်းခံရ၏။ သေသော် ငရဲသို့ ကျရောက်ရ၏။ (မပြစ်မှားအပ်သော ပုဂ္ဂိုလ်တို့ကို မပြစ်မှားမိအောင် သတိပြုဆင်ခြင်သင့်၏။)

ဓမ္မပဒ-၁၄၀)

၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက် | ၂၀၂၃ ခုနှစ်၊ မေ ၃ ရက်၊ တနင်္လာနေ့ | အတွဲ (၆၂)၊ အမှတ်(၁၈၅)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# တောင်ပေါ်ဒေသများမှ ထွက်ရှိသည့် ပန်းနှမ်းများ မန္တလေးဈေးကွက်၌ ဈေးကောင်းရရှိ

မန္တလေး မေ ၂

တောင်ပေါ်ဒေသများမှ စိုက်ပျိုးပြီးထွက်ရှိလာသည့် ပန်းနှမ်း (Niger Seed) များ မန္တလေးဈေးကွက်အတွင်း၌ ဈေးကောင်းများရရှိကာ အရောင်းသွက်နေကြောင်း မန္တလေး ပဲကုန်သည်များထံမှ သိရသည်။

အဆိုပါ ပန်းနှမ်းကို အိန္ဒိယနိုင်ငံမှ အများဆုံးဝယ်ယူလျက်ရှိပြီး ဒုတိယအများဆုံးအဖြစ် တရုတ်နိုင်ငံမှ ဝယ်ယူကြကြောင်း၊ ပြီးခဲ့သည့် နှစ်ကာလတူအချိန်တွင် ၄၅ ပိဿာဝင် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၉၅၀၀၀ နှုန်းဖြင့် အဖွင့်ဈေးစခဲ့သော်လည်း ယခုလက်ရှိအချိန်တွင် ၄၅ ပိဿာဝင် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၇၅၀၀၀ နှုန်းအထိ ဈေးမြင့်တက်ကာ အရောင်းအဝယ်ကောင်းနေသည့်အပြင် ရာသီဥတုမျှတသည့်အတွက်လည်း အထွက်နှုန်းအသင့်အတင့် ကောင်းမွန်လျက်ရှိသည်။ စာမျက်နှာ ၃ ကော်လံ ၁ ❍





# ကျောက်ဆည်မြို့နယ်၌ မိုးကြို ချည်မျှင်ရှည်ဝါ စိုက်ကေပေါင်း ၁၁၇၆၅ ကေ စိုက်ပျိုးပြီးဖြစ်

ကျောက်ဆည် မေ ၂

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ချည်မျှင်ရှည်ဝါများတိုးချဲ့၍ လျာထားစိုက်ပျိုးလျက်ရှိရာ မိုးကြိုချည်မျှင်ရှည်ဝါ ၁၁၇၆၅ ကေ စိုက်ပျိုးပြီးကြောင်း မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှ သိရသည်။

ချည်မျှင်ရှည်ဝါများစိုက်ပျိုးရာတွင် မိုးကြိုစိုက်ကေများအဖြစ် ပန်းခွါ၊ ကျီးပြ၊ သင်ပျို၊ ကျီးအိပ်၊ ဒွေးလှ၊ အနောက်ငါးဆူ၊ ရှားပင်ကျေးရွာအုပ်စုများတွင် ၂၇၃ ကေ၊ ဒါန်းတိုင်၊ ရန်ဘက်လို၊ ပေတော၊ ဘုံကွင်း၊ စင်းကွန်း ကျေးရွာအုပ်စုများတွင် ၃၆၇ ကေ၊ လက်ပန်ပင်၊ မယ်ဇယ်ပင်၊ တံစိုး၊ သူငယ်တော်၊ ပွတ္တိုင်၊ မြောင်းဦး၊ အနောက်သာဂရ၊ ရွာပုလဲ၊ ကတဲ၊ ပနံ ကျေးရွာအုပ်စုများတွင် ကေ ၇၄၀၊ ညောင်ရွှေ၊ သင်ပုတ်၊ ဇရပ်ဖြူ၊ ငါးအိုး၊ အနောက်ရွာနန်း၊ လက်ပန်၊ ညောင်ဝန်း၊ ကြောင်ပန်းကုန်းကျေးရွာအုပ်စုများတွင် ၉၂၃ ကေ၊ တောင်နောက်၊ သင်တောင်း၊ အင်တိုင်း၊ ပြည်ပန်း၊ ဖောင်ရွာ၊ ကြက်မင်းတွန်၊ ပတ္တာ၊ ပင်တလည်၊ သမန္တလင်း၊ မြင်းကဘက်၊ မုန့်ပေါင်း၊ စာမျက်နှာ ၄ ကော်လံ ၁ ◆

ယနေ့ ဖတ် စ ရာ

မူပိုင်ခွင့်ဆိုင်ရာ အငြင်းပွားမှုများအတွက် မူပိုင်ခွင့်တရားရုံး — ဆောင်းပါး | စာ - ၆

ထူးမြတ်ပူဇော် ဥပ္ပါတသန္တိစေတီတော်(နေပြည်တော်) — ဆောင်းပါး | စာ - ၉

အီရတ်နိုင်ငံမှ ရေနံစည်ပေါင်း သန်း ၁၀၀ ကျော် မတ်လအတွင်း တင်ပို့နိုင်ခဲ့ — နိုင်ငံတကာသတင်း | စာ - ၁၃

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၄၅၄၅ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် မေ ၂

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိက ထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။ စာမျက်နှာ ၃ ကော်လံ ၁ ❖

# ရိုးရာအနှစ်သာရမပျက် ယဉ်ကျေးမှုရာ ပျော်ရွှင်ကြရေး

လောကီအလို၊ နက္ခတ်ဂြိုဟ်က၊ ထိုထိုသီးပွင့်၊ ခါမလင့်ဘူး၊ နုရင့်ချိန်မီ၊ ကိုက်ဖူးစီလျက်၊ ရာသီမသိ၊ ပန်းနှင့်ညှိသော်၊ ညီဘိကာလ၊ မလွန်ကြရှင့် ... ဟူသော မဃဒေဝလင်္ကာ၏ အဆိုအတိုင်းပင် ဂြိုဟ်နက္ခတ်တို့သည် အချိန်မှန်လှည့်ပတ်လျက် ဥတုရာသီတို့ကလည်း အချိန်မှန်ကူးပြောင်းကြပြီး သစ်ပင် ပန်းမန်တို့ကလည်း သူ့အချိန်အခါ ရာသီအလိုက် ပွင့်ကြ၊ သီးကြကုန်သည်။ သဘာဝတရားကြီး၏ အချိန်မှန်လည်ပတ်နေသော ဖြစ်စဉ်တို့ကို မှတ်သား၍ လူတို့က နေ့၊ ရက်၊ လ၊ နှစ် စသည်တို့ကို ပိုင်းခြားသတ်မှတ်ကြကာ ယဉ်ကျေးမှုအစ ရှေးကာလမှသည် မျက်မှောက်ခေတ်တိုင်အောင် အသုံးပြုလျက်ရှိကြသည်။

မြန်မာပြက္ခဒိန်၏ ပထမဆုံးလဖြစ်သော တန်ခူးလသည် မိဿရာသီဖြစ်၍ စိတြနက္ခတ်ထွန်းလင်းသည်။ ဤရာသီတွင် ရင်ခတ်ပန်းနှင့် ကံ့ကော်ပန်းတို့ ပွင့်ကြသည်ဟူ၍ ရှေးလူတို့ မှတ်သားခဲ့ကြသော်လည်း စက်နာရီနှင့် ပုံနှိပ်ပြက္ခဒိန်တို့ သုံးစွဲလာသည့်ခေတ်တွင်မူ ကောင်းကင်မှ နက္ခတ်တို့ကိုလည်းကောင်း၊ မြေပြင်မှာပွင့်သည့် ရာသီအလိုက် ပန်းတို့ကိုလည်းကောင်း လှေ့လာကြည့်ရှုရန်မလိုတော့။ တန်ခူးလ၏ စိတြနက္ခတ်နှင့် ရင်ခတ်ပန်းကို ခေတ်လူတို့က အတိတ်မှာထားရစ်ခဲ့ကြပြီဖြစ်သော်လည်း တန်ခူးလ၏ သင်္ကြန်ပွဲကိုမူ အစဉ်အလာမပျက် နွှဲကြမြဲဖြစ်သည်။ ရှေးခေတ်အခါက အတာသင်္ကြန်ပွဲသည် ပျော်ရွှင်ဖွယ်ရာ ဖြစ်သကဲ့သို့ နှစ်သက်မြတ်နိုးဖွယ်၊ ကြည်နူးဖွယ်လည်းဖြစ်သည်။ အပျော်လွန်၊ အပြောင်အပြက်လွန်၍ ရိုင်းသည့်၊ ရမ်းသည့် အဖြစ်သို့မရောက်အောင် ထိန်းသိမ်းမှသာ ယဉ်ကျေးသည့် အတာသင်္ကြန်နှင့် နှစ်သစ်ကို မင်္ဂလာရှိစွာကူးပြောင်းနိုင်မည်ဖြစ်သည့်အလျောက် မလွန်မကျူးကြစေရန် ဝိုင်းဝန်းထိန်းသိမ်းကြရသည်။

မကြာမီကျရောက်လာတော့မည့် မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် မဟာသင်္ကြန်ပွဲတော်နှင့် စပ်လျဉ်း၍ ဆောင်ရန်၊ ရှောင်ကြဉ်ရန်တို့ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက မီဒီယာများမှတစ်ဆင့် ပြည်သူများထံ အသိပေးနှိုးဆော်လျက်ရှိသည်။ အသိပေးနှိုးဆော်ရခြင်းမှာလည်း မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ သင်္ကြန်ပွဲတော်ကို နွှဲပျော်နိုင်ကြစေရေး၊ အန္တရာယ်ကင်း ဘေးရှင်းကြစေရေးတို့အတွက် ရည်ရွယ်ခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုမြို့တော် မန္တလေးမှစတင်ကာ ကျင်းပလာခဲ့ပြီး ရန်ကုန်မြို့တွင်ပါ ကျင်းပခဲ့သည့် လမ်းလျှောက်သင်္ကြန်ကို ယခုနှစ် နေပြည်တော်တွင်လည်း ခမ်းခမ်းနားနား ကျင်းပနိုင်ရန် စီစဉ်လျက်ရှိသည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ကျင်းပခဲ့သော လမ်းလျှောက်သင်္ကြန်များကဲ့သို့ အဆင့်မီသော လမ်းလျှောက်သင်္ကြန်ဖြစ်စေရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ နေပြည်တော်ရှိပြည်သူများ ပျော်ရွှင်စေရန်ဖြစ်သလို ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများလည်း ပျော်ရွှင်စေရန် စနစ်တကျစီမံဆောင်ရွက်ထားကြောင်း၊ လမ်းလျှောက်သင်္ကြန်တွင် သနပ်ခါးသင်္ကြန်၊ တိုင်းရင်းသားသင်္ကြန်၊ လူငယ် Game သင်္ကြန် စသည်ဖြင့် ကလေး၊ လူငယ်၊ လူကြီးများအားလုံး ပျော်ရွှင်စေမည့် ကဏ္ဍများစွာပါဝင်ပြီး မြန်မာ့ရိုးရာသင်္ကြန်ကို ခေတ်နှင့်အညီ ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စသောသတင်းစကားများက နေပြည်တော်သင်္ကြန်ပွဲ ဆင်နွှဲကြမည့် ကြီး၊ ငယ်၊ ရွယ်လတ်တို့အတွက် စိတ်ဝင်စားဖွယ်၊ ကြိုတင်ရင်ခုန်ဖွယ်ဖြစ်သည်။

"နှစ်သင်္ကြန်၊ ကူးခေတ်ဆော်စီမံ၍၊ လှူဒါန်း ညောင်ရေပန်းတွေနှင့်၊ ရေဖျန်းကိုယ်စီခံကြ၊ စဲမည့် ပွဲတော်တွင်းမှာလ..." ဟူသော ရှေးခေတ်က ကျင်းပခဲ့သည့် သင်္ကြန်ပွဲတော်များကဲ့သို့ပင် ပျော်ရွှင်မှုနှင့် ရိုးရာယဉ်ကျေးမှု အနှစ်သာရတို့ကို မပျောက်ပျက်စေဘဲ ခေတ်ကာလနှင့်အညီ ခမ်းနားလှပစွာ ပြင်ဆင်ကျင်းပမည့် နေပြည်တော်လမ်းလျှောက်သင်္ကြန်ပွဲတော် အပါအဝင် ၁၃၈၄ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကြီးကို ဘေးဘယာဝေးကွာ အေးချမ်းသာယာ ပျော်ရွှင်စွာဆင်နွှဲနိုင်ရေး ဝိုင်းဝန်းကြိုတင် ပြင်ဆင်ကြရပါမည့်အကြောင်း။ ။

## ပါဠိပထမပြန်စာမေးပွဲ ဆဋ္ဌမနေ့ ကျင်းပ

နေပြည်တော် မေ ၂

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၃ ခုနှစ်၊ ပါဠိပထမပြန်စာမေးပွဲကို ယနေ့ (ဆဋ္ဌမနေ့) နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၂၂၉ ဌာနတို့၌ စာဖြေ စာရင်းသွင်း ၁၄၄၆၄ ပါး/ဦးအနက် ၁၁၇၂၁ ပါး/ဦး ဖြေဆိုကြသဖြင့် ၈၁ ဒသမ ၀၄ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ သတင်းစဉ်

## နန္ဒာအောင်မြေကျောင်းဆရာတော် ဒေါက်တာဘဒ္ဒန္တနိမလ အရှင်သူမြတ်အား ဂုဏာဝိသိဋ္ဌထပ်ဆင့်ပူဇော်



ရန်ကုန် မေ ၂

၂၀၂၃ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရက ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော် ရရှိတော်မူသော ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ငါးထပ်ကြီးမြောက်ရပ်ကွက် နန္ဒာအောင်မြေကျောင်း ဦးစီးပဓာန နာယကဆရာတော်ဒေါက်တာဘဒ္ဒန္တနိမလ အရှင်သူမြတ်အား ထပ်ဆင့်ပူဇာဂုဏာဝိသိဋ္ဌ အလှူတော်မင်္ဂလာကို မေ ၁ ရက်က ဒေးဒရဲမြို့နယ် သုံးထပ်အုပ်စု တံတားချောင်းကျေးရွာ မဟာဗောဓိကျောင်း၌ ကျင်းပသည်။

ဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆိုပူဇော်၍ အခမ်းအနားဖွင့်လှစ်ပြီး အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဦးမင်းကြည် (ဓမ္မာစရိယ B.A) ရေးသားပူဇော်အပ်သော အဘိယာစကာဂါထာဖြင့် ပူဇော်ကာ ဆရာတော်အား ပင့်ဆောင်သည်။ ဆက်လက်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ကွမ်းခြံကုန်းမြို့ ချမ်းမြေ့သာယာကျောင်း ဆရာတော် ဘဒ္ဒန္တဝိရောစနထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တနိမလ ထေရုပ္ပတ္တိအကျဉ်းကို ဖတ်ကြားပူဇော်ကာ အလှူရှင်များက လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဖျာပုံခရိုင် စီမံအုပ်ချုပ်ရေးမှူး ဦးတင်လင်းနှင့်အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး နိုင်လင်း၊ ဒေးဒရဲမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဗိုလ်မှူး မွန်မြတ်သူစိုးတို့က ဆရာတော်အား ဘွဲ့တံဆိပ်တော် ထပ်ဆင့်ဆက်ကပ်လှူဒါန်းသည်။(အပေါ်ပုံ) ထို့နောက် ဖျာပုံခရိုင် စီမံအုပ်ချုပ်ရေးမှူးက သာသနာရေးရာများ လျှောက်ထား၍ ဒေါက်တာဥတ္တမသီရိက အနုမောဒနာတရားဟောကြားပြီး ရေစက်ချအမျှပေးဝေကြောင်း သိရသည်။

အာကာစိုး

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

နေပြည်တော် မေ ၂

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။




ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ ပခန်းကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ မဟာစကြာကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ပုဗ္ဗာရုံကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဇေယျာမြိုင်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ်ရှိ ကျုံစုရွှေရင်အေးကျောင်းတိုက်နှင့် အင်းစိန်မြို့နယ်ရှိ ရွှာမပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ နမ့်ချပ်ကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ ဆေးဝင်္ဘာကျောင်းတိုက်(ဝဲပုံ)၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ ပုညဝတီကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ ပြည်ကျောင်းတိုက်နှင့် မဟာအောင်မြေမြို့နယ်ရှိ ပေါင်းလဲကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ ရတနာသိင်္ဂီခရမ်းကျောင်းတိုက်နှင့် ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ ဓမ္မသုခကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## နယ်စပ်ရေးရာဝန်ကြီးဌာနက မိတ္ထီလာခရိုင်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ၊ ကြက်ဥများ ဆက်ကပ်လှူဒါန်း

နေပြည်တော် မေ ၂

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မိတ္ထီလာခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမင်းထွန်းနှင့် ဝန်ထမ်းများသည် ယမန်နေ့နံနက်ပိုင်းတွင် မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် တောမကျေးရွာအုပ်စု တောမကျေးရွာ အောင်သိမ်တော်ကျောင်းတိုက်ရှိ သံဃာတော်များ၊ စာသင်သားသာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ၊ ကြက်ဥနှင့် အခြားစားသောက်ဖွယ်ရာများအား အောင်သိမ်တော် ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ နိုင်ငံတော်သံဃသမ္မုတိ၊ မြို့နယ်သံဃာ့ဝန်ဆောင် ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တဝိဇ္ဇာနထံ ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။ သတင်းစဉ်



# တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ယူနန်ပြည်နယ် ပါတီကော်မတီအတွင်းရေးမှူး မစ္စတာ ဝမ်နင် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ အလုပ်သဘော ခရီးစဉ်ရောက်ရှိ

**နေပြည်တော် ဧပြီ ၂**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၏ ဖိတ်ကြားချက်အရ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ယူနန်ပြည်နယ် ပါတီကော်မတီအတွင်းရေးမှူး မစ္စတာ ဝမ်နင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ ဧပြီ ၁ ရက်မှ ၃ ရက်အထိ အလုပ်သဘော ခရီးစဉ်လာရောက်ခဲ့သည်။

အဆိုပါ ခရီးစဉ်အတွင်း ယနေ့ ညနေပိုင်းတွင် နေပြည်တော် Horizon Lake View ဟိုတယ်၌ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ယူနန်ပြည်နယ် ပါတီကော်မတီအတွင်းရေးမှူးတို့၏ ရှေ့မှောက်တွင် မြန်မာနိုင်ငံနှင့် ယူနန်ပြည်နယ်အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်နှင့် နားလည်မှု စာချွန်လွှာများဖြစ်သည့် ဆန်စပါးထောက်ပံ့ရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်၊ ဓာတ်မြေသြဇာ ထောက်ပံ့ရေးပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်၊ ကျောက်ဖြူ အနာဂတ် ရွှေလျားဆေးခန်း စီမံကိန်း သဘောတူညီချက်၊ မြန်မာနိုင်ငံမှ စိုက်ပျိုးကုန်များ တင်ပို့ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ တာပိန်(၁) ရေအားလျှပ်စစ်စခန်း သဘောတူညီချက်တို့ကို လက်မှတ်ရေးထိုး လဲလှယ်ကြသည်။ **(ယာပုံ)**




**တက်ရောက်**

အဆိုပါ သဘောတူစာချုပ်များ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာနနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနတို့မှ ပြည်ထောင်စု ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**တည်ခင်းဧည့်ခံ**

ထို့နောက် မစ္စတာ ဝမ်နင် ဦးဆောင်သည့် တရုတ်ကိုယ်စားလှယ်အဖွဲ့နှင့် ပြည်ထောင်စုဝန်ကြီးများသည် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

❍ *ရှေ့ဖုံးမှ*

"ဒီပန်းနှမ်းကို ပြည်တွင်းပြည်ပက ဝယ်ယူကြကာ ပြည်တွင်းမှာတော့ ဆီကြိတ်ပြီး တချို့မုန့်လုပ်ငန်းတွေမှာ အကြော်ဆီအနေနဲ့ အသုံးပြုကြတယ်။ ပြည်ပနိုင်ငံတွေမှာတော့ ဆီအဖြစ်ထုတ်လုပ်ပြီး စားသုံးရုံသာမက အလှကုန်ပစ္စည်းနဲ့ ဆေးဝါးထုတ်လုပ်တဲ့နေရာတွေမှာလည်း အသုံးပြုကြတယ်လို့ သိရပါတယ်။ ဒါကြောင့် ဒေသခံရှမ်းတိုင်းရင်းသား တောင်သူတွေအနေနဲ့ သူတို့အတွက် အဓိကဝင်ငွေရရှိစေနိုင်တဲ့ သီးနှံအဖြစ် ပိုမိုတိုးချဲ့စိုက်ပျိုးလာကြပါတယ်။ မနှစ်က ဈေးထက်စာရင် ဒီနှစ်မှာတစ်ဆကျော်မြင့်တက်ပြီး ဈေးကောင်းရရှိနေပါတယ်။ ဈေးနှုန်းတွေ တက်သော်လည်း ဝယ်ယူမှုတွေရပ်တန့်မသွားပါဘူး။ ဒီဇင်ဘာလရာသီမှာ ရှမ်းပြည်နယ်ဒေသတွေမှာတော့ အဝါရောင်ပန်းနှမ်းခင်းတွေကို ပန်းချီကားတစ်ချပ်လို လှပစွာ မြင်တွေ့နိုင်ပါတယ်"ဟု မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။

အဆိုပါ ပန်းနှမ်းသည် တစ်နှစ်ကို တစ်ရာသီသာ ဆောင်းသီးနှံအဖြစ် စိုက်ပျိုးနိုင်ပြီး ပြည်ပဝင်ငွေရှာဖွေပေးသည့် နှမ်းသီးနှံဖြစ်သည့်အပြင် တောင်ပေါ်ဒေသများ၌သာ စိုက်ပျိုးဖြစ်ထွန်းကာ ထွက်ရှိလာကြောင်း၊ ၎င်းပန်းနှမ်းကို ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ (တောင်ပိုင်း)ဒေသများ၊ ကယားပြည်နယ်၊ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းဒေသတို့တွင် အဓိကစိုက်ပျိုးကြကြောင်း၊ ဒီဇင်ဘာလတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် (တောင်ပိုင်း) တစ်ခွင်၌ အဝါရောင်ပန်းနှမ်းခင်းများအား ရှမ်းတောင်တန်းကြီးများနှင့် ယှဉ်တွဲ၍ ပန်းချီကားတစ်ချပ်ပမာ မြင်တွေ့နိုင်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ထိုင်း - မြန်မာနယ်စပ်မှ ပြန်လည်ဝင်ရောက်လာသည့် ရွှေ့ပြောင်းလုပ်သားများအတွက် အလုပ်အကိုင်များ ချိတ်ဆက်ပေးနိုင်ရန် အရှိန်မြှင့်ဆောင်ရွက်

**ရန်ကုန် ဧပြီ ၂**

ကုန်သည်စက်မှုအသင်းချုပ် အထွေထွေအတွင်းရေးမှူးချုပ် ဒေါ်ခိုင်ခိုင်နွယ်သည် ၂၀၂၃ ခုနှစ် မတ် ၂၉၊ ၃၀၊ ၃၁ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် လုပ်ငန်းခွင်အခြေပြု ဘက်စုံစေတနာ့ဝန်ထမ်း (ငှက်ဖျား) မွမ်းမံသင်တန်း အောင်မြင်စွာပြီးစီးခဲ့ပြီး သုံးရက်တာကာလအတွင်း International Organization for Migration၊ မွန်ပြည်နယ် ကုန်သည်စက်မှုအသင်း၊ ကရင်ပြည်နယ် ကုန်သည်စက်မှုအသင်းတို့နှင့် တွေ့ဆုံခဲ့၍ ရွှေ့ပြောင်းလုပ်သားကိစ္စရပ်များအပါအဝင် ပုဂ္ဂလိကကဏ္ဍရှိအခက်အခဲများကို ကျော်လွှားနိုင်ရေးအတွက် အလေးထား ဆွေးနွေးခဲ့ကြသည်။ **(အောက်ပုံ)**

IOM Chief of Mission, Mr.Dragan Aleksoski ဦးဆောင်သောအဖွဲ့နှင့် ဆွေးနွေးရာတွင် ကုန်သည်စက်မှုအသင်းချုပ်၊ ညီနောင်အသင်းအဖွဲ့များနှင့် ထိုင်း – မြန်မာ နယ်စပ်မှ ရွှေ့ပြောင်းလုပ်သားများ၏ အခြေအနေ၊ ရွှေ့ပြောင်းလုပ်သားများအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိခြင်း၊ အိုင်အိုအမ်အနေဖြင့် ဘေးကင်းလုံခြုံသော စနစ်တကျ တရားဝင် ရွှေ့ပြောင်းသွားလာခြင်းကို တိုးမြှင့်လုပ်ဆောင်လာစေရန် အားပေးဆောင်ရွက်လျက်ရှိခြင်း၊ ကုန်သည်စက်မှုအသင်းချုပ်အနေဖြင့် ရွှေ့ပြောင်းလုပ်သားများအတွက် ကျွမ်းကျင်မှုမြှင့်တင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိခြင်း၊ ရွှေ့ပြောင်းလုပ်သားနှင့် ၎င်းတို့၏ မိသားစုလူမှုအသိုင်းအဝိုင်းတို့အတွက်လည်း ပုဂ္ဂလိကကဏ္ဍနှင့်ပူးပေါင်းဆောင်ရွက်ရာတွင် ပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုပေးသူများအနေဖြင့် ကျင့်ဝတ်နှင့်အညီ လုပ်သားစုဆောင်းမှု ကျင့်သုံးလုပ်ကိုင်လာစေရေးတို့ကို ဆွေးနွေးခဲ့ကြသည်။



မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် ကုန်သည်စက်မှုအသင်းများမှ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံရာတွင် ပုဂ္ဂလိကကဏ္ဍပိုင်းတွင် လိုအပ်နေသည့် ကျွမ်းကျင်မှုနယ်ပယ်များတွင် ပြန်လာသည့် ရွှေ့ပြောင်းလုပ်သားများအား အသိပေးချိတ်ဆက်ခြင်းဖြင့် နှစ်ဦးနှစ်ဖက် အကျိုးရှိနိုင်ရေး၊ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာသည့် ရွှေ့ပြောင်းလုပ်သားများနှင့် မိသားစုများအတွက်လည်း တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်နိုင်ရန်အတွက် ထောက်ပံ့ပေးနိုင်ရေး၊ လုပ်သားရွှေ့ပြောင်းမှုနှင့် အတူ ကူးစက်ရောဂါများဆိုင်ရာ အသိပညာပေးခြင်း၊ ပုဂ္ဂလိကကဏ္ဍလုပ်ငန်းရှင်များကိုလည်း ရွှေ့ပြောင်းလုပ်သားများဆိုင်ရာ အသိပညာပေးခြင်းအပြင် လက်ဆင့်ကမ်း အသိပညာမျှဝေပေးနိုင်ရေး၊ ပုဂ္ဂလိကကဏ္ဍ လုပ်ငန်းရှင်များ၏ အကြံဉာဏ်နှင့်ပူးပေါင်းဆောင်ရွက်မှုများလိုအပ်လျက်ရှိခြင်းတို့ကို ဆွေးနွေးခဲ့သည့်အပြင် အသေးစား၊ အငယ်စား၊ အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ညီနောင်အသင်းအဖွဲ့များအနေဖြင့် Corporate Social Respon–sibilities လုပ်ငန်းများတွင် ပါဝင်လာစေရေးနှင့် Governance Guidelines များကို လိုက်နာကျင့်သုံးစေရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

**အောင်မြင့်(ပြန်/ဆက်)**

❖ *ရှေ့ဖုံးမှ*

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဧပြီ ၃ ရက်မှ ဧပြီ ၉ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၄၅၄၅ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# သာယာဝတီခရိုင်အတွင်း စားရေရိက္ခာဖူလုံရေးနှင့် တစ်သီးစိုက်မှ နှစ်သီး၊ သုံးသီး တိုးမြှင့်စိုက်ပျိုးနိုင်ရေး ဌာနဆိုင်ရာများနှင့်တွေ့ဆုံ

**သာယာဝတီ မေ ၂**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် မေ ၁ ရက် က သာယာဝတီမြို့ ဆရာစံခန်းမ၌ ပဲခူးတိုင်း(အနောက်ခြမ်း)တွင် စားရေရိက္ခာဖူလုံရေးနှင့် တစ်သီးစိုက်မှ နှစ်သီး၊ သုံးသီး တိုးမြှင့်စိုက်ပျိုးနိုင်ရေး ဌာနဆိုင်ရာများနှင့် တွေ့ဆုံခဲ့သည်။(ယာပုံ)



**ကြိုးစားဆောင်ရွက်**

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပဲခူးတိုင်း(အနောက်ခြမ်း) တွင် တစ်သီးစိုက်ကေများအား ကျေးရွာအုပ်စုအလိုက် Google Map ဖြင့် မြေပုံရေးဆွဲ၍ စိုက်ပျိုးရေရရှိရေးကို နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်ပေးမှသာ နှစ်သီးစိုက်နှင့် သုံးသီးစိုက်ကေများ တိုးတက်လာမည်ဖြစ်ကြောင်း၊ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးရေးကဏ္ဍနှင့် မွေးမြူရေးကဏ္ဍတို့ကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်သကဲ့သို့ မျိုးကောင်းမျိုးသန့်ရရှိရေး၊ စနစ်ကျလယ်ယာမြေများ ဖော်ထုတ်ပေးခြင်း၊ စိုက်ပျိုးရေရရှိရေးနှင့် စိုက်နည်းစနစ်မှန်ကန်စေရေးတို့ကို ကူညီပံ့ပိုး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တောင်သူလယ်သမားများအနေဖြင့် မိရိုးဖလာ စိုက်ပျိုးနေမှုကို ပြောင်းလဲစိုက်ပျိုးနိုင်ရေး အသိပညာပေးခြင်းများအပြင် မြေပြင်ကွင်းဆင်း၍ စံပြစိုက်ခင်းများ စိုက်ပျိုးပြသပေးရမည်ဖြစ်ကြောင်း၊ တောင်သူများအတွက် ပြည်ပဈေးကွက်ဝင်ရှိပြီး သက်တမ်းတို အထွက်နှုန်းကောင်းသည့် စပါးမျိုးများ၊ မြေပဲစိုက် တောင်သူများအတွက် အထွက်နှုန်းကောင်းသော မြေပဲမျိုးများ အဓိကပြောင်းလဲစိုက်ပျိုးသွားရမည် ဖြစ်ကြောင်း၊ မိုးရေချိန်နည်းသည့် ဒေသများတွင် ရေအနည်းလို စပါးမျိုးများ၊ ရေငန်ဝင်ရောက်သည့် ဒေသများတွင် ရေငန်ဒဏ်ခံစပါးမျိုးများ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း၊ မြို့နယ်အလိုက် နှစ်စဉ် ကြဲခင်းစနစ်များအား လျှော့ချ၍ အစေ့ချစနစ်၊ ပျိုးထောင်စနစ်များဖြင့် တိုးချဲ့စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့များက ကွင်းဆင်းစိစစ် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဆီဖူလုံမှု ပိုလျှံစေရေး နေကြာမျိုးစေ့များ အခမဲ့ဖြန့်ဝေပေးသွားမည် ဖြစ်ပြီး ပုဂ္ဂလိက ပျားမွေးမြူသူများနှင့်လည်း ချိတ်ဆက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မြို့နယ်အလိုက် အသားကဏ္ဍဖူလုံပိုလျှံမှုရှိစေရေး နှစ်အလိုက် လျာထားချက်များအပေါ် အမှန်တကယ် အကောင်အထည်ဖော် မွေးမြူဆောင်ရွက်သွားရမည် ဖြစ်ပြီး စာရင်းဇယားအချက်အလက်များ မှန်ကန်မှု ရှိစေရေး အလွန်အရေးကြီးကြောင်း၊ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ အစီအစဉ်ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSMEs လုပ်ငန်းများအား အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရန် အားလုံးပူးပေါင်း ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားခဲ့သည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူးတို့က ခရိုင်အလိုက် စားရေရိက္ခာဖူလုံရေးနှင့် တစ်သီးစိုက်မှ နှစ်သီး၊ သုံးသီးတိုးတက်စိုက်ပျိုးနိုင်ရေး လုပ်ငန်းစီမံချက်များအား ရှင်းလင်းတင်ပြရာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သောင်းထိုက်နှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သာယာဝတီမြို့ရှိ ထွန်းအမှတ်တံဆိပ် ပါ ရွှေကျွန်းကြီးပဲလှော်ဖိုသို့ ရောက်ရှိခဲ့ပြီး ထုပ်ပိုးမှုစနစ် အဆင့်မြှင့်တင်နိုင်ရေး၊ FDA ထောက်ခံချက်ရရှိရေး၊ နည်းပညာနှင့်Packaging စက်ပစ္စည်းရရှိရေး၊ ချေးငွေရရှိရေးတို့အား ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ထို့နောက် သာယာဝတီမြို့တွင် မြန်မာနိုင်ငံ အနှံ့အပြားသို့ Gasifire (စွန့်ပစ်စပါးခွံသုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစက်) ကိုယ်တိုင်ထုတ်လုပ် ရောင်းချလျက်ရှိသည့် ဦးတင်စိုး၏ (သန်းမိသားစု) ဆန်စက်နှင့် စက်မှုလက်မှုလုပ်ငန်းအလုပ်ရုံသို့ သွားရောက်ခဲ့ပြီး စပါးအခြောက်ခံစက်နှင့် Gasifire ထုတ်လုပ်နေမှုအား ကြည့်ရှုအားပေးခဲ့ပြီး Gasifire ဖြင့် တန် ဖ၀ ကျ ဆန်စက်လည်ပတ်နေမှုကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**



## ရွှေတောင်မြို့နယ် သမဝါယမအသင်းစုလီမိတက်ပိုင် ဆီစက်က နေကြာနှင့် မြေပဲဆီများ ကြိတ်ခွဲဖြန့်ဖြူး

**ရွှေတောင် မေ ၂**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် ကြာနီကန်ရပ်ကွက် ရုံးဖြတ်လမ်းရှိ မြို့နယ်သမဝါယမအသင်းစုလီမိတက်ပိုင်ဆီစက်သည် နေကြာနှင့် မြေပဲများကို ကြိတ်ခွဲလျက်ရှိသည်။ ဆီကြိတ်ခွဲမှုအတွက် လိုအပ်သော ကုန်ကြမ်းများကို ရွှေတောင်မြို့နယ်အတွင်းနှင့် ပြည်မြို့ရှိ ပွဲရုံများမှ ဝယ်ယူရရှိပြီး ကုန်ချောထုတ်လုပ်မှုအနေဖြင့် တစ်လလျှင် နေကြာဆီ ပိဿာချိန် ၂၃၄ ပိဿာနှင့် မြေပဲဆီပိဿာချိန် ၅၁၃ ပိဿာထွက်ရှိသည်။ ထွက်ရှိလာသော နေကြာဆီနှင့် မြေပဲဆီများကို ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်သမဝါယမအသင်းစုများနှင့် ချိတ်ဆက်၍ ဌာနဆိုင်ရာဝန်ထမ်းများနှင့် စားသုံးသူပြည်သူများသို့ ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

◆ *ရှေ့ဖုံးမှ*

လက်ပန်ဇင်ကျေးရွာအုပ်စုများတွင် ၄၄၁၉ ဧက၊ အရှေ့ငယ်တိုး၊ လက်ပန်ဇင်၊ ငှက်ကတောင်၊ ရွှေဒါး၊ ရဲဘော်ကြီး ကျေးရွာအုပ်စုများတွင် ၁၂၈၆ ဧက၊ သင်္ဂတုံ၊ အရှေ့သာဂရ၊ ကလေး၊ မှိုင်းပန်၊ ပြည်တော်သာ၊ ရှမ်းတောင်ဦး၊ ပုထိုးနီ၊ ကုလားကျောင်းကျေးရွာအုပ်စုများတွင် ၂၂၇၇ ဧက၊ ရဲမအူ၊ စိုင်မလန်း၊ ကိုးပင်၊ အင်ရောင်း၊ ကလိုင်ကျော် ကျေးရွာအုပ်စုများတွင် ၁၁၈၁ ဧက၊ မင်းစု၊ စပယ်တော၊ ရွှေအင်း၊ လေးဆယ်ကုန်း၊ တောတွင်၊ မြေစိုပယ် ကျေးရွာအုပ်စုများတွင် ဧက ၂၉၀ စုစုပေါင်း ၁၁၇၆၅ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

## နောင်တရားမြို့၌ ယာယီတိုက်ပွဲရှောင်ပြည်သူများသို့ ထောက်ပံ့ငွေများ ဆက်လက်ထောက်ပံ့

**နောင်တရား မေ ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ပင်လောင်းမြို့နယ် နောင်တရားမြို့သို့ ယာယီတိုက်ပွဲရှောင်ရောက်ရှိနေသည့် ပြည်သူများသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ယနေ့နံနက်ပိုင်းတွင် ထောက်ပံ့ငွေများ ဆက်လက်ထောက်ပံ့ခဲ့သည်။



နောင်တရားမြို့ ရတနာရန်နိုင်စေတီတော်၌ ယာယီတိုက်ပွဲရှောင်သည့် ပြည်သူ ၄၃၄ ဦး၊ စန္ဒာခမ်းဘက်စုံဖွံ့ဖြိုးရေးကွင်း၌ ယာယီတိုက်ပွဲရှောင်သည့် ပြည်သူ ၁၀၀ တို့အတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင့်ဇော်ထက်နှင့် နောင်တရားမြို့ မြို့အုပ်ချုပ်ရေးမှူး ဦးအယ်လ်အောင်ဒင်မိုင်တို့က ယာယီတိုက်ပွဲရှောင်ပြည်သူများသို့ ထောက်ပံ့ငွေနှင့် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်သည်။ (အပေါ်ပုံ) ယာယီ နေရပ်စွန့်ခွာပြည်သူများ အခက်အခဲ မဖြစ်ပေါ်စေရန်အတွက် ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့က ထောက်ပံ့သည့် ထောက်ပံ့ငွေနှင့် အခြေခံစားသောက်ကုန်များကို ထောက်ပံ့ပေးလျက်ရှိကြောင်းသိရသည်။

**ခွန်အောင်(နောင်တရား)**

## လက်ပံတန်းမြို့နယ်၌ ပန်းခင်း(၂)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ လွှဲပြောင်းပေးအပ်




**လက်ပံတန်း မေ ၂**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ပန်းခင်း(၂)စီမံချက်ဖြင့် ဆောင်ရွက်ပေးခဲ့သော နိုင်ငံသားစိစစ်ရေးကတ်ပြားများ လွှဲပြောင်းပေးအပ်ပွဲကို ယမန်နေ့ နံနက်က လက်ပံတန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ရှေးဦးစွာ လက်ပံတန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းလှိုင်က အမှာစကားပြောကြားပြီး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးမိုးက ပန်းခင်းစီမံချက် ရည်ရွယ်ချက်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားကိုင်ဆောင်သူများ လိုက်နာရမည့်အချက်များကို ရှင်းလင်းပြောကြားပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဘုန်းလှိုင်နှင့် မြို့နယ်ဦးစီးမှူး ဦးကျော်စိုးမိုးတို့က ရှမ်းစုကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့်ပြည်သူများထံသို့ နိုင်ငံသား စိစစ်ရေးကတ်ပြား ၃၂ ကတ်ကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။(ဝဲပုံ) **မြို့နယ်(ပြန်/ဆက်)**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲ ဖြေဆိုနေသော သံဃာတော်များအား အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်း

**မြစ်ကြီးနား ဧပြီ ၂**

၂၀၂၃ ခုနှစ် ကချင်ပြည်နယ် ဓမ္မာစရိယစာမေးပွဲနှင့် ပါဠိပထမပြန်စာမေးပွဲကို မတ် ၂၁ ရက်မှ ဧပြီ ၄ ရက်အထိ ပြည်နယ်အတွင်းရှိ စာဖြေဌာနအလိုက် ကျင်းပပြုလုပ်လျက်ရှိရာ မြစ်ကြီးနားမြို့ သာသနာ့ဗိမ္မာန်တော်၌ ဖြေဆိုနေသော သံဃာတော်များအား ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် တာဝန်ရှိသူများနှင့်အတူ ဧပြီ ၁ ရက် မွန်းလွဲပိုင်းက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ထို့သို့ ဆက်ကပ်လှူဒါန်းရာတွင် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် မြစ်ကြီးနားစာဖြေဌာန၌ အစိုးရဓမ္မာစရိယ စာမေးပွဲဖြေဆိုနေသော သံဃာတော် ၁၁ ပါးနှင့် ပါဠိပထမပြန်စာမေးပွဲဖြေဆိုနေသော သံဃာတော် ၁၁ ပါးတို့ကို ဝန်းသိုကျောင်းတိုက်ဆရာတော် ဦးဆောင်သော အထူးကြီးကြပ်နှင့် ကြီးကြပ်ရေး ဆရာတော်များအား ဖူးမြော်ကြည်ညိုပြီး စာမေးပွဲဆိုင်ရာကိစ္စရပ်များ မေးမြန်းလျှောက်ထားကာ စာဖြေဆရာတော်များအတွက် အချိုရည်၊ မုန့်များနှင့် အလှူငွေကျပ် သိန်း ၅၀ ကို ပေးအပ်လှူဒါန်းသည်။ **(အောက်ပုံ)**

အဆိုပါ ၂၀၂၃ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲနှင့် ပါဠိပထမပြန်စာမေးပွဲများကို ပြည်နယ်အတွင်းရှိ မြို့နယ်များအလိုက် စာဖြေဌာနများ ဖွင့်လှစ်ကျင်းပလျက်ရှိရာ မြစ်ကြီးနားနှင့် ဗန်းမော်စာဖြေဌာနတို့တွင် သံဃာတော်များနှင့် သီလရှင်ဆရာကြီး ၂၂ ပါး ဖြေဆိုလျက်ရှိပြီး ပါဠိပထမပြန်စာမေးပွဲကို မြစ်ကြီးနား၊ မိုးကောင်း၊ မိုးညှင်း၊ ဖားကန့်၊ ဗန်းမော်၊ ရွှေကူ စာဖြေဌာနတို့တွင် သံဃာတော်နှင့် သီလရှင်ဆရာကြီး ၆၆ ပါး ဝင်ရောက်ဖြေဆိုလျက်ရှိသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်စီမံမှုဖြင့် မြစ်ကြီးနားမြို့ရှိ အားကစားကွင်းများ၊ မိုးလုံလေလုံအားကစားခန်းမများ၊ အားကစားကလပ်များတွင် ၂၀၂၃ ခုနှစ် နွေရာသီ အားကစားသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ပြည်နယ်ပြည်သူ့အားကစားကွင်းရှိ မိုးလုံလေလုံ အားကစားခန်းမများ၌ လက်ဝှေ့သင်တန်း၊ အမျိုးသား/ အမျိုးသမီး ဘော်လီဘောသင်တန်း၊ ကရာတေးနှင့် တိုက်ကွမ်ဒိုသင်တန်းများ ဖွင့်လှစ်သင်ကြားနေမှုအား သင်တန်းသား သင်တန်းသူများ တက်ရောက်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး အားကစားနည်းအလိုက် နည်းပြများနှင့် သင်တန်းသား သင်တန်းသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့အပြင် ပြည်နယ်ဝန်ကြီးချုပ်သည် မြစ်ကြီးနားမြို့ သီတာရပ်ကွက် ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနဝင်းရှိ မနောရောရေကူးကန်၌ ရေကူးသင်တန်း ဖွင့်လှစ်သင်ကြားပေးနေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**






# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင် တပ်ကုန်းမြို့နယ်အတွင်းရှိ သက်တော်ရှည်ဆရာတော် ဘဒ္ဒန္တ စန္ဒသီရိအား သွားရောက်ဖူးမြော်ကြည်ညို

**တပ်ကုန်း ဧပြီ ၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် အနေဝ်ရထာရပ်ကွက် မြို့ရှေ့ စန္ဒာရုံကျောင်းတိုက်ရှိ သက်တော်ရှည်ဆရာတော် ဘဒ္ဒန္တစန္ဒသီရိ (အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက အဂ္ဂမဟာပဏ္ဍိတ) အား နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးတင်ဦးလွင်သည် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့်အတူ ဧပြီ ၂ ရက် မွန်းလွဲ ၂ နာရီခွဲက သွားရောက်ဖူးမြော်ကြည်ညိုခဲ့သည်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က ဆရာတော်ကြီးထံ သင်္ကန်းများ ဆက်ကပ်ပူဇော်ပြီး သာသနာရေးရာဆိုင်ရာများ လျှောက်တင်ခဲ့သည်။ **(အပေါ်ပုံ)** ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေးက မြို့နယ်အတွင်း ယဉ်ကျေးလိမ္မာသင်တန်းဖွင့်လှစ်မှုအခြေအနေများ ရှင်းလင်းတင်ပြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က ဆရာတော်ကြီးထံ နိဗ္ဗာန်ပေါက်လမ်းစဉ်ဆောင်ရွက်သည့် "လမ်းဆုံ လမ်းခွ လူ့ဘဝ" ဗီနိုင်းများ ဆက်ကပ်ပြီးနောက် ဆရာတော်ကြီး၏ သက်တော်ကို ကြည်ညိုသောအားဖြင့် ပန်းပေါင်းစုံဘုရား ၉၈ ဆူ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**

# ရေဦးမြို့၌ နွေရာသီ အခြေခံအင်္ဂလိပ်စာသင်တန်း ဖွင့်လှစ်သင်ကြားလျက်ရှိ

**ရေဦး ဧပြီ ၂**

နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း လူငယ်များဖွံ့ဖြိုးတိုးတက်စေရေးနှင့် အချိန်ကို အကျိုးရှိစွာ အသုံးချနိုင်စေရေးအတွက် ရည်ရွယ်ပြီး ရေဦးမြို့နယ် ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ နွေရာသီ အခြေခံအင်္ဂလိပ်စာ Grammar သင်တန်း ဖွင့်လှစ် သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ဖွင့်လှစ်သင်ကြားရာတွင် အင်္ဂလိပ်စာ၏ အခြေခံဖြစ်သော Tense ၁၂ မျိုး၊ ဝါစင်္ဂ ရှစ်မျိုးနှင့် အဓိပ္ပာယ်၊ Active Passive ပြောင်းလဲရေးသားနည်း၊ အငြင်းဝါကျ၊ မေးခွန်းဝါကျ တည်ဆောက်နည်းနှင့် အခြားသဒ္ဒါပိုင်းများကို မတ် ၁၉ ရက်မှစတင်ကာ နေ့စဉ် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ စနစ်တကျ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

"နွေရာသီ ကျောင်းပိတ်ရက်ကာလအတွင်းမှာ ကလေးငယ်တွေ၊ ကျောင်းသား ကျောင်းသူတွေအနေနဲ့ အချိန်ကိုအကျိုးရှိရှိ အသုံးချတတ်စေဖို့ အင်္ဂလိပ်စာသဒ္ဒါကို အခြေခံကနေစပြီး နားလည် တတ်မြောက်စေဖို့ စတဲ့ရည်ရွယ်ချက်တွေနဲ့ ကျွန်မတို့က ဒီအခြေခံ အင်္ဂလိပ်စာ Grammar သင်တန်းကို ရွေးချယ် ဖွင့်လှစ်သင်ကြားပေးခဲ့တာ ဖြစ်ပါတယ်။ အင်္ဂလိပ်စာ Grammar သင်တန်းကိုတော့ အထက်တန်းဆင့်နဲ့ အလယ်တန်းအဆင့်တွေကိုပဲ သင်ကြားပေးခဲ့တာဖြစ်ပြီး မူလတန်းအဆင့် ကလေးတွေအတွက်ကိုလည်း အခြေခံပန်းချီရေးဆွဲနည်းသင်တန်းကို မတ် ၂၇ ရက်ကနေ ၃၁ ရက်အထိ ကျောင်းသား ကျောင်းသူ ၂၀ နဲ့ ငါးရက်ကြာ ဖွင့်လှစ်သင်ကြားပေးခဲ့ပါတယ်" ဟု ရေဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူက ပြောကြားသည်။

အဆိုပါ နွေရာသီအခြေခံ အင်္ဂလိပ်စာ Grammar သင်တန်းအား မတ် ၁၉ ရက်မှ ဧပြီ ၇ ရက်အထိ ရက် ၂၀ ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည် ဖြစ်ပြီး ကျောင်းသား ကျောင်းသူ ၃၇ ဦး တက်ရောက် သင်ကြားလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် ဧပြီ ၂**

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်နှင့် မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ တောင်တွင်းကြီးမြို့၊ ဆင်ဖြူကျွန်းမြို့၊ ပြည်မြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ဘူးသီးတောင်မြို့တွင် ၀ ဒသမ ၈၃ လက်မ၊ ပင်လောင်းမြို့တွင် ၀ ဒသမ ၇၉ လက်မ၊ ပူတာအိုမြို့နှင့် တီးတိန်မြို့တို့တွင် ၀ ဒသမ ၇၁ လက်မစီ၊ ပလက်ဝမြို့နှင့် တွန်းဇံမြို့တို့တွင် ၀ ဒသမ ၅၉ လက်မစီ၊ မချမ်းဘောမြို့နှင့် ဖလမ်းမြို့တို့တွင် ၀ ဒသမ ၅၅ လက်မစီ၊ ဟားခါးမြို့တွင် ၀ ဒသမ ၅၁ လက်မနှင့် စစ်တွေမြို့တွင် ၀ ဒသမ ၄၇ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# ဂွမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ ဒေါင့်ချောင်းကျေးရွာ စာသင်ကျောင်းအတွက် သင်ထောက်ကူပစ္စည်းများ ပေးအပ်

**ဂွ ဧပြီ ၂**

ရခိုင်ပြည်နယ် ဂွမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇာနည်ကျော်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များသည် ဧပြီ ၁ ရက် နံနက် ၁၀ နာရီက ဒေသဖွံ့ဖြိုးရေးအတွက် ဒေါင့်ချောင်းကျေးရွာရှိ ပြည်သူများနှင့် တွေ့ဆုံခဲ့ပြီး စာသင်ကျောင်းအတွက် သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါတွေ့ဆုံပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇာနည်ကျော်က ဒေသဖွံ့ဖြိုးရေးနှင့် ပတ်သက်၍လည်းကောင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင်များဖြစ်သည့် ဗိုလ်မှူးသန့်ဇင်အောင်က လုံခြုံရေးနှင့်ပတ်သက်၍လည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှ ရဲမှူးခင်မောင်ထွန်းက အကြမ်းဖက်ဥပဒေ၊ ဆက်သွယ်ရေးဥပဒေတို့နှင့် ပတ်သက်၍လည်းကောင်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဂွမြို့နယ်ဦးစီးမှူး ဦးခင်မောင်ရီက တရားမဝင်ဘင်္ဂါလီများ သယ်ဆောင်ခြင်းနှင့်ပတ်သက်၍လည်းကောင်း၊ မြို့မိမြို့ဖ ဦးလှတင့်က ဒေသလိုအပ်ချက်များနှင့်ပတ်သက်၍လည်း ကောင်း အသီးသီးဆွေးနွေးပြောကြားခဲ့ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ကျေးရွာစာသင်ကျောင်းအတွက် လိုအပ်သော သင်ထောက်ကူပစ္စည်းများကို သက်ဆိုင်ရာတာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

**ရွှေရည်ဝင်းကျော်(ပြန်/ဆက်)**



# မူပိုင်ခွင့်ဆိုင်ရာအငြင်းပွားမှုများအတွက် မူပိုင်ခွင့်တရားရုံး

တင်နွယ်စိုး

မြန်မာနိုင်ငံတွင် ဉာဏပစ္စည်းမူပိုင်ခွင့်များ အကာအကွယ်ပေးရန် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဥပဒေ၊ စာပေအနုပညာမူပိုင်ခွင့်ဥပဒေ၊ တီထွင်မှု မူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေတို့ ပြဋ္ဌာန်းပြီးဖြစ်ပါသည်။ ၂၀၁၉ ခုနှစ် ပြည်ထောင်စုဥပဒေအမှတ် ၃ ဖြင့် ပြဋ္ဌာန်းခဲ့သည့် ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေသည် ၂၀၂၃ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် စတင်အာဏာတည်ပြီဖြစ်ပါသည်။

မူပိုင်ခွင့် အကာအကွယ်ပေးသည့် စနစ်သစ်တွင် ပေါ်ပေါက်လာမည့် မူပိုင်ခွင့်ဆိုင်ရာ အငြင်းပွားမှုများကို စီရင်ဆုံးဖြတ်မည့် မူပိုင်ခွင့်တရားရုံးများသည်လည်း အရေးကြီးသည့် အခန်းကဏ္ဍတစ်ရပ်အဖြစ် ပါဝင်လာခဲ့ပါသည်။

**မူပိုင်ခွင့်တရားရုံးများနှင့် စီရင်ပိုင်ခွင့်**

**မူပိုင်ခွင့်တရားရုံး** ဆိုသည်မှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က မူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များကို စစ်ဆေးစီရင်ရန် ဥပဒေအရတည်ထောင်သော တရားရုံး သို့မဟုတ် မူပိုင်ခွင့်ရုံး၏ စီရင်ပိုင်ခွင့် အာဏာနှင့် လုပ်ပိုင်ခွင့်များ အပ်နှင်းထားသည့် တရားရုံးကို ဆိုလိုသည်။

မူပိုင်ခွင့်ဥပဒေများတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် သင့်လျော်သောနယ်မြေဒေသတွင် မူပိုင်ခွင့်တရားရုံးများ တည်ထောင်ခြင်း၊ တရားသူကြီးများခန့်အပ်ခြင်း၊ စီရင်ပိုင်ခွင့် အာဏာနှင့် လုပ်ပိုင်ခွင့်များအပ်နှင်းခြင်း၊ မူပိုင်ခွင့်တရားရုံးများကို တည်ထောင်ခြင်းမပြုမီ သင့်လျော်သော တရားရုံးအား မူပိုင်ခွင့်တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာအပ်နှင်းခြင်း၊ အယူခံမှု၊ ပြင်ဆင်မှုများအပေါ် စီရင်ပိုင်ခွင့်အာဏာ သတ်မှတ်ပေးခြင်း၊ စီမံခန့်ခွဲရေးအာဏာပိုင်၏ ဆုံးဖြတ်ချက်များအပေါ် တင်သွင်းသည့် လျှောက်ထားမှုများကို စစ်ဆေးစီရင်ရန် စီရင်ပိုင်ခွင့်အာဏာအပ်နှင်းခြင်းတို့ ဆောင်ရွက်ရန် ပြဋ္ဌာန်းထားပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေအရ စွဲဆိုမှုများကို စစ်ဆေးစီရင်ရန် သင့်လျော်သည့် နယ်မြေဒေသတွင် မူပိုင်ခွင့်တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များကို ၂၄-၃-၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာများဖြင့် အပ်နှင်းပြီးဖြစ်ပါသည်။

ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဆိုင်ရာ ရာဇဝတ်မှုများကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးများနှင့် ခရိုင်တရားရုံးများကလည်းကောင်း၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ချိုးဖောက်မှုဆိုင်ရာ တရားမမှုများနှင့် ယာယီအရေးယူဆောင်ရွက်ပေးရန် လျှောက်ထားမှုများကို ကျောက်တံတား ခရိုင်တရားရုံးက လည်းကောင်း၊ ရာဇဝတ်ဆိုင်ရာအယူခံ၊ ပြင်ဆင်မှုများကို တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များကလည်းကောင်း၊ တရားမဆိုင်ရာအယူခံ၊ ပြင်ဆင်မှုများနှင့် အေဂျင်စီ၏ ဆုံးဖြတ်ချက်အပေါ် လျှောက်ထားမှုများ၊ အကောက်ခွန်ဦးစီးဌာန၏ ဆုံးဖြတ်ချက်အပေါ် လျှောက်ထားမှုများကို ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်က လည်းကောင်း ဥပဒေ စတင်အာဏာတည်သည့်နေ့မှစ၍ ကျင့်သုံးဆောင်ရွက်မည်ဖြစ်ပါသည်။

အဆိုပါတရားရုံးများတွင် မူပိုင်ခွင့်ဆိုင်ရာအမှုများ ထိရောက်စွာ ဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် မူပိုင်ခွင့်ဆိုင်ရာ အထူးဌာနခွဲများထားရှိ၍ အမှုလက်ခံခြင်း၊ စီရင်ပိုင်ခွင့်ရှိတရားသူကြီးများက အမှုစစ်ဆေးစီရင်ခြင်းတို့ ဆောင်ရွက်မည်ဖြစ်ပါသည်။

**စစ်ဆေးစီရင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များ**

မူပိုင်ခွင့်တရားရုံးသည် အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုးဖောက်ခြင်းအတွက် အရေးယူဆောင်ရွက်ရာတွင် ဥပဒေတွင် အတိအလင်းပြဋ္ဌာန်းထားခြင်း မရှိလျှင် သက်သေခံအက်ဥပဒေ၊ ရာဇဝတ်ကျင့်ထုံးဥပဒေ၊ တရားမကျင့်ထုံးဥပဒေနှင့် အခြားစပ်ဆိုင်သည့် တည်ဆဲဥပဒေတို့ပါ ပြဋ္ဌာန်းချက်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ထုတ်ပြန်သည့် တရားစီရင်ရေးဆိုင်ရာ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာကျင့်သုံးမည် ဖြစ်ပါသည်။

**ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေအရ စွဲဆိုမှုများ စစ်ဆေးစီရင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် **"ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဥပဒေအရ စွဲဆိုမှုများ စစ်ဆေးစီရင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ"** ကို ၂၄-၃-၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ထားပြီးဖြစ်ပါသည်။

စီရင်ပိုင်ခွင့်ရှိ တရားရုံးများသည် သက်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များ၊ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေအရ စွဲဆိုမှုများ စစ်ဆေးစီရင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဆိုင်ရာ ရာဇဝတ်မှုများ၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ချိုးဖောက်မှုဆိုင်ရာ တရားမမှုများနှင့်

> ❖ တရားရုံးက တရားမအငြင်းပွားမှုများကို ထိရောက်မြန်ဆန်စွာ ဖြေရှင်းပေးရန်ရည်ရွယ်၍ စေ့စပ်ဖြေရှင်းရေး စမ်းသပ်အစီအစဉ်ကို အကောင်အထည်ဖော်ခဲ့ရာမှ တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်ကို ၂၀၂၂ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှ စတင်၍ တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးနှင့် ပြည်ထောင်စုနယ်မြေတို့တွင် စေ့စပ်ဖြေရှင်းရေးဌာနများ ဖွင့်လှစ်၍ ဆောင်ရွက်ပေးလျက်ရှိ

ယာယီအရေးယူ ဆောင်ရွက်ပေးရန် လျှောက်ထားမှုများ၊ အေဂျင်စီ၏ ဆုံးဖြတ်ချက်အပေါ် လျှောက်ထားမှုများ၊ အကောက်ခွန်ဦးစီးဌာန၏ ဆုံးဖြတ်ချက်အပေါ်လျှောက်ထားမှုများကို လက်ခံစစ်ဆေး ဆောင်ရွက်မည်ဖြစ်ပါသည်။

**မှုခင်းစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ**

ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဥပဒေအရ စွဲဆိုသည့် တရားမမှုများနှင့် ရာဇဝတ်မှုများတွင် ထိရောက်သော မှုခင်းစီမံခန့်ခွဲမှု ဆောင်ရွက်ရန် "မှုခင်းစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ" ကို လိုက်နာကျင့်သုံးမည်ဖြစ်ပါသည်။ အဆိုပါ လုပ်ထုံးလုပ်နည်းများကို ကျင့်သုံးခြင်းဖြင့် မှုခင်းများတွင် အငြင်းပွားမှုများကို မျှတစွာဖြေရှင်းခြင်း၊ အချိန်နှင့်တစ်ပြေးညီ စစ်ဆေးစီရင်နိုင်ခြင်း၊ မှုခင်းများ မကြန့်ကြာစေခြင်း စသည့် ရလဒ်များ ရရှိစေနိုင်မည် ဖြစ်ပါသည်။

**တရားရုံးက ဦးဆောင်၍ စေ့စပ်ဖြေရှင်းဆောင်ရွက်ခြင်း**

ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ချိုးဖောက်မှုဆိုင်ရာ တရားမမှုများသည် ကူးသန်းရောင်းဝယ်ရေး မှုခင်းအမျိုးအစားတွင် ပါဝင်ပါသည်။ အမှတ်တံဆိပ် အငြင်းပွားသူ ပုဂ္ဂိုလ်များအကြား ပေါ်ပေါက်လာသည့် အငြင်းပွားမှုများကို နှစ်ဦးနှစ်ဖက် ချစ်ကြည်စွာ ညှိနှိုင်းဖြေရှင်းခြင်းဖြင့်ဖြစ်စေ၊ အနုညာတ စီရင်ဆုံးဖြတ်ခြင်းဖြင့်ဖြစ်စေ၊ တရားစွဲဆိုခြင်းဖြင့် ဖြစ်စေ ဖြေရှင်းနိုင်ရန် ပြဋ္ဌာန်းထားပါသည်။

တရားရုံးက တရားမအငြင်းပွားမှုများကို ထိရောက်မြန်ဆန်စွာ ဖြေရှင်းပေးရန်ရည်ရွယ်၍ စေ့စပ်ဖြေရှင်းရေး စမ်းသပ်အစီအစဉ်ကို အကောင်အထည်ဖော်ခဲ့ရာမှ တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်ကို ၂၀၂၂ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှစတင်၍ တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးနှင့် ပြည်ထောင်စုနယ်မြေတို့တွင် စေ့စပ်ဖြေရှင်းရေးဌာနများဖွင့်လှစ်၍ ဆောင်ရွက်ပေးလျက်ရှိပါသည်။

ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ချိုးဖောက်မှုဆိုင်ရာ တရားမမှုများတွင် အမှုသည်များသည် အမှုစစ်ဆေးမှု မစတင်မီ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် စေ့စပ်ဖြေရှင်းရေးဌာနတွင် အငြင်းပွားမှုကို ကိုယ်တိုင်ပါဝင်ညှိနှိုင်း၍ သဘောတူညီချက်ရရှိခြင်းဖြင့် အချိန်တိုအတွင်း ကုန်ကျစရိတ်သက်သာစွာဖြင့် ဖြေရှင်းဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

**သက်သေများကို ဗီဒီယိုရုပ်မြင်သံကြားမြင်ကွင်းစနစ်ဖြင့် စစ်ဆေးခြင်း**

မူပိုင်ခွင့်ဆိုင်ရာ မှုခင်းများအတွက် စီရင်ပိုင်ခွင့်အပ်နှင်းထားသည့် သတ်မှတ်တရားရုံးများတွင် တရားရုံးသို့ မလာရောက်နိုင်သည့် ပြည်တွင်း၊ ပြည်ပမှ သက်သေများသည် တရားရုံးနည်းပညာ အသုံးပြု၍ သက်သေခံချက်ပေးနိုင်ပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဗီဒီယို သို့မဟုတ် ရုပ်မြင်သံကြားဆက်သွယ်မှုဖြင့် သက်သေခံချက်ရယူခြင်းနှင့် ဗီဒီယို သို့မဟုတ် ရုပ်မြင်သံကြား ဆက်သွယ်မှုမှတစ်ဆင့် သက်သေခံခွင့်ပြုရန် လျှောက်ထားခြင်းဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းဖြင့် မူပိုင်ခွင့်ဆိုင်ရာမှုခင်းများတွင် တရားရုံးအသုံးပြုသူများ တရားစီရင်ရေးကို ပိုမိုလက်လှမ်းမီစေခြင်း၊ စီစဉ်သတ်မှတ်ထားသည့်အတိုင်း စစ်ဆေးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါသည်။

ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် အကာအကွယ်ပေးသည့်စနစ်သစ်တွင် အငြင်းပွားမှုများအတွက် ပေါ်ပေါက်လာမည့် မူပိုင်ခွင့်တရားရုံးများ၏ အခန်းကဏ္ဍကို တင်ပြလိုက်ပါသည်။ ။

> ❒ မူပိုင်ခွင့်ဆိုင်ရာမှုခင်းများအတွက် စီရင်ပိုင်ခွင့်အပ်နှင်းထားသည့် သတ်မှတ်တရားရုံးများတွင် တရားရုံးသို့ မလာရောက်နိုင်သည့် ပြည်တွင်း၊ ပြည်ပမှ သက်သေများသည် တရားရုံးနည်းပညာ အသုံးပြု၍ သက်သေခံချက်ပေးနိုင်ပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဗီဒီယို သို့မဟုတ် ရုပ်မြင်သံကြားဆက်သွယ်မှုဖြင့်သက်သေခံချက်ရယူခြင်းနှင့် ဗီဒီယို သို့မဟုတ် ရုပ်မြင်သံကြား ဆက်သွယ်မှုမှတစ်ဆင့် သက်သေခံခွင့်ပြုရန် လျှောက်ထားခြင်းဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းဖြင့် မူပိုင်ခွင့်ဆိုင်ရာမှုခင်းများတွင် တရားရုံးအသုံးပြုသူများ တရားစီရင်ရေးကို ပိုမိုလက်လှမ်းမီစေခြင်း၊ စီစဉ်သတ်မှတ်ထားသည့်အတိုင်း စစ်ဆေးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိမည်

# ၂၀၂၂-၂၀၂၃ ပညာသင်နှစ် နည်းပညာနှင့် ကွန်ပျူတာတက္ကသိုလ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆဋ္ဌမနေ့ အုပ်စုပွဲစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော် ဧပြီ ၂**

တက္ကသိုလ်ဘောလုံးသမားများ၏ အောင်မြင်သော သမိုင်းအစဉ်အလာကို ထိန်းသိမ်းဆောင်ရွက်ရန်၊ ကျောင်းသားများ၏ ဉာဏစွမ်းရည်သာမက ကာယစွမ်းရည် ကြံ့ခိုင်မှု၊ ကျန်းမာသန်စွမ်းမှု၊ စည်းလုံးညီညွတ်မှု၊ အသင်းအဖွဲ့ဖြင့် ပူပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ရရှိရန် ရည်ရွယ်၍ ကျင်းပလျက်ရှိသော ၂၀၂၂-၂၀၂၃ ပညာသင်နှစ်၊ နည်းပညာနှင့် ကွန်ပျူတာ တက္ကသိုလ်များ၏ တက္ကသိုလ်ပေါင်းစုံ ဆဋ္ဌမနေ့ အုပ်စုပွဲစဉ်များကို ယနေ့တွင် ဆက်လက်ကျင်းပသည်။

နံနက်ပိုင်းတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း ၃ ၌ အုပ်စု ၁ ကွန်ပျူတာတက္ကသိုလ် (အထက်မြန်မာပြည်) ပွဲစဉ်ဖြစ်သည့် အသင်း(က) မန္တလေးကွန်ပျူတာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ် (ပင်လုံ၊ ဗန်းမော်)နှင့် အသင်း (ဂ) ကွန်ပျူတာတက္ကသိုလ် (မကွေး၊ မိတ္ထီလာ)တို့ ယှဉ်ပြိုင်ကစားကြရာ အသင်း (ဂ) က အသင်း(က)ကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ညနေပိုင်းတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် အမြဲတမ်းအတွင်းဝန်၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ တာဝန်ရှိသူများနှင့်အတူ ဝဏ္ဏသိဒ္ဓိအားကစားကွင်း ၁ ၌ အုပ်စု ၃ နည်းပညာတက္ကသိုလ် (အထက်မြန်မာပြည်) ပွဲစဉ်ဖြစ်သည့် အသင်း(ဂ) နည်းပညာတက္ကသိုလ်



(မန္တလေး၊ ရတနာပုံဆိုက်ဘာစီးတီး၊ ကလေး၊ မုံရွာ၊ စစ်ကိုင်း) နှင့် အသင်း(ဃ) နေပြည်တော် နည်းပညာတက္ကသိုလ်၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် (မိတ္ထီလာ၊ ရမည်းသင်း) တို့မှ ကျောင်းသားအားကစားသမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ ပြိုင်ပွဲယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးသည်။ ယင်းပွဲစဉ်တွင် အသင်း (ဃ) က အသင်း(ဂ) ကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဝဏ္ဏသိဒ္ဓိအားကစားကွင်း ၂ ၌ ယနေ့ပြိုင်ပွဲ မယှဉ်ပြိုင်သည့် အသင်းများ လေ့ကျင့်နေမှုကို ကြည့်ရှုပြီး ကျောင်းသားအားကစားသမားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ အားပေးစကားများ ပြောကြားသည်။(ဓါတ်ပုံ)

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျသည် ဝဏ္ဏသိဒ္ဓိအားကစားကွင်း ၃ ၌ အုပ်စု ၃ နည်းပညာတက္ကသိုလ် ပွဲစဉ်များဖြစ်သည့် အသင်း(က) မန္တလေးနည်းပညာ တက္ကသိုလ်၊ နည်းပညာတက္ကသိုလ် (မြစ်ကြီးနား၊ ဗန်းမော်၊ မကွေး၊ ပခုက္ကူ)နှင့် အသင်း(ခ) နည်းပညာတက္ကသိုလ် (ကျောက်ဆည်၊ တောင်ကြီး၊ လားရှိုး၊ ပင်လုံ၊ ကျိုင်းတုံ)တို့ ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကာ ပြိုင်ပွဲအပြီးတွင် ကျောင်းသားအားကစားသမားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ ယင်းပွဲစဉ်တွင် အသင်း(က)က အသင်း(ခ) ကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကွမ်းလုံမြို့နယ်နှင့် ခန္တီးမြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဧပြီ ၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွမ်းလုံမြို့နယ် ဟိုလီကျေးရွာရှိ ဒေသခံပြည်သူ ၅၄ ဦးအား အဆိုပါကျေးရွာ၏ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် လောင်စောက်လေး ကျေးရွာရှိ ဒေသခံပြည်သူ ၅၈ ဦးအား အဆိုပါကျေးရွာခန်းမ၌ လည်းကောင်း ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့များက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးကုသရေး အဖွဲ့များက



ဒေသခံပြည်သူများကို မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ ရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးပြီး ECG ၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ် ပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ငါးသိုင်းချောင်းမြို့၌ မြန်မာနိုင်ငံကြက်ခြေနီအသင်း

## မီးဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများလှူဒါန်း

**ငါးသိုင်းချောင်း ဧပြီ ၂**

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့ ဒေါင်ကြီးဘက်ကျေးရွာအုပ်စု သရက်ချောင်းအထက်စုကျေးရွာရှိ မီးဘေးသင့်ပြည်သူများအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းက လှူဒါန်းသည့် မီးဘေးထောက်ပံ့ရေးပစ္စည်းများကို ရေကြည်မြို့နယ် ကြက်ခြေနီအသင်းခွဲနှင့် ငါးသိုင်းချောင်းမြို့ ကြက်ခြေနီအသင်းခွဲ(ငယ်) တို့မှ ကြက်ခြေနီအမှုဆောင်များ၊ တပ်ဖွဲ့ဝင်များစုပေါင်းကာ ဩဘာသာရာမကျောင်းတိုက်၌ ယမန်နေ့က ပေးအပ်လှူဒါန်းသည်။

ထိုသို့ လှူဒါန်းရာတွင် ရေကြည်မြို့နယ် ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ဦးလှရှိန်က အမှာစကားပြောကြားပြီး ရေကြည်မြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှူး ဒေါ်သန်းသန်းမြင့်နှင့် ငါးသိုင်းချောင်းမြို့ ကြက်ခြေနီအသင်းခွဲ(ငယ်) ဥက္ကဋ္ဌဦးမောင်မောင်အေးတို့က မီးဘေးသင့်ပြည်သူများကို အားပေးစကားပြောကြားသည်။ ထို့နောက် မီးဘေးအန္တရာယ်ကျရောက်ခဲ့သည့် လူဦးရေစုစုပေါင်း ၂၆ ဦး အား ဆောက်လုပ်ရေးပစ္စည်းများ အပါအဝင် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။

**ငါးသိုင်းချောင်း (ပြန်/ဆက်)**

# မော်လိုက်မြို့၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကျင်းပ

**မော်လိုက် ဧပြီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့၌ လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက မော်လိုက်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မော်လိုက်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဦးဇေယျာဝင်းက "လူငယ်နှင့်စာပေ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းထိန်က "လူငယ်နှင့်အားကစားလုပ်ရခြင်း၏ အကျိုးကျေးဇူးများ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ (ပညာရေးအငြိမ်းစား) ဆရာကြီး ဦးစိုးတင့် က "လူငယ်နှင့် စနစ်သစ်ပညာရေးအကြောင်း သိကောင်းစရာများ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဦးခင်မောင်ကျော် က "လူငယ်နှင့်မူးယစ်ဆေးဝါး"၊ "လူငယ်နှင့် ယာဉ်စည်းကမ်းလမ်း စည်းကမ်း" ခေါင်းစဉ်များကို ပရိုဂျက်တာဖြင့် ပြသ၍လည်းကောင်း ဆွေးနွေးဟောပြောသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ပြသထားသည့် နံရံကပ်စာစောင်များကို ကြည့်ရှု လေ့လာကြသည်။ အဆိုပါ အသိပညာပေးဟောပြောပွဲသို့ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများ တက်ရောက်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဒေးဒရဲမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း ၁၆ ခု ဆောင်ရွက်ပြီးစီး

**ဒေးဒရဲ ဧပြီ ၂**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) မှ ရန်ပုံငွေကျပ်သိန်း ၁၆၀၀ ဖြင့် ကျေးရွာ ၁၆ ရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်း ၁၆ ခု အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်သော ကျေးရွာများမှာ သောင်းတန်းကျေးရွာ၊ သပြေတန်းကျေးရွာ၊ အကယ်ချောင်းဝကျေးရွာ၊ သံခက်ကျေးရွာ၊ ကျိုက်လတ်ကလေးကျေးရွာ၊ ကံစုကျေးရွာ၊ ကျုံကနန်ကျေးရွာ၊ တော်ပေါင်စိန်ကျေးရွာ၊ ဥသြလမ်းကျေးရွာ၊ တိုးကျေးရွာ၊ ကျောင်းစုကျေးရွာ၊ အငေးကြီးကျေးရွာ၊ ကျုံလတာကျေးရွာ၊ ဘုရားချောင်းကျေးရွာ၊ သံခဒတ်ကျေးရွာနှင့် သဲကုန်းကျေးရွာတို့ ဖြစ်ကြပြီး ကျေးရွာတစ်ရွာလျှင် နိုင်ငံတော်က ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀ စီဖြင့် ကွန်ကရစ်လမ်း ၁၃ လမ်း၊ ကွန်ကရစ်တံတားတစ်စင်း၊ KG စာသင်ကျောင်းဆောင်သစ်တစ်ဆောင်၊ ဂဝံလမ်းခင်းခြင်းလုပ်ငန်း တစ်ခုကို ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ကျေးရွာနေပြည်သူများကိုယ်တိုင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း ၁၆ ခု ဆောင်ရွက်ပေးခြင်းဖြင့် ကျေးရွာ ၁၆ ရွာရှိ အိမ်ထောင်စု ၃၁၀၀ ကျော်မှ လူဦးရေ ၁၃၀၀၀ ကျော်တို့၏ လူနေမှုဘဝကို တိုးတက်စေမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးကျော်စွာမြင့်က ပြောသည်။ **သန်းသန်းစိုး**

# မြို့သစ်မြို့၌ သုံးထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်း ၅၅ ရာခိုင်နှုန်းပြီးစီး

**မြို့သစ် ဧပြီ ၂**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်၌ ပညာရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၂၂- ၂၀၂၃ ပညာသင်နှစ်တွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ သုံးထပ်ကျောင်းဆောင်သစ် တစ်ဆောင်ဆောက်လုပ်ပေးလျက်ရှိရာ ၅၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

အဆိုပါ ကျောင်းဆောင်သစ်မှာ အလျားပေ ၁၄၀၊ အနံပေ ၃၀ သံကူကွန်ကရစ်အဆောက်အအုံဖြစ်ပြီး ခွင့်ပြုရန်ပုံငွေကျပ်သန်း ၄၉၀ ဒသမ ၁၇၀ ဖြင့် ၂၀၂၂ခုနှစ် ဒီဇင်ဘာလအတွင်း စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ယင်းလုပ်ငန်းများ အရည်အသွေးပြည့်မီအောင် ဆောက်လုပ်နိုင်ရေး၊ သတ်မှတ်အရည်အသွေး ပြည့်မီစေရန်နှင့် သတ်မှတ်ကာလတွင်း ပြီးစီးရန်အတွက် မြို့နယ်အရည်အသွေး စစ်ဆေးရေးကြီးကြပ်မှုကော်မတီတို့က ကြီးကြပ်ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများ ၅၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**သန်းဝင်းထွန်း(ပြန်/ဆက်)**

## SIM Card များ စနစ်တကျ မှန်ကန်စွာ မှတ်ပုံတင်သုံးစွဲနိုင်ရေး အသိပေးကြေညာချက်

၁။ ဆင်းကတ်များမှတ်ပုံတင်ရာတွင် ဖြည့်စွက်ရသည့် အမည်/နိုင်ငံသားစိစစ်ရေးကတ်အမှတ်စသည့် အချက်အလက်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database တွင်ရှိသော အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေးခြင်း လုပ်ငန်းစဉ်ကို ဆောင်ရွက်လျက်ရှိပါသည်။

၂။ တိုက်ဆိုင်စစ်ဆေးပြီး အချက်အလက်မမှန်သော နိုင်ငံသားစိစစ်ရေးကတ်များဖြင့် မှတ်ပုံတင်ထားသော ဆင်းကတ်သုံးစွဲသူများထံ ရက်ပေါင်း(၃၀) အတွင်း မှန်ကန်စွာ ပြန်လည်မှတ်ပုံတင်ရန် အသိပေးစာတို (SMS)များ ပေးပို့သွားမည်ဖြစ်ပါသည်။ အသိပေးစာတို(SMS)များ ရရှိပြီး ရက်ပေါင်း(၃၀)အတွင်း နိုင်ငံသားစိစစ်ရေးကတ်အမှန်ဖြင့် ပြန်လည်ပြင်ဆင်မှတ်ပုံတင်ခြင်း မရှိသော ဆင်းကတ်များအား One Way Block (အထွက်ခေါ်ဆိုမှု၊ အထွက်စာတိုပေးပို့မှုနှင့် ဒေတာအသုံးပြုမှု ရပ်ဆိုင်းခြင်း) ဆောင်ရွက်မည်ဖြစ်ပြီး၊ ထိုသို့ One Way Block ဆောင်ရွက်ထားသည့် အချိန်မှစ၍ ရက်ပေါင်း (၉၀) အတွင်း နိုင်ငံသားစိစစ်ရေးကတ် အချက်အလက်အမှန်ဖြင့် လာရောက်ပြင်ဆင်မှတ်ပုံတင်ခြင်း မရှိသော ဆင်းကတ်များအား အပြီးပိတ်သိမ်းသွားမည်ဖြစ်ပါသည်။

၃။ ထို့ကြောင့် ဆင်းကတ်သုံးစွဲသူ ပြည်သူများအနေဖြင့် မိမိတို့အသုံးပြုနေသော ဆင်းကတ်များ ပိတ်သိမ်းခံရမှု မရှိစေရေးအတွက် ပြန်လည်မှတ်ပုံတင်နိုင်ရန် အသိပေးစာတို (SMS) ရရှိပါက သက်ဆိုင်ရာမိုဘိုင်းအော်ပရေတာများ၏ အရောင်းဆိုင်များ၊ Application များနှင့် Website တို့တွင် နိုင်ငံသားစိစစ်ရေးကတ် အချက်အလက်အမှန်ဖြင့် အမြန်ပြန်လည်မှတ်ပုံတင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## Junior Golf Myanmar နွေရာသီလူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂**

မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်နှင့် Junior Golf Myanmar တို့ကစီစဉ်၍ YGC Sunday Morning Golfers Group က အဓိကကူညီပံ့ပိုးသော Junior Golf Myanmar နွေရာသီလူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့နှင့် ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၂ ရက်က ရန်ကုန်မြို့ရှိ ရန်ကုန်ဂေါက်ကွင်း (တည်းကုန်း) ၌ ကျင်းပသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပရာ Junior Golf Myanmar ဥက္ကဋ္ဌ ဦးမြင့်အောင်က နှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး ပြိုင်ပွဲအား အဓိကကူညီပံ့ပိုးပေးသော YGC Sunday Morning Golfers Group အဖွဲ့ကိုယ်စား ဦးမြင့်နီ အား အမှတ်တရဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်သည်။ (ယာပုံ)




ဆက်လက်၍ Junior Golf Myanmar မှ အမှုဆောင် ဒေါ်ဝတ်မှုံနှင်းက အသက်အငယ်ဆုံး ကြိုးစားယှဉ်ပြိုင်သော ဘုန်းမြတ်သော်အား ဆုချီးမြှင့်ပြီး Junior Golf Myanmar မှ အမှုဆောင် ဦးဇော်ဘိုဘိုဦးက Par အများဆုံးဆုရရှိသော ဖွဲ့ညီညီ၊ ဘာဒီအများဆုံးရရှိသော ဆုလတ်အောင်နှင့် Bogey အများဆုံးဆုရရှိသော ရန်အောင်မင်း တို့အား ဆုများ ချီးမြှင့်သည်။

ထို့နောက် ပြင်ဦးလွင်ဂေါက်ကလပ် ဥက္ကဋ္ဌ ဦးခင်မောင်အေးက အသက် ၁၂ နှစ်အောက်သက်တမ်းတွင် ပထမဆုရရှိသော အောင်သန့်ထွဋ်၊ ဒုတိယဆုရရှိသော ဘုန်းပြည့်ဖြိုးဟိန်း၊ တတိယဆုရရှိသော ထူးမြတ်အောင်တို့ကို ဆုများ ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ Junior Golf Myanmar မှ အမှုဆောင် ဒေါ်မြင့်မြင့်သန်းက အမျိုးသမီးသက်တမ်းတွင် ပထမဆုရရှိသော ချိုသာအောင်၊ ဒုတိယဆုရရှိသော မိုးပြည့်စုံခင်၊ တတိယဆုရရှိသော အေးစုအောင်တို့ကို ဆုများ ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် Junior Golf Myanmar မှ အမှုဆောင် ဒေါ်စုယဉ်မင်းက အသက် ၁၄ နှစ်အောက်သက်တမ်းတွင် ပထမဆုရရှိသော ကောင်းထက်၊ ဒုတိယဆုရရှိသော ပြည့်စုံအောင်၊ တတိယဆုရရှိသော Locadio K တို့ကို ဆုများ ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဦးဌေးအောင်က အသက် ၁၈ နှစ်အောက်သက်တမ်းတွင် ပထမဆုရရှိသော ဟိန်းနိုင်ဇင်၊ ဒုတိယဆုရရှိသော ကောင်းပြည့်ဖြိုးကျော်၊ တတိယဆုရရှိသော ထက်အောင်ဝင့်တို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

**ကိုညီလေး၊ ဓာတ်ပုံ-MGF**

## အောင်ပန်း၌ အာလူးသီးနှံထုတ်လုပ်မှုမြင့်မားစေရေးနှင့် အထွက်နှုန်းတိုးတက်စေရေး မျိုးအာလူးထုတ်လုပ်မှုနည်းပညာပေးဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂**

အာလူးသီးနှံထုတ်လုပ်မှု မြင့်မားစေရေးနှင့် အထွက်နှုန်းတိုးတက်စေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေး သုတေသနဦးစီးဌာန ဇီဝနည်းပညာ၊ မျိုးစေ့ဘဏ်နှင့် သီးနှံကာကွယ်ရေး သုတေသနဌာနခွဲအောက်ရှိ ဒေသသုတေသန ဗဟိုဌာန အောင်ပန်း၌ မျိုးအာလူး ထုတ်လုပ်မှုနည်းပညာပေး ဆွေးနွေးပွဲကို မတ် ၂၉ နှင့် ၃၀ ရက်တို့တွင် KOPIA–RDA ၏ အထောက်အပံ့ဖြင့် ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယပြည်နယ် ဦးစီးမှူး ဦးငြိမ်းထွန်း က ရှမ်းပြည်နယ်၏ အရေးကြီးသီးနှံဖြစ်သည့် အာလူးသီးနှံထုတ်လုပ်မှု မြင့်မားစေရေးနှင့် အထွက်နှုန်းတိုးတက်စေရေးတို့အတွက် အခြေခံအကျဆုံးဖြစ်သည့် ရောဂါပိုးမွှားကင်းစင်သော မျိုးအာလူးများ ပြည်တွင်း၌ ထုတ်လုပ် သုံးစွဲနိုင်ရန်အတွက် မျိုးအာလူးဧက ၁၀၀၀၀ စီမံချက်အား နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပြီး ယခုသင်တန်းသည် မျိုးအာလူးထုတ်လုပ်မှု စီမံချက်တွင် အဆင့်အလိုက် ပါဝင်ဆောင်ရွက်ကြမည့်သူများအတွက် ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်ကြောင်း၊ လက်တွေ့ပါဝင် ဆောင်ရွက်ရမည်ဖြစ်သောကြောင့် သိလိုသည်များကို အပြန်အလှန် ဆွေးနွေးသွားကြရန် မှာကြားသည်။



ဆွေးနွေးပွဲ ဒုတိယနေ့တွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဇီဝနည်းပညာ၊ မျိုးစေ့ဘဏ်နှင့် သီးနှံ ကာကွယ်ရေးသုတေသနဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်သက်သက်ဦးက မျိုးအာလူးများ ထုတ်လုပ် သုံးစွဲနိုင်ရေးအတွက် ဦးစီးဌာနများသာမက ပုဂ္ဂလိကအစုအဖွဲ့များ၊ မျိုးထုတ်လုပ်မည့် တောင်သူအစုအဖွဲ့များပါ တက်ရောက် ဆွေးနွေးပေးသည့်အတွက် ကျေးဇူးတင်ကြောင်းနှင့် ပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် အာလူးမျိုးထုတ်လုပ်မှု စီမံချက်ကို အောင်မြင်အောင် ဆက်လက်လုပ်ဆောင်ရန် တိုက်တွန်းအားပေးစကားပြောကြားသည်။

ဆွေးနွေးပွဲ နှစ်ရက်တာကာလအတွင်း ဒေသသုတေသန ဗဟိုဌာန အောင်ပန်းမှ လက်ထောက်သုတေသနအရာရှိ ဒေါ်ဝင်းသန္တာ က အပင်တစ်သျှူးနည်းပညာဖြင့် မျိုးအာလူးများ ထုတ်လုပ်ခြင်းနှင့် သုတေသနမှူး ဒေါက်တာဝင်းဝင်းနွယ် က မျိုးအာလူး ထုတ်လုပ်ခြင်း၏ အခြေခံ သဘောတရားများ၊ မြေလွှာမဲ့ နည်းပညာများဖြင့် မျိုးထုတ်လုပ်မှု နည်းစနစ်များ၊ ပိုးမွှားလုံခြုံနှင့် ကွင်းအခြေအနေတွင် မျိုးအာလူးများ ထုတ်လုပ်ရန်အတွက် စံသတ်မှတ်ချက်များအား စာတွေ့၊ လက်တွေ့ပြသဆွေးနွေးပေးသည်။

အဆိုပါ နည်းပညာဆွေးနွေးပွဲသို့ တောင်ကြီး၊ ကလော၊ ပင်းတယ၊ ပင်လောင်းနှင့် နောင်တရားမြို့နယ်တို့မှ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးများနှင့် ဝန်ထမ်းများ၊ ဟဲဟိုးနှင့် ဒီးမော့ဆိုစိုက်ပျိုးရေးသိပ္ပံမှ ဆရာ ဆရာမများ ဟဲဟိုးအာလူးအစုအဖွဲ့၊ နောင်တရားအာလူးအစုအဖွဲ့နှင့် ကျုံးတောင်သူအစုအဖွဲ့၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ထုံးဘိုခြံနှင့် စိုက်ပျိုးရေးဦးစီးဌာန ဟဲဟိုးဥယျာဉ်ခြံတို့မှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သိမ်**

## ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာနက ဆိပ်ဖြူဒေသထွက် ကြက်သွန်နီနှင့် ရှမ်းပြည်နယ်ဒေသထွက် ကြက်သွန်ဖြူ၊ အာလူးများ ဖြန့်ဖြူးရောင်းချ

**ရန်ကုန် ဖေဖော်ဝါရီ ၂**

ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာနသည် မကွေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် ချိတ်ဆက်၍ ဆိပ်ဖြူမြို့နယ်မှ ထွက်ရှိသော ကြက်သွန်နီများနှင့် ရှမ်းပြည်နယ်သမဝါယမအသင်းစုချုပ်နှင့် ချိတ်ဆက်၍ ရှမ်းပြည်နယ်ဒေသထွက် ကြက်သွန်ဖြူ၊ အာလူးများအား သမဝါယမစနစ် (စုပေါင်းစနစ်) ဖြင့် ဝယ်ယူပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း သမဝါယမအသင်းများရှိ အသင်းသားများ လက်ဝယ်အရောက် ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းဖြင့် ကြက်သွန်နီပိဿာချိန် ၁၅၀၀၀၊ ကြက်သွန်ဖြူပိဿာချိန် ၁၂၀၀ နှင့် အာလူးပိဿာချိန် ၁၀၀၀ ကျော်တို့အား ဖြန့်ဖြူး ရောင်းချပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ထူးမြတ်ပူဇော် ဥပ္ပါတသန္တိစေတီတော်(နေပြည်တော်)

ညိုထွန်းလွင်

**နေပြည်တော်သည် မြန်မာနိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် လုံခြုံရေးအပါအဝင် အချက်အချာကျရာ မြို့တော်ကြီး ဖြစ်သည်။ ယခင် အစိုးရရုံးစိုက်ခဲ့ရာ ရန်ကုန်မှ နေပြည်တော်တည်ရှိရာ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်၊ တပ်ကုန်းမြို့နယ် အပါအဝင် ဥတ္တရသီရိ၊ ပုဗ္ဗသီရိ၊ ဒက္ခိဏသီရိ၊ ဇမ္ဗူသီရိ၊ ဇေယျာသီရိမြို့နယ်များ ဖွဲ့စည်းလျက် သမ္မတရုံး၊ လွှတ်တော်၊ အစိုးရဝန်ထမ်းအိမ်ရာများ၊ ဝန်ကြီးရုံးများ တည်ဆောက်ခဲ့ရာ ယခုအခါ စည်ကားသိုက်မြိုက်စွာ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။**



မြန်မာနိုင်ငံသည် ရှေးယခင် နှစ်ပေါင်းများစွာကတည်းက ထေရဝါဒ ဗုဒ္ဓဘာသာသာသနာ ကိုးကွယ်ရာ နိုင်ငံဖြစ်သည်နှင့်အညီ အောက်ဖော်ပြပါ စေတီ၊ ဘုရားများကို အကြီးအကဲတို့ ဝါယမစိုက်ကာ နေပြည်တော်၌ တည်ထားကိုးကွယ်ခဲ့ကြသည်။

(၁) ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး။

(၂) ဖွား၊ ပွင့်၊ ဟော၊ စံ သံဝေဇနိယ ၄ ဌာန ဗုဒ္ဓဂယာဘုရားများ။

(၃) မဟာသကျရံသီ ရုပ်တော်မှုဘုရား။

(၄) ထာဝရငြိမ်းချမ်းရေးစေတီတော်။

(၅) မာရဝိဇယ ကျောက်တော်ကြီးဘုရား(တည်ဆောက်ဆဲ)။

ဥပ္ပါတသန္တိကုန်းတော်တွင် **"ဥပ္ပါတသန္တိ စေတီတော်"**၊ ဖိုးဇောင်းတောင်အောက်ခြေ၊ တပ်ကုန်းနှင့် ဒက္ခိဏသီရိ မြို့နယ်ကြားရှိ တောင်ခြေ၊ တောင်ကုန်း၊ တောတန်းနေရာများ၌ **"ဖွား၊ ပွင့်၊ ဟော၊ စံ သံဝေဇနိယ ၄ ဌာန"** ဗုဒ္ဓဂယာဘုရားများ၊ ဖိုးဇောင်းတောင်ပေါ် (ယခင်အခေါ် အဖိုးစောင့်တောင်)ရှိ **"မဟာသကျရံသီ"** ရုပ်တော်မူ ကျောက်ဆစ်ရုပ်ပွားတော်၊ ဒက္ခိဏသီရိမြို့နယ်နှင့် လယ်ဝေး မြို့နယ် အစပ်ရှိ **"ထာဝရငြိမ်းချမ်းရေးစေတီတော်"**၊ ယခုတည်ဆောက်ဆဲ ဖြစ်သော ဒက္ခိဏသီရိမြို့နှင့် နေပြည်တော်- ရန်ကုန်- မန္တလေး အဝေးပြေးလမ်းမကြီးအနီးရှိ **"မာရဝိဇယ"**ဘုရား (**ကမ္ဘာ့အကြီးဆုံး ကျောက်ဆစ်ရုပ်ပွားတော်ဘုရားကြီး**)တို့ကို နိုင်ငံတော်အကြီးအကဲတို့က သာသနာတော်ကို စောင့်ရှောက်ရင်း တည်ထားပူဇော် တည်ဆောက်ခဲ့ကြသည်။



မီးရောင်စုံထွန်းညှိထားသော ဥပ္ပါတသန္တိစေတီတော်ကြီးနှင့် ပတ်ဝန်းကျင်၏ ညမြင်ကွင်း။

❁ **ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသည် နေပြည်တော်ဟု တည်ဆောက်ခဲ့စဉ်မှစ၍ ရန်ကုန်မြို့ရှိ ရွှေတိဂုံ စေတီတော်မြတ်ကြီး၏ ဉာဏ်တော်အောက် တစ်ပေလျော့ကာ ဉာဏ်တော် ၃၂၅ ပေ အမြင့်ဖြင့် ရွှေတိဂုံစေတီတော် ပုံတော်အတိုင်း ၂၀၀၆ ခုနှစ် ဩဂုတ် ၄ ရက်မှစ၍ တည်ထားပူဇော်ခဲ့သည်။ ၂၀၀၉ ခုနှစ်တွင် ရွှေထီးတော်တင်လှူ နိုင်ခဲ့ပြီး သာသနာသက္ကရာဇ် ၂၅၅၂ ခုနှစ်(မြန်မာသက္ကရာဇ် ၁၃၇၀ ခုနှစ် တပေါင်းလဆန်း ၁၄ ရက်၊ ခရစ် သက္ကရာဇ် ၉ - ၃ - ၂၀၀၉ တွင် အပြီးတည်ဆောက်၍ "ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနား" ကျင်းပခဲ့ပြီးဖြစ်သည်**

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသည် နေပြည်တော်ဟု တည်ဆောက် ခဲ့စဉ်မှစ၍ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ဉာဏ်တော်အောက် တစ်ပေလျော့ကာ ဉာဏ်တော် ၃၂၅ ပေ အမြင့်ဖြင့် ရွှေတိဂုံစေတီတော် ပုံတော်အတိုင်း ၂၀၀၆ ခုနှစ် ဩဂုတ် ၄ ရက်မှစ၍ တည်ထားပူဇော်ခဲ့သည်။ ၂၀၀၉ ခုနှစ်တွင် ရွှေထီးတော်တင်လှူနိုင်ခဲ့ပြီး သာသနာသက္ကရာဇ် ၂၅၅၂ ခုနှစ်(မြန်မာသက္ကရာဇ် ၁၃၇၀ ခုနှစ် တပေါင်းလဆန်း ၁၄ ရက်၊ ခရစ်သက္ကရာဇ် ၉ - ၃ - ၂၀၀၉ တွင် အပြီး တည်ဆောက်၍ **"ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနား"** ကျင်းပခဲ့ပြီး ဖြစ်သည်။

မဟာမင်္ဂလာ ၉ ဆင့်ဖြင့် တည်ဆောက်ပူဇော်ခဲ့ပြီးဖြစ်ရာ ယခုအခါ စေတီတော်မြတ်ကြီးအား -

(၁) သဗ္ဗညုတ ဂေါတမဗုဒ္ဓဘုရားရှင်၏ သာရီရိက ဓာတ်တော်အစစ် ခြောက်ဆူ ဌာပနာသွင်းလှူ ပူဇော်ထားရှိခြင်း။

(၂) စေတီကုန်းတော်ပေါ်တွင် အရံစေတီများ၊ အာရုံခံတန်ဆောင်း များ မထားရှိခြင်း။

(၃) အမြင့် ၇၃ ပေ ၈ လက်မရှိသော ဘုရားဖူးပရိသတ် ၁၀၀၀၀ ဆံ့ လိုဏ်တော်စေတီကြီးဖြစ်ခြင်း။

(၄) လိုဏ်တော်အတွင်း ဉာဏ်တော် ၃ ပေ ၂ လက်မရှိ ကကုသန္ဓ၊ ကောဏာဂမန၊ ကဿပ၊ ဂေါတမ ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော် လေးဆူနှင့် သီရိလင်္ကာနိုင်ငံနှင့် တရုတ်နိုင်ငံတို့မှ လှူဒါန်းထား ရှိသော **"ဗုဒ္ဓမြတ်စွယ်တော် နှစ်ဆူ"** ပူဇော်ထားရှိခြင်း။

(၅) စေတီရင်ပြင် အရှေ့မြောက်ထောင့်တွင် ဘုံခုနစ်ဆင့်ပါ ဂန္ဓကုဋီကျောင်းဆောင်တွင်း၌ **"မဟာဆုတောင်းပြည့် ပန်းပေါင်းစုံ ရုပ်ပွားတော်မြတ်ကြီး"** ပူဇော်ထားရှိခြင်း။

(၆) စေတီတော် အရှေ့တောင်နှင့် အနောက်တောင်ထောင့်တို့၌ ဓာတ်လှေကား လေးစင်း တည်ဆောက်ထားရှိခြင်း။

(၇) စေတီတော်တွင် ခြင်္သေ့ရုပ်၊ ဘီလူးရုပ်ပုံများ မပါရှိခြင်း။

(၈) ရင်ပြင်တော်အကျယ်မှာ ၇၀၂ ပေဖြစ်၍ ရင်ပြင်တော်ပေါ်၌ ဘုရားဖူးပရိသတ် ၂၀၀၀၀ ခန့် ပူဇော်ဖူးမြော်နိုင်ခြင်း။

(၉) အမြင့် ၁၀၈ ပေရှိသော ခံ့ညားကြီးမားလှသည့် တံခွန်တိုင် ကြီးအား ရင်ပြင်တော်အရှေ့တောင်ထောင့်အရပ်တွင် တည်ဆောက်ပူဇော်ထားရှိခြင်း စသည့် ထူးခြားမှုများဖြင့် သပ္ပာယ်စွာ ကြည်ညိုဖူးမြော်နိုင်ကြပြီ ဖြစ်သည်။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် အခြားစေတီဘုရားများထက် ထူးခြားပြည့်စုံတော်မူသော အောက်ဖော်ပြပါ အဆောက်အအုံများစွာကို လည်း ခံ့ညားထည်ဝါစွာ မြင်တွေ့ဖူးမြော်ပူဇော်နိုင်ကြသည် -

(၁) ဆင်ဖြူတော် ခုနစ်စီး (ဘဒ္ဒဝတီ၊ နန္ဒဝတီ၊ ဟေမဝတီ၊ ငွေဆဒ္ဒန်၊ ဇာတကလျာ၊ သီရိမာလာ၊ ရဋ္ဌနန္ဒက) ရှိရာ ဆင်ဖြူအဆောင် တော်ကြီး။

(၂) မာလိနီမင်္ဂလာရေကန်တော်နှင့် ရှင်ဥပဂုတ္တ စံကျောင်းတော်။

(၃) စေတီတော်လိုဏ်အတွင်း နံရံကပ်ဗုဒ္ဓဝင်ကျောက်ထွင်း ပန်းချီကားများ။

(၄) စေတီတော်ရင်ပြင် အနောက်မြောက်ထောင့်တွင် အကျယ် ပေ ၅၀ ရှိ မဟာအောင်မြေ နေရာ။

(၅) စေတီတော်အောက်ခြေ ပရိဝုဏ်အတွင်း မြေနေရာများတွင် ပွင့်ရာဗောဓိ ၂၈ ပင်နှင့် နှစ်ကျိပ်ရှစ်ဆူဘုရားများ၊ ဗောဓိ ညောင်ပင် ၁၀၈ ပင်၊ မဟာဗောဓိညောင်ပင်ကြီး သုံးပင်။

(၆) အလျား ၇၅ ပေ၊ အနံ ၇၅ ပေ၊ အမြင့် ၁၆ ပေရှိ **"ဝိသုံဂါမ ရွှေသိမ်တော်"**၊ အလျား ၁၁၇ ပေ၊ အနံ ပေ ၅၀၊ အမြင့် ၁၅ ပေရှိ **"စေတိယပါလစံကျောင်းတော်ကြီး"**၊ အလျား ပေ ၄၃၀၊ အနံ ၃၅၆ ပေ၊ အမြင့် ၁၉ ပေ ၆ လက်မရှိ **"သာသနာ့မဟာ ဗိမာန်တော်ကြီး"**၊ အလျား ၄၅၆ ပေ၊ အနံ ပေ ၉၀၊ အမြင့် ၁၄ ပေရှိ အိပ်ခန်း ၁၅ ခန်းပါ **"သံဃာရာမကျောင်းဆောင် လေးဆောင်"**၊ အလျား ၂၅၁ ပေ ၄ လက်မ၊ အနံ ၇၉ ပေ ၈ လက်မ၊ အမြင့် ၃၂ ပေရှိ **"ပြတိုက်-ပိဋကတ်တိုက်-မော်ကွန်း တိုက်"** နှစ်ထပ်အဆောက်အအုံကြီး၊ အလျား ၁၉၅ ပေ၊ အနံ ၈၆ ပေ၊ အမြင့် ၂၄ ပေရှိ **"ဂေါပကအဖွဲ့ရုံး"** နှစ်ထပ် အဆောက်အအုံကြီး။

(၇) စေတီတော် အရှေ့၊ အနောက်၊ တောင်၊ မြောက် တို့၌ တည်ရှိ သော စောင်းတန်း လေးသွယ်နှင့် အရှေ့တောင်၊ အရှေ့မြောက်၊ အနောက်တောင်ဘက်ခြမ်းတို့၌ နားနေဇရပ် သုံးဆောင် တည်ဆောက်ထားရှိခြင်း။

နှစ်ကျိပ်ရှစ်ဆူ ဘုရားများအား စေတီဝတ္တကမြေအတွင်း လှည့်လည် ပူဇော်နိုင်သလို ဝိသုံဂါမ ရွှေသိမ်တော်ကြီး၊ ဆရာတော်ကြီးများ နားနေ ဆောင် စေတိယပါလစံကျောင်းတော်ကြီးများနှင့်တကွ သာသနာ အခမ်းအနားပူဇော်ပွဲများကျင်းပရာ သာသနာ့မဟာဗိမာန်တော်ကြီး၊ သံဃာတော်များ နားနေရန် သံဃာရာမကျောင်းဆောင် လေးဆောင်အပြင် ဝင်ရောက်ဖတ်ရှုလေ့လာနိုင်ရန် ဗုဒ္ဓစာပေဆိုင်ရာ ပြတိုက်-ပိဋကတ် တိုက်- မော်ကွန်းတိုက်နှင့် ဂေါပကအဖွဲ့ရုံးစိုက်ရာနေရာတို့တွင် မြန်မာမှုဗိသုကာလက်ရာများစွာကို အပြည့်အဝ တွေ့မြင်ခံစား လေ့လာခွင့်ရရှိကြမည်။

စေတီတော် အရှေ့ဘက်စောင်းတန်းအောက်ခြေ အရှေ့ဘက်ရှိ ဆင်ဖြူတော် ခုနစ်စီးထားရှိရာ ဆင်ဖြူတော်ဆောင်မှာ ခံ့ညားကျယ်ဝန်း လှသည်။ ဆင်ဖြူတော်များ ရေချိုးရန်နှင့် လှည့်လည်သွားလာနိုင်ရန် ၅၀ ဒသမ ၃ ဧက ကျယ်ဝန်းသည့် သစ်တောမြေနေရာရှိသည်။

ပင်လယ်ရေပြင်အမြင့် ၅၁၉ ဒသမ ၇၆၁ ပေတွင် စေတီကုန်းတော်ကြီး တည်ရှိပြီး ပွဲတော်များကျင်းပရာ ကွင်းမြေ ၅၄ ဒသမ ၈၉ ဧက၊ မီးရှူး မီးပန်း ကွင်းမြေ ၄၁ ဒသမ ၃၂ ဧက၊ ဝတ္တကမြေ ၁၇၇ ဒသမ ၉၃ ဧက၊ အဆောက်အအုံနှင့် ဘုရားစေတီနေရာများ အပါအဝင် စုစုပေါင်း ၃၂၄ ဒသမ ၄၄ ဧက ကျယ်ဝန်းသည်။

*စာမျက်နှာ ၁၁ သို့*

# မြစိမ်းရောင်လွှမ်း အေးချမ်းစေမည် မြန်မာပြည်

မြင့်စိုး(နတလ)



သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ထမ်းများ သင်္ကြန်ယိမ်းအကတိုက်နေကြစဉ်။

**သင်္ကြန်မိုးရေ တန်ခူးလေ**

တမြန်နေ့ညနေပိုင်းမှာ မိုးရိပ်လေရိပ်လေး ဆင်လာသည်။ မိုးခြိမ်းသံသဲ့သဲ့လေး ကြားနေရသည်။ ထိုစဉ်ခဏ အခိုက်အတန့်လေးမှာပင် သင်းပျံ့မွှေးထုံသော ပန်းရနံ့တစ်ခုက မိုးသက်လေနှင့်အတူ ဝေ့ဝဲပါလာသလိုမျိုး စိတ်ဝယ်ခံစားရှူရှိုက်လိုက်ရသည်။ ပိတောက်ပန်းရနံ့၊ သည်လိုအချိန် သည်လိုရာသီ သည်လိုကာလရောက်တိုင်း သင်္ကြန်မိုးရေ တန်ခူးလေနှင့်အတူ နမ်းရှိုက်ခွင့်ရခဲ့သော ပိတောက်ပန်းရနံ့ကို ကျွန်တော်လှမ်းလင့်လို့ ကြိုဆိုနေမိပါပကော။ ဖြတ်သန်းလာခဲ့ဖူးသော လွမ်းရင့်ရင့်ရာသီတို့က ဟိုအဝေးဆီမှာ ၁၀ စုနှစ် နှစ်ခုစာမျှပင်မကတော့ပြီ။ ၁၉၈၄ ခုနှစ် ရှမ်းပြည်နယ်(တောင်ပိုင်း) ဒေသမှ မိုင်းကိုင်သင်္ကြန်ကို လွမ်းသည်။ ၁၉၉၁ ခုနှစ် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသမှ နမ့်ဆန်သင်္ကြန်ကို သတိရမိသည်။ ၁၉၉၆ ခုနှစ်က ဟိုမိန်းဒေသသင်္ကြန်ကိုလည်း မမေ့။ ၂၀၀၀ ပြည့်လွန်နှစ်များမှာ နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသား၊ တိုင်းရင်းသူယဉ်ကျေးမှုအဖွဲ့များနှင့် ရေစက်ဆုံခဲ့ရသော ရန်ကုန်မြို့တော် မဟာသင်္ကြန်ပွဲတော် ပုံရိပ်များကလည်း ကျွန်တော့်နှလုံးသားမှာ တဖျပ်ဖျပ် ထင်ဟပ်လှုပ်ခတ်နေဆဲ။ သင်္ကြန်ရောက်လေတိုင်း သူတို့ကို ကျွန်တော်သတိရသည်။ သူတို့ဆိုသည်မှာ စောစောက ကျွန်တော်ပြောခဲ့သည့် နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသား၊ တိုင်းရင်းသူ ယဉ်ကျေးမှုအဖွဲ့များပဲဖြစ်သည်။ သူတို့ကို ယဉ်ကျေးမှုသံတမန်များဟူ၍လည်း ဂုဏ်ပြုခေါ်ဝေါ်ရေးသားခဲ့ဖူးသည်။

သင်္ကြန်ပွဲတော်ကြီး ပြီးသွားတိုင်း သူတို့နှင့်ပတ်သက်သည့် ဆောင်းပါးတစ်ပုဒ် အမြဲရေးဖြစ်ခဲ့သည်။ အထူးသဖြင့် ၂၀၀၀ ပြည့်လွန်နှစ်တွေမှာပဲဖြစ်၏။ နွေညှော်သည်တို့ အိမ်အပြန်၊ အလွမ်းသင်္ကြန် ပန်းသင်္ကြန်၊ ပြည်ထောင်စုသားတို့ သင်္ကြန်၊ မန်းတောင်ရိပ်မှသည်ပြည်ထောင်စုပန်းရနံ့ သင်းပျံ့နေသော သင်္ကြန်၊ နိုင်ငံတော်၏ ယဉ်ကျေးမှုသံတမန်များ အစရှိသည့် ခေါင်းစဉ်များပေး၍ ရေးခဲ့ခြင်းဖြစ်သည်။

**ကျွန်တော်နှင့် နယ်စပ်သင်္ကြန်တေးသီချင်းများ**

တပ်မတော်သားဘဝမှ နယ်စပ်/စည်ပင်ဝန်ကြီးဌာန နတလဦးစီးဌာနသို့ ၁၉၉၅ ခုနှစ်တွင် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့သော ကျွန်တော်။ ၁၉၉၇-၉၈ နှစ်လောက်မှစ၍ ဝန်ကြီးဌာန၊ ဦးစီးဌာန၏ ပြန်ကြားရေးလုပ်ငန်းများနှင့် စတင်ရင်းနှီးကျွမ်းဝင်ဖြစ်ခဲ့ရသည်။ ပြန်ကြားရေးလုပ်ငန်းများဆိုရာတွင် သတင်းထုတ်ပြန်ခြင်းလုပ်ငန်းမှအစ ပြခန်းများပြသခြင်း၊ ဌာနမဂ္ဂဇင်းနှင့် စာအုပ်စာစောင်များ ထုတ်ဝေခြင်း၊ နယ်စပ်ဖွံ့ဖြိုးရေးဆိုင်ရာ ရုပ်မြင်သံကြားအစီအစဉ်များ တည်းဖြတ်ထုတ်လွှင့်ခြင်း၊ နတလလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်မှုမှတ်တမ်းစာအုပ်များ ထုတ်ဝေခြင်း၊ တိုင်းရင်းသားလေ့လာရေး ခရီးစဉ်များ၊ သင်္ကြန်ပွဲတော်သို့ ဖိတ်ကြားခေါ်ယူခြင်းများ အပါအဝင် ဆောင်းပါးစာမူများ ရေးသားခြင်းအဆုံးဟု ပြောရမလိုပင်။

ရန်ကုန် မဟာသင်္ကြန်ပွဲတော်များသို့ နယ်စပ်ဒေသ တိုင်းရင်းသား၊ တိုင်းရင်းသူများကို ၁၉၉၃-၉၄ မှ စတင်ဖိတ်ကြားခေါ်ယူခဲ့ခြင်းဖြစ်ပေရာ ထိုအချိန်လောက်မှစ၍ ဌာနအတွက် တေးရေးဆရာ အသီးသီးက သင်္ကြန်သီချင်းများ ရေးစပ်သီကုံးပေးထားသည်ကို တွေ့ရသည်။ ထိုစဉ်က ကျွန်တော်တို့ဝန်ကြီးဌာန၏ ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး မောင်သင့်သည်ပင်လျှင် အနုပညာသမား တေးရေးဆရာတစ်ယောက် ဖြစ်ပေသည်။ ရဲဘော်သင့်၊ သင့်ရဲဘော်အမည်များနှင့် ရေးဖွဲ့ခဲ့သည်။ စီးပွားရေးပိတ်ဆို့တာ တို့မမှုပါဆိုသည့် စာသားများပါဝင်သည့် သူရေးသော သီချင်းတစ်ပုဒ်မှာ နဝတ၊ နယကခေတ်တစ်လျှောက်လုံး ပျံ့လွင့်လာခဲ့ရာ S2 ကြီးက တော်ပါတော့ ကိုသင့်ရယ် ဟူ၍ပင် တားယူခဲ့ရ၏။ ရမခတိုင်းမှူးဘဝက မောကိန္နရီ တေးဂီတအဖွဲ့သည်ပင်လျှင် အဘသင့် စတင်ထူထောင်ခဲ့သည့်အဖွဲ့ ဖြစ်နေမလားမသိပါ။ ကျွန်တော် နတလသို့ ရောက်သွားချိန်မှာ ဆရာသုခိအောင် (အဘဦးကျော်ဆန်း) ရေးသားပြီး ခွန်တင်မြိုင်နှင့် ခင်နန်းယုထွေးတို့ သီဆိုထားသော တိုင်းရင်းသားမျိုးဆွေ ခါသင်္ကြန်ရေ သီချင်း၊ ဆရာဟသ်ာတဦးမြင့်ငွေ ရေးစပ်ပြီး မေမီလင်း သီဆိုသည့် ပြည်ထောင်စုသားတို့ သင်္ကြန်သီချင်း၊ ဆရာဟသ်ာတဦးမြင့်ငွေ ပင် ရေးသားပြီး သင်းသီရိ သီဆိုသည့် နွေပိတောက်၊ ဆရာမြသန်းစံရေးသားပြီး ပီတာဘသိန်း သီဆိုသည့် ပြည်ထောင်စုနှင့် ခါသင်္ကြန်သီချင်းများက ရှိနေပြီဖြစ်သည်။ မြန်မာ့အသံမှာ အသံသွင်းထားပုံရသော တိပ်ခွေအကြီးကြီးများနှင့် တွေ့ရသည်။ ကျွန်တော်က တိပ်၊ စီဒီနှင့် သိမ်းထားလိုသဖြင့် မန်းသီရိတေးသံသွင်းမှာ ပြန်ကူးရသည်။ ကျွန်တော်ရောက်ပြီးနောက် ဌာနအတွက် ထပ်မံဆောင်ရွက်ခဲ့သော သင်္ကြန်သီချင်းများမှာ ဆရာဦးမြင့်ငွေ ရေးစပ်သီကုံးပြီး ယဉ်ဝေယံထွန်း သီဆိုထားသော ပြည်ထောင်စုကြီး အေးချမ်းပါစေ သီချင်းနှင့် စိုးစန္ဒာထွန်းသီဆိုထားသည့် ရာသက်ပန်ပြည်ထောင်စုအေးချမ်းပါစေ သီချင်းနှစ်ပုဒ်၊ ကေတုဝင်းထွဋ်ရေးသားပြီး စိုးစန္ဒာထွန်းသီဆိုထားသည့် ရိုးရာအလှ မြန်မာ့သင်္ကြန်သီချင်း၊ ရာမဦးအုန်းမောင်ရေးသား၍ ဖြူသန့်ထွန်းသီဆိုထားသည့် ပြည်ထောင်စုအားမာန် သွေးချင်းတို့သင်္ကြန် သီချင်းများ ဖြစ်ပါသည်။

**အမှတ်ရမိသော တိုင်းရင်းသား ရိုးရာသီချင်းနှင့် အကများ**

ရန်ကုန် မဟာသင်္ကြန်ပွဲတော်၌ ပါဝင်ဆင်နွှဲရန် ဖိတ်ကြားခေါ်ယူခဲ့သော တိုင်းရင်းသား၊ တိုင်းရင်းသူယဉ်ကျေးမှုအဖွဲ့များမှာ ပြည်နယ်/ တိုင်းဒေသကြီးအလိုက် လူမျိုးစုံ၊ နေရာဒေသစုံဖြစ်သည်။ ၁၉၉၃ ခုနှစ် ထားဝယ်နှင့် ဓနုနှစ်ဖွဲ့မှ အစပြုဖိတ်ကြားလာခဲ့ရာ ၂၀၀၃ ခုနှစ်တွင် ၁၉ ဖွဲ့အထိ တိုးတက်များပြားလာခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် ၁၀ ဖွဲ့ဖြင့် နောက်ဆုံးဖိတ်ကြားခဲ့ခြင်းဖြစ်၏။ ရောက်ရှိလာသော ယဉ်ကျေးမှုအဖွဲ့များအနေဖြင့် မြန်မာသင်္ကြန်သီချင်းများအတွက် ၁၆ ဦးယိမ်း၊ ၂၀ ဦးယိမ်းများခွဲ၍ အကတိုက်ကြရသကဲ့သို့ ၎င်းတို့ယူဆောင်လာသော တိုင်းရင်းသားသီချင်းများ၊ အကများဖြင့်လည်း ဖျော်ဖြေတင်ဆက်ခွင့် ရခဲ့ကြသည်။ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာထဲက နယ်စပ်/စည်ပင် သင်္ကြန်မဏ္ဍပ်အပြင် ရန်ကုန်မြို့တော်ဝန်မဏ္ဍပ်၊ နိုင်ငံခြားရေး၊ ပြည်ထဲရေးဝန်ကြီးဌာနမဏ္ဍပ်များ၊ ဗိုလ်ချုပ်စျေးမဏ္ဍပ် စသည်တို့၌ သွားရောက်ဖျော်ဖြေကပြခဲ့ကြသလို MRTV နှင့် မြဝတီရုပ်သံတို့တွင်လည်း ရုပ်မြင်သံကြား အစီအစဉ်များ ရိုက်ကူးပြီး မိမိတို့၏ရိုးရာယဉ်ကျေးမှုများကို ဖော်ထုတ်ပြသခွင့် ရခဲ့ကြသည်။

ရဝမ်တိုင်းရင်းသားတို့၏ ‘အဇီးလမ်’ အကသည် စုပေါင်းမနောအကဖြစ်ပြီး ပျော်ပွဲရွှင်ပွဲ၊ ငွေရတု၊ ရွှေရတု၊ စိန်ရတုရိုးရာပွဲများတွင် ကပြဖျော်ဖြေလေ့ရှိကြောင်း၊ လီဆူတိုင်းရင်းသားတို့၏ ‘ရှာဖဲတာ’ အကကတော့ အလွန်ရင်းနှီးသော မိတ်ဟောင်းဆွေဟောင်းများ ပြန်လည်ဆုံတွေ့ကြသောအခါ လှိုက်လှိုက်လှဲလှဲ ဝမ်းပန်းတသာ နှုတ်ဆက်သည့်အနေဖြင့် အရက် (သို့မဟုတ်) ခေါင်ရည်ကို ခွက်တစ်ခုတည်းမှာထည့်ကာ အတူမော့သောက်ကြသည့် ကကွက်ဖြစ်သည်။ စည်းလုံးမှုသည် ခွန်အား၊ စုပေါင်းခြင်းသည်အင်အားဟူသော အဓိပ္ပာယ်ကိုလည်း ဖော်ဆောင်ကြောင်း သိရသည်။ လောက်ကိုင်/ ကုန်းကြမ်းဒေသမှ ကိုးကန့်တိုင်းရင်းသူများက ‘လက်ဖက်ခူး’ အကဖြင့် ကပြသွားခဲ့သည်။ ပန်ဆန်းနှင့် မိုင်းမောဒေသမှ ‘ဝ’ တိုင်းရင်းသူလေးများကမူ နူးညံ့ပျော့ပျောင်းပြီး ရှည်လျားလှပသည့် ဆံပင်ရှည်ကြီးများကို စည်းချက်ဝါးချက်နှင့်အညီ လှုပ်ခါဝှေ့ယမ်းလျက် ‘ဝ’ တို့ပျိုမေ ဆံကေသာ ကပြဖျော်ဖြေခဲ့ကြရာ လာရောက်ကြည့်ရှုသူ သံတမန်မိသားစုဝင်များ အထူးနှစ်သက်သဘောကျကာ ဩဘာလက်ခုပ်သံများ သောသောညံသွားသည်ကိုလည်း သတိရမိ၏။ သူတို့အဖွဲ့ကပြသည့် စပါးလိပ်ပြာပြန်လာပါ အကသည်လည်း ကြည့်၍အလွန်ကောင်းပါသည်။

ကယားပြည်နယ် ဒီမောဆိုဒေသမှ ကယားယဉ်ကျေးမှုအဖွဲ့၏ “ဆောင်ဒူပါကန်း” ကယန်းအကဖြင့် တင်ဆက်ခဲ့ကြရာတွင် မြင်းမထိတောင်ကြီးပေါ်မှ စိုက်ပျိုးရေးလုပ်ငန်းများကို ဖော်ညွှန်းထားကြောင်း သိရသည်။ ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးဒေသမှ ကရင်တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့၏ ကရင်ဒုံးယိမ်းအက၊ ရခိုင်ပြည်နယ်မောင်တောဒေသမှ မြိုတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့၏ “နိုန့်ဆာရ်ကျိုးရီမလိုက်” ဟု အမည်ရသည့် နှစ်သစ်ကို ကြိုဆိုသည့် အက၊ ချင်းပြည်နယ် ရိဒ်ခေါရ်ဒါဒေသမှ ချင်းတိုင်းရင်းသူ ယဉ်ကျေးမှုအဖွဲ့၏ ဝါးညှပ်အက၊ မင်းတပ်ဒေသ ချင်းတိုင်းရင်းသားများ၏ ကောက်ရိတ်သိမ်းပွဲအကများကိုလည်း မမေ့ခဲ့ပါ။ နာဂဒေသ နန်းယွန်း/ ပန်ဆောင်ယဉ်ကျေးမှုအဖွဲ့၏ ‘ကိုင်အီလို’ ဟု အမည်ပေးထားသော နာဂရိုးရာဓလေ့ တောင်ယာခုတ်သွားကြပုံ၊ စူးထိုးကောက်စိုက်ကြပုံ၊ စပါးရိတ်ခြင်း၊ နယ်ခြင်း၊ ပြာလှေ့ခြင်းများ ပြုလုပ်ကြပုံတို့ကို စုပေါင်းညီညာစွာ တင်ဆက်သွားကြပုံများသည်လည်း နှစ်ပေါင်း ၂၀ ကျော် ကြာမြင့်ခဲ့ပြီဖြစ်သော်ငြား ကျွန်တော့်စိတ်ထဲမှာတော့ မနေ့တစ်နေ့ကအတိုင်း ပုံရိပ်ထင်နေဆဲပင်။ ဪ…သင်္ကြန်မိုးရေ တန်ခူးလေနှင့် နှောင်ဖွဲ့ထားသော သံယောဇဉ်များပါပေတကား။

**ကျွန်တော်နှင့် ပထမဆုံး ရုပ်သံရိုက်ကူးခြင်းအတွေ့အကြုံ**

ရန်ကုန်မြို့ သာကေတမြို့နယ် သန်လျင်တံတားကြီးအနီး ပဲခူးမြစ်ကမ်းဘေး၌ တည်ဆောက်ခဲ့သော ပြည်ထောင်စုတိုင်းရင်းသားကျေးရွာကြီးကို ၂၀၀၂ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ဖွင့်လှစ်ခဲ့သည်။

“ရန်ကုန်မဟာသင်္ကြန်ပွဲတော်၌ ပါဝင်ဆင်နွှဲရန် ဖိတ်ကြားခေါ်ယူခဲ့သော တိုင်းရင်းသား၊ တိုင်းရင်းသူယဉ်ကျေးမှုအဖွဲ့များမှာ ပြည်နယ်/ တိုင်းဒေသကြီးအလိုက် လူမျိုးစုံ၊ နေရာဒေသစုံဖြစ်သည်။ ၁၉၉၃ ခုနှစ် ထားဝယ်နှင့် ဓနုနှစ်ဖွဲ့မှ အစပြုဖိတ်ကြားလာခဲ့ရာ ၂၀၀၃ ခုနှစ်တွင် ၁၉ ဖွဲ့အထိ တိုးတက်များပြားလာခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် ၁၀ဖွဲ့ဖြင့် နောက်ဆုံး ဖိတ်ကြားခဲ့ခြင်းဖြစ်၏။ ရောက်ရှိလာသော ယဉ်ကျေးမှုအဖွဲ့များအနေဖြင့် မြန်မာသင်္ကြန်သီချင်းများအတွက် ၁၆ ဦးယိမ်း၊ ၂၀ ဦးယိမ်းများခွဲ၍ အကတိုက်ကြရသကဲ့သို့ ၎င်းတို့ယူဆောင်လာသော တိုင်းရင်းသားသီချင်းများ၊ အကများဖြင့်လည်း ဖျော်ဖြေတင်ဆက်ခွင့်ရခဲ့ကြ”

*စာမျက်နှာ ၁၁ သို့*

စာမျက်နှာ ၉ မှ

စေတီတော်၏ အနောက်မြောက်ထောင့်အရပ်တွင် ဗုဒ္ဓခြေတော်ရာ သိရီပါဒကျောင်းတော်နှင့် ဩဝါဒပါတိမောက်စေတီတော်ငယ်တစ်ဆူ၊ စေတီတော်အနောက်ဘက်အောက်ခြေ ကားလမ်းအနီး၌ အမြင့် ခုနစ်ပေရှိ ရုပ်တော်မူကျောက်ဆစ်ရုပ်ပွားတော်တစ်ဆူနှင့် ကျောင်းဆောင်ငယ် တစ်ဆောင်တို့မှာလည်း ဝတ္တကနယ်မြေအတွင်း လှူဒါန်းတည်ဆောက်ထားရှိခဲ့ကြရာ မော်တော်ယာဉ်ဖြင့် လှည့်လည်ပူဇော်ဖူးမြော်နိုင်ကြသည်။

မော်တော်ယာဉ်များထားရှိရန် ကွန်ကရစ်ခင်းကွင်းပြင်များ၊ ဘုရားဈေးတန်းတို့မှာလည်း စေတီတော်ပတ်ပတ်လည် အခြေများ၌ တည်ဆောက်ထားရှိရာ လာရောက်ဖူးမြော်ပူဇော်ကြသူ ဘုရားဖူးများစွာအတွက် အဆင်ပြေချောမွေ့လှသည်။

ယခုအခါ ရွှေစင်ရွှေပြားများကိုလည်း စေတီတော်၏ ဒုတိယဖောင်းရစ်အထိ ကပ်လှူ ပူဇော်ခဲ့ပြီးဖြစ်ရာ ရွှေစင်ရွှေပြားသက်န်းတော်များစွာတို့သည် စေတီတော်ကြီး၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ငှက်ပျောဖူး၊ ငှက်ပျောဖူးအောက်ခါးစည်း၊ အထက်ကြာနု၊ ကြာလန်၊ ရွဲအထက်ဖောင်း၊ ရွဲ၊ ရွဲအောက်ဖောင်း၊ ကြာမှောက်၊ အောက်ကြာနု၊ အောက်ကြာနု အောက်ခါးစည်းကြီး၊ တတိယဖောင်းရစ်(တတိယဂေါ့)၊ ဒုတိယဖောင်းရစ် (ဒုတိယဂေါ့) ဒုတိယဖောင်းရစ်အထိ ရွှေရောင် တဝင်းဝင်းဖြင့် ကြည်ညို သပ္ပာယ်စွာ ဖူးတွေ့ရမည်ဖြစ်ပြီး စေတီတော်ကြီး၏ ကျန်ရှိနေရာများတွင် ရွှေစင်ရွှေပြားများ ကပ်လှူပူဇော်နိုင်ရေးအတွက်လည်း ဂေါပကအဖွဲ့က ကြိုးပမ်းဆောင်ရွက်လျက်ရှိကြသည်။

စေတီတော်ကြီးတွင် လစဉ်အလိုက် ပွဲတော်အခမ်းအနားများကိုလည်း စဉ်ဆက်မပြတ် နှစ်စဉ်ကျင်းပခဲ့သည်။ ထိုသို့ဆောင်ရွက်ရာတွင် မဟာပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်ပွဲကို ၁၂ လလုံး လစဉ် စီမံဆောင်ရွက်ခဲ့ကြပြီး တန်ခူးလ နှစ်ဆန်း ၁ ရက်နေ့ နံနက်တွင် နှစ်သစ်မင်္ဂလာအန္တရာယ်ကင်း ပရိတ်တရားတော်နာအခမ်းအနား၊ ကဆုန်လပြည့်နေ့တွင် ညောင်ရေသွန်းပွဲတော်အခမ်းအနား၊ ဝါဆိုလပြည့်နေ့ (ဓမ္မစကြာအခါတော်နေ့)တွင် ဝါဆိုရွှေကြာသင်္ကန်းကပ်လှူပူဇော်ပွဲ၊ သံဃာတော်များအား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း ပွဲအခမ်းအနား၊ ဝါတွင်း သုံးလတွင် လဆန်း ၈ ရက်၊ လဆုတ် ၈ ရက် နှင့် လပြည့်၊ လကွယ်နေ့များတွင် ဥပုသ်သီလပေးပွဲ၊ သီတင်းကျွတ်လပြည့် နေ့တွင် အဘိဓမ္မာအခါတော်နေ့ အခမ်းအနား၊ သီလပေးပွဲနှင့် ဆီမီး ထွန်းညှိပူဇော်ပွဲတော်၊ တန်ဆောင်မုန်းလပြည့်နေ့တွင် ရွှေကြာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားနှင့် ဆီမီးထွန်းညှိပူဇော်ပွဲတော်၊ တပေါင်းလတွင် ဗုဒ္ဓပူဇနိယပွဲ၊ ဘုရားပွဲ (ပျော်ပွဲ၊ ရွှင်ပွဲ)၊ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲ၊ ဆွမ်းဆန်တော်လောင်းလှူပွဲ အခမ်းအနားများ ပူဇော်ကျင်းပခဲ့ကြသည်။

မြန်မာနိုင်ငံတော်အတွင်း ထေရဝါဒဗုဒ္ဓသာသနာတော်အား စောင့်ရှောက်ရာ သာသနာ့နယ်မြေ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ခမ်းနားကြီးကျယ်မြင့်မြတ်မှုကို အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ လာရောက်ဖူးမြော်နိုင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

---

စာမျက်နှာ ၁၀ မှ

ငှင်းကျေးရွာကြီးသည် ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့် (သမ္မတရုံးဝန်ကြီး၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ-ငြိမ်း) နှင့် နတလညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး သန်းဆွေ (ယခုပြည်ထောင်စုဝန်ကြီး-နိုင်ငံခြားရေး ဝန်ကြီးဌာန) တို့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ဒုတိယဗိုလ်မှူးကြီးဇော်ဦး (ညွှန်ကြားရေးမှူးချုပ်-ငြိမ်း)၊ ဗိုလ်မှူးရဲနိုင် (အဖွဲ့ဝင်-ပြည်ထောင်စု ရာထူးဝန်အဖွဲ့) တို့က ကြီးကြပ်ကွပ်ကဲတည်ဆောက်ခဲ့ကြခြင်းဖြစ်သည်။ Grand gate၊ သက္ကညီနောင်ဘုရားနှင့် နတ်ကွန်းတစ်ခုမှလွဲ၍ ဘာမှမရှိသော လယ်ကွင်းကြီးထဲမှ အစပြုတည်ဆောက်ခဲ့ရသော မှတ်တမ်းဓာတ်ပုံများ ယခုချိန်အထိ ကျွန်တော် သိမ်းထားဆဲဖြစ်သည်။ ဗိုလ်မှူးဌေးမြင့်၊ ဦးညီညီ၊ ဗိုလ်မှူးစိုးအောင်၊ ဗိုလ်မှူးသန်းထူး၊ ဦးအေးလွင်၊ ဦးစိန်လင်း (ကွယ်လွန်)၊ ဗိုလ်မှူးထွန်းဦး၊ ဗိုလ်မှူးစန်းဝေ အစရှိသော ညွှန်မှူး၊ ဒုညွှန်မှူးများက ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း တိုင်းရင်းသားရိုးရာ အိမ်အလိုက် တာဝန်ယူကြရသည်။ ဖွင့်ပွဲအခမ်းအနားတွင် သီချင်းတစ်ပုဒ် ထုတ်လွှင့်ချင်သည်ဟု ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဆွေက တာဝန်ပေးအပ်လာရာ ကျွန်တော်သည် ဟင်္သာတဦးမြင့်ငွေ၏ နေအိမ်သို့ သွားရောက်ပြီး ဆရာ့ထံ အကူအညီတောင်းခဲ့သည်။ ပြည်ထောင်စုတိုင်းရင်းသား ကျေးရွာတည်ထောင်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်၊ သီချင်းတွင် ပါဝင်စေလိုသော အကြောင်းအရာတို့ကို အကြံပြုရေးသားပေးခဲ့သည်။ ဆရာက ကျွန်တော်ပေးသော စကားလုံးများကိုပါ ထည့်သွင်းအသုံးပြုလျက် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာဟု အမည်ပေးထားသော သီချင်းတစ်ပုဒ်ကို ရေးသားပေးခဲ့သည်။

ယင်းသီချင်းကို စန္ဒရားမောင်လှအေးက တီးခတ်ပေးပြီး တေးသံရှင် ရတနာဦး သီဆိုကာ မေစတူဒီယိုတွင် အသံသွင်းခဲ့သည်ကိုလည်း အမှတ်ရနေ၏။ ရှေးဗမာကြီးများရဲ့ ရိုးရာအိမ်ဟု သီဆိုရမည့်အစား ရတနာဦးက ရှေးမြန်မာကြီးများရဲ့ ရိုးရာအိမ်ဟု ဆိုထားသဖြင့် မြန်မာမဟုတ် ဗမာဟုသီဆိုရမည်ဖြစ်ကြောင်း ပြန်လည်ပြောပြ အသံသွင်းခဲ့ရသည်ကိုလည်း သတိတရ ရှိနေပါသည်။ ထိုသီချင်းကို တိုင်းရင်းသားရွာထဲတွင် သရုပ်ဆောင် ရတနာခင်နှင့် ရုပ်မြင်သံကြားရိုက်ကူးကြသောအခါ ထုတ်လုပ်ရေးမှူး ကိုကျော်ကျော်၊ ကင်မရာမင်း ကိုထင်လင်းတို့နှင့်အတူ ဆရာဟင်္သာတဦးမြင့်ငွေကိုယ်တိုင် လာရောက်ကြီးကြပ်ပေးပါသည်။ သီချင်းကို ရှေ့က တစ်ကြောင်းကြို၍ နှုတ်တိုက်ချပေးပြီး သရုပ်ဆောင်က နောက်မှလိုက်၍ ပါးစပ်လှုပ်သီဆိုဟန် ပြုရသည်။ သူ့ဟာနှင့်သူတော့ ကွက်တိကိုကျလို့ပင်။ မြန်မာ့ရုပ်မြင်သံကြားအထိ လိုက်လံကြည့်ရှုခွင့်ရခဲ့ရာ တည်းဖြတ်ခြင်းလုပ်ငန်းကိုပါ မြင်ခဲ့ရသည်။ ကျေးဇူးတင်ခဲ့ရပါသည်။ ဆရာအလင်္ကာကျော်စွာ ဟင်္သာတဦးမြင့်ငွေနှင့် ကိုကျော်ကျော်။




နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ သင်္ကြန်ယိမ်း အကတိုက်နေကြစဉ်။

**ပြည်ထောင်စုကြီးအေးချမ်းပါစေ သင်္ကြန်သီချင်း**

ထိုသီချင်းသည် နတလဦးစီးဌာန၏ မူပိုင်သီချင်းဖြစ်သည်။ ဆရာဦးမြင့်ငွေ ရေးစပ်သီကုံးပေးပြီး တေးသံရှင်ယဉ်ဝေယံထွန်း (ယဉ်ယဉ်ထွန်း) သီဆိုခဲ့သည်။ ထိုသီချင်းထဲမှာ ကျွန်တော်ပေးခဲ့သော တေးစာသားများကတော့ တိုင်းရင်းသားမျိုးနွယ်စုတွေ... မိသားစုတွေ ... ရေမြေအလိုက်စုပေါင်းနေထိုင်... တိုင်းရင်းသားလူမျိုးစုံစွာ... အေးအတူပူအမျှ စုစည်းယှက်နွှယ်... ပြည်ထောင်စုငယ်လေးများသဖွယ် ဆိုသည့် စာသားများဖြစ်ပါသည်။ ပြည်ထောင်စုငယ်လေးများသဖွယ်ဆိုသည့် စာသား၏အဓိပ္ပာယ်မှာ မြန်မာပြည်အတွင်း မည်သည့် ပြည်နယ်/ တိုင်းဒေသကြီးမှာမဆို လူမျိုးတစ်မျိုးတည်း နေထိုင်ခြင်းမဟုတ်ဘဲ ကချင်လည်းနေသည်၊ ကယားလည်းနေသည်၊ ကရင်လည်းပါသည်၊ ချင်းလည်းတွေ့ရမည်။ အရေအတွက် အနည်းအများသာ ကွာချင်ကွာမည်။ အားလုံးရှိနေကြသည့် သဘောကို ရည်ညွှန်းပါသည်။ နယ်စပ်ဒေသတိုင်းရင်းသားတွေကို ဖိတ်ကြားခေါ်ယူခဲ့စဉ်က မွန်ပြည်နယ် ရေး တောင်ခြမ်းဒေသမှ မွန်တွေပါသလို တနင်္သာရီတိုင်း ချောင်ချိဒေသမှ မွန်တိုင်းရင်းသားတိုင်းရင်းသူများလည်း ပါဝင်ခဲ့သည်။ ထို့အတူ ကယားပြည်နယ် မော်ချီးဒေသမှ ကရင်အဖွဲ့နှင့် ကရင်ပြည်နယ် လှိုင်းဘွဲဒေသမှ ကရင်အဖွဲ့တို့ ဆုံခဲ့ကြသည်။ ကချင်ပြည်နယ် အင်းတော်ကြီးဒေသမှ ရှမ်းနှင့် ကရင်ပြည်နယ် မြဝတီဒေသမှ ရှမ်းအဖွဲ့တို့ဆုံခဲ့ကြသည်။ ဆိုလိုသည်မှာ ရှမ်းလူမျိုးများသည်လည်း ရှမ်းပြည်နယ်ထဲမှာသာမက အခြားပြည်နယ်နှင့် တိုင်းများတွင်လည်း ရှိနေသည့်သဘော။

စိုးစန္ဒာထွန်းသီဆိုထားသည့် ရာသက်ပန်ပြည်ထောင်စုအေးချမ်းပါစေ သင်္ကြန်သီချင်းကလည်း နတလဦးစီးဌာနအတွက် ထပ်မံရေးစပ်ခဲ့သည့် သီချင်းဖြစ်သည်။ တေးလက်ရာရှင်ကတော့ ဟင်္သာတဦးမြင့်ငွေပဲ ဖြစ်၏။ ထိုသီချင်းစာသားများထဲမှ ရာသက်ပန်ပြည်ထောင်စုဆိုသည့် အသုံးအနှုန်းနှင့် တောင်ပေါ်မြေပြန့်မခွဲခြား...ခိုင်မြဲတဲ့ သန္နိဋ္ဌာန်တွေ... ဆူကြုံနိမ့်မြင့်မရှိ ကွာဟမှုလျော့နည်း... တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်ရမလေ...ဆိုသည့် စာသားများကို ထည့်သွင်းဖော်ပြပေးပါရန် ဆရာ့ထံပေးပို့ခဲ့သည်။

**ထို့ကြောင့် ဤအရာကို နတလဟုခေါ်သည်**

သည်ခေါင်းစဉ်ဖြင့် ဆောင်းပါးတစ်ပုဒ် ရေးခဲ့စဉ်က ဆရာအောင်လင်း၏ ထို့ကြောင့် ဤအရာကို အချစ်ဟုခေါ်သည် ဝတ္ထုခေါင်းစဉ် (ရုပ်ရှင်လည်းရိုက်ခဲ့ပါသည်) အား သဘောကျသဖြင့် ယူသုံးခဲ့ကြောင်း နိဒါန်းချီ၍ ရှင်းလင်းပြောပြခဲ့ဖူးသည်။ ထိုအမည်ကိုပင်သုံးလျက် ၂၀၁၈ ခုနှစ်တွင် ကျွန်တော်သီချင်းတစ်ပုဒ်ရေးသားပြီး ဆရာဟင်္သာတဦးမြင့်ငွေထံ ပေးပို့၍ သံစဉ်ရှာပေးပါရန် အကူအညီတောင်းခဲ့သည်။ ဆရာက သံစဉ်ရှာပေးသလို အချို့တေးစာသားများကိုလည်း လှပအောင် ပြင်ဆင်ပေးပါသည်။ တေးရေး မြင့်စိုး (နတလ)ပဲ သုံးလိုက်ပါ။ သံစဉ်ရှာပေးသော သူ့အမည်ကို မထည့်ရန် ခွင့်ပြုပေးခဲ့ပါသည်။ ယခုနှစ် နေပြည်တော် မဟာသင်္ကြန်ပွဲတော်မှာ ယင်းသီချင်းဖြင့် ကပြဖျော်ဖြေရန် နတလဝန်ထမ်းများ အကတိုက်နေကြကြောင်း သိရသည်။

**မြစိမ်းရောင်လွှမ်း အေးချမ်းစေမည် မြန်မာပြည်**

ဒီသီချင်းကတော့ ကျွန်တော်ရောက်ရှိတာဝန်ထမ်းဆောင်နေသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအတွက် မကြာသေးခင်ကမှ ရေးသားခဲ့သော သီချင်းဖြစ်ပါသည်။ ထုံးစံအတိုင်း ကျွန်တော်သံစဉ်မရှာတတ်ပါ။ ဆရာဦးမြင့်ငွေကပင် သံစဉ်ရှာဖွေ ပြင်ဆင်မွမ်းမံပေးပါသည်။ မြစိမ်းရောင်ဆိုသည့် တေးစာသားသည် မိမိတို့ဝန်ကြီးဌာနအောက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်နေသော မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ရည်ညွှန်းသလို နိုင်ငံတော်အနေဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတို့တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေများထုတ်ပေးကာ အင်တိုက်အားတိုက် ဆောင်ရွက်နေကြသော စိုက်ပျိုးရေးမြစိမ်းရောင်၊ မွေးမြူရေးမြစိမ်းရောင် စီမံကိန်းလုပ်ငန်းများကိုလည်း ရည်ညွှန်းပါသည်။

နိုင်ငံတော်အကြီးအကဲ နိုင်ငံတော်ဝန်ကြီးချုပ်ကလည်း သွားရောက်ခဲ့သည့် ပြည်နယ်၊ တိုင်းဒေသကြီး ခရီးစဉ်များတွင် စိုက်ပျိုးရေးအခြေခံအချက်များဖြစ်သည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်ပျိုးမြေကောင်းမွန်ရေး၊ စိုက်ပျိုးရေ လုံလောက်စွာ ရရှိရေး၊ စိုက်ပျိုးနည်းစနစ် မှန်ကန်မှုရှိစေရေးတို့အတွက် ပညာပေးခြင်းနှင့် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရန်၊ စပါးစိုက်ပျိုးရာတွင် ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရန်၊ ဆီထွက်သီးနှံနှင့် အခြားသီးနှံထုတ်ကုန်များ တစ်ဧကအထွက်နှုန်းတိုးစေရေးအတွက် မျိုးကောင်းမျိုးသန့်များဖြင့် သီးထပ်စိုက်ပျိုးပြီး ပန်းတိုင်ရည်မှန်းချက် ပြည့်မီစေရေး ကြိုးပမ်းဆောင်ရွက်ကြရန်၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သမဝါယမစနစ်ကို ကျင့်သုံးခြင်းဖြင့် လုပ်ငန်းများ ပိုမိုတိုးတက်လာစေမည်ဖြစ်၍ ဇုန်အလိုက်ခွဲခြားပြီး သမဝါယမအစုအဖွဲ့ဖြင့် လုပ်ဆောင်နိုင်ရေး ပညာပေးဆောင်ရွက်ရန် မှာကြားခဲ့သည်။

ပြည်နယ်၊ တိုင်းဒေသကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအလိုက် စီမံဆောင်ရွက်နေကြသော စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများသည် ဒေသခံတောင်သူလယ်သမားများ၊ လုပ်ငန်းရှင်များနှင့် ပြည်သူများအတွက် ထိရောက်သော အကျိုးဖြစ်ထွန်းမှုများရရှိလာမည်မှာ မလွဲဧကန်ဖြစ်သည်။ နိုင်ငံ့စီးပွား မြှင့်တင်ရေး၊ လယ်ယာကဏ္ဍ စီးပွားမြှင့်တင်ရေးလုပ်ငန်းများဖြင့် တောင်သူလယ်သမားများဘဝ အေးချမ်းသာယာကာ ကြွေးမြီကင်းစင်သော မိသားစုဘဝများကို ပိုင်ဆိုင်ခွင့်ရလာကြမည်ဖြစ်သည်။ စိုက်ပျိုးရေးမြစိမ်းရောင်၊ မွေးမြူရေးမြစိမ်းရောင်များက နိုင်ငံတစ်ဝန်းလုံးအတွက် အေးချမ်းမှုများကို ဆောင်ယူလာပါလိမ့်မည်။

ယခုနှစ် နေပြည်တော် မဟာသင်္ကြန်ပွဲတော်ကြီးတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ထမ်းများက ထိုသီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ရန် အကတိုက်နေကြပြီဖြစ်သည်။ မကြာမီအချိန်လေးမှာ သင်္ကြန်မိုးရေ တန်ခူးလေနှင့်အတူ သင်းပျံ့ကြိုင်လှိုင်သော ပိတောက်ပန်းရနံ့တို့ကို ဆောင်ယူလာပါတော့မည်။ ထိုနည်းတူစွာ မြစိမ်းရောင်လွှမ်း၍ အေးချမ်းသာယာသော ရွှေပြည်မြန်မာကို ကျွန်တော်တို့ ဖန်တီးတည်ဆောက်ခွင့် ရကြပါလိမ့်မည်။ မင်္ဂလာရှိသော နှစ်သစ်ကို ဝမ်းပန်းတသာ ကြိုဆိုကြပါစို့။ ။

# ဘူလ်ဂေးရီးယားနိုင်ငံ၌ အစောပိုင်းပါလီမန်ရွေးကောက်ပွဲများ ကျင်းပ

**ဆိုဖီယာ ဧပြီ ၂**

ဘူလ်ဂေးရီးယား နိုင်ငံသားများသည် နှစ်နှစ်အတွင်း ဘူလ်ဂေးရီးယား၏ ပဉ္စမအကြိမ် ပါလီမန်ရွေးကောက်ပွဲဖြစ်သည့် နိုင်ငံ၏ အစောပိုင်းပါလီမန်ရွေးကောက်ပွဲအတွင်း မဲပေးရန် ဧပြီ ၂ ရက်က မဲရုံသို့ သွားရောက်လျက်ရှိကြောင်း သိရသည်။

နိုင်ငံရေးပါတီ ၁၄ ပါတီနှင့် ညွန့်ပေါင်းခုနစ်ဖွဲ့မှ ဥပဒေပြု လွှတ်တော်ကိုယ်စားလှယ် ၂၄၀ ကို မဲဆန္ဒရှင် ၆ ဒသမ ၆ သန်းနီးပါးက ရွေးချယ်ကြောင်း တရားဝင် အချက်အလက်များအရ သိရသည်။ နိုင်ငံတစ်ဝန်း မဲရုံပေါင်း ၁၁၈၀၀ ကျော်ကိုဒေသစံတော်ချိန် နံနက် ၇ နာရီတွင် ဖွင့်လှစ်၍ ည ၈ နာရီတွင် ပိတ်သိမ်းမည်ဖြစ်ကြောင်း ဘူလ်ဂေးရီးယား ဗဟိုရွေးကောက်ပွဲကော်မရှင်က ပြောကြားသည်။ မဲပုံး ၇၃၇ ပုံးရှိပြီး ပြည်ပတွင် နေထိုင်သည့် ဘူလ်ဂေးရီးယားနိုင်ငံသားများအတွက် ဧပြီ ၂ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီမှ ည ၈ နာရီအထိ လျှို့ဝှက်မဲပေးနိုင်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။



ဘူလ်ဂေးရီးယားနိုင်ငံ ဝန်ကြီးချုပ်ဟောင်း ကီရီလ် ပက်ကော့ဗ် ဆိုဖီယာမြို့ရှိ မဲရုံတွင် မဲထည့်နေမှုကို ဧပြီ ၂ ရက်က တွေ့ရစဉ်။

နိုင်ငံ၏ ဥပဒေပြုချက်အရ ပါတီများနှင့် ညွန့်ပေါင်းအဖွဲ့များသည် အမျိုးသားလွှတ်တော်သို့ ဝင်ရောက်ရန် အနည်းဆုံးဆန္ဒမဲ ၄ ရာခိုင်နှုန်း ရရှိရန် လိုအပ်ကြောင်း သိရသည်။ ဘူလ်ဂေးရီးယားနိုင်ငံ၌ မဲရုံထွက်စစ်တမ်းများကို မဲရုံပိတ်ပြီးနောက် ချက်ချင်း ကြေညာသွားမည်ဖြစ်ပြီး တရားဝင် မဲရလဒ်များကို ကြာသပတေးနေ့တွင် ကြေညာရန် ခန့်မှန်းထားကြောင်း သိရသည်။ **ဆင်ဟွာ**



# ပုပ်ရဟန်းမင်းကြီးဖရန်စစ် ဆေးရုံမှ ဆင်းလာပြီဟု ဗာတီကန် ပြော

**ဗာတီကန်စီးတီး ဧပြီ ၂**

ပုပ်ရဟန်းမင်းကြီးဖရန်စစ်သည် ဧပြီ ၁ ရက်တွင် ဆေးရုံမှဆင်းလာပြီဟု ဗာတီကန်မှ ပြောသည်။ ပုပ်ရဟန်းမင်းကြီးသည် လည်ချောင်းနာရောဂါအတွက်ဆေးရုံတက်ကာ ကုသမှုခံယူနေခြင်းဖြစ်သည်။

အသက် ၈၆ နှစ်ရှိပြီဖြစ်သော ပုပ်ရဟန်းမင်းကြီးသည် မတ် ၂၉ ရက်က အသက်ရှူရခက်ခဲလာသည့်အတွက် ဆေးရုံတက်ခဲ့ခြင်းဖြစ်သည်။ ပဋိဇီဝဆေးများ အကြောထဲသို့ သွင်းပြီးနောက် ၎င်း၏ အခြေအနေမှာ ပြန်လည်ကောင်းမွန်လာသည်ဟု သိရသည်။ ဆေးရုံမှ ထွက်ခွာလာပြီး သတင်းထောက်များနှင့်တွေ့ဆုံစဉ် ၎င်းကျန်းမာနေဆဲဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ၎င်း၏ကားနားရောက်သည့်အခါ ခေတ္တရပ်နားပြီး ဆေးရုံအပြင်ဘက်ရှိ ပြည်သူများနှင့် စကားပြောခဲ့သည်။ ဧပြီ ၂ ရက်တွင် ပုပ်ရဟန်းမင်းကြီးသည် စိန့်ပီတာရင်ပြင်၌ စုဝေးပွဲပြုလုပ်ရန် ရည်ရွယ်ထားကြောင်း ဗာတီကန်က ပြောသည်။ ပုပ်ရဟန်းမင်းကြီး၏ ကျန်းမာရေး အခြေအနေကို ဒေသတွင်းမီဒီယာများက မျက်ခြည်မပြတ်စောင့်ကြည့်နေကြသည်။ မကြာသေးမီနှစ်များကလည်း ဒူးနာခြင်းကြောင့် လမ်းလျှောက်ရန် ခက်ခဲလာသည်ဟု သိရသည်။ **အင်န်အိတ်ချ်ကေ**

# အမေရိကန်တောင်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့၌ လေဆင်နှာမောင်း တိုက်ခတ်မှုများကြောင့် ၂၂ ဦး သေဆုံး

**နယူးယောက် ဧပြီ ၂**

အမေရိကန် တောင်ပိုင်းနှင့် အနောက်အလယ်ပိုင်း ပြည်နယ်များတွင် မတ် ၃၁ ရက်မှ ဧပြီ ၁ ရက်အတွင်း လေဆင်နှာမောင်းများ တိုက်ခတ်မှုကြောင့် ၂၂ ဦးထက်မနည်း သေဆုံးခဲ့သည်ဟု ဒေသတွင်း မီဒီယာများက ဖော်ပြကြသည်။

အမေရိကန် တောင်ပိုင်း တင်နက်ဆီနှင့် အနောက်အလယ်ပိုင်း အီလီနွိုက်တို့တွင် မတ်လ ၃၁ ရက်မှစတင်ကာ မုန်တိုင်းများ စတင်တိုက်ခတ်ခဲ့ခြင်းဖြစ်သည်။ အီလီနွိုက်တွင် ခေါင်မိုးပြိုကျမှုကြောင့် လူတစ်ဦးသေဆုံးခဲ့ရသည်။ ယင်းဖြစ်ရပ်ကြောင့် လူ ၂၀ ကျော် ဒဏ်ရာရရှိခဲ့ပြီး ဆေးရုံတွင် ဆေးကုသမှု ခံယူခဲ့ရသည်။

အနောက် အလယ်ပိုင်း ပြည်နယ်ဖြစ်သည့် အင်ဒီယာနာပြည်နယ်တွင် လေဆင်နှာမောင်းကြောင့် အဆောက်အအုံများ ပျက်စီးသွားရသည်ကို ဧပြီ ၁ ရက်တွင် ဗီဒီယိုမှတ်တမ်း ထွက်ပေါ်လာခဲ့သည်။ အင်ဒီယာနာ အုပ်ချုပ်ရေးမှူး အဲရစ် ဟောကွန့် က ဆူလီဗန်နှင့် ဂျွန်ဆင်ဒေသတို့တွင် သဘာဝဘေး အရေးပေါ် အခြေအနေအဖြစ် ဧပြီ ၁ ရက်တွင် ကြေညာခဲ့သည်။

ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက် ရှိသည်။ သေဆုံးသူ ဦးရေမှာလည်း ဆက်လက် မြင့်မားလာနိုင်သေးကြောင်း အာဏာပိုင်များက ပြောသည်။ ပြီးခဲ့သည့်တစ်ပတ်ခန့်ကလည်း အမေရိကန်တောင်ပိုင်း မစ္စစ္စပီ ပြည်နယ်တွင် လေဆင်နှာမောင်းပြင်းထန်စွာ တိုက်ခတ်မှုကြောင့် ၂၅ ဦး သေဆုံးခဲ့ရသည်။ **အင်န်အိတ်ချ်ကေ**



လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှုများကို တွေ့ရစဉ်။

# တရုတ်နိုင်ငံ ဝူဟန်မြို့၌ ကမ္ဘာ့ကျန်းမာရေး ကုန်စည်ပြပွဲကျင်းပမည်

**ပေကျင်း ဧပြီ ၂**

တရုတ်နိုင်ငံ အလယ်ပိုင်း ဟူပေးပြည်နယ် မြို့တော် ဝူဟန်တွင် ကမ္ဘာ့ကျန်းမာရေး ကုန်စည်ပြပွဲကို ဧပြီ ၇ရက် (ကမ္ဘာ့ကျန်းမာရေးနေ့) တွင် စတင်ဖွင့်လှစ်ကျင်းပမည်ဖြစ်သည်။

လေးရက်ကြာ ကျင်းပမည့် ကမ္ဘာ့ကျန်းမာရေးကုန်စည်ပြပွဲတွင် ဆေးဝါးပစ္စည်းများ၊ ဇီဝဓာတုဆေးဝါးနှင့် တိုင်းရင်းဆေးပညာစသည့် နယ်ပယ်များမှ ပြခန်းပေါင်း ၁၀၀၀ ကျော် ပါဝင်ပြသမည်ဖြစ်ပြီး ပြပွဲဧရိယာသည် စတုရန်းမီတာ ၉၀၀၀၀ ကျယ်ဝန်းမည်ဖြစ်သည်။ ပြပွဲအခမ်းအနားအတွင်း အကြောင်းအရာအလိုက် ဖိုရမ်များကဲ့သို့သော အခြားသော လှုပ်ရှားမှုများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်သည်။ **ဆင်ဟွာ**

# တိုကျိုမြို့၌ ကိုဗစ်-၁၉ ကူးစက်ခံရသူသစ် ၇၈၉ ဦးတွေ့ရှိ

**တိုကျို ဧပြီ ၂**

တိုကျိုမြို့၌ ဧပြီ ၂ ရက်တွင် ကိုဗစ်-၁၉ ကူးစက်ခံရသူသစ် ၇၈၉ ဦးတွေ့ရှိကြောင်း ဂျပန်နိုင်ငံကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

တိုကျိုမြို့၌ ကိုဗစ်-၁၉ နေ့စဉ်ကူးစက်မှုနှုန်းမှာ ပြီးခဲ့သည့် သီတင်းပတ်ကထက် ၁၂၂ ဦး တိုးလာကြောင်း သိရသည်။ မြို့တော်တိုကျိုတွင် အဆိုပါရောဂါကြောင့် ထပ်မံသေဆုံးသူမရှိကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။ ဂျပန်နိုင်ငံတစ်ဝန်း ဧပြီ ၂ ရက်တွင် ကိုဗစ်-၁၉ ကူးစက်ခံရသူသစ် ၆၂၉၀ ရှိပြီး အဆိုပါရောဂါကြောင့် ထပ်မံသေဆုံးသူ ၁၄ ဦးရှိကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**



# အင်ဒိုနီးရှားနိုင်ငံ၌ ရေနံချက်စက်ရုံ ပေါက်ကွဲမှုကြောင့် ကိုးဦး ဒဏ်ရာရ

**ဂျကာတာ ဧပြီ ၂**

အင်ဒိုနီးရှားနိုင်ငံ ရီအောပြည်နယ်ရှိ နိုင်ငံပိုင် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ပီတီ ပါတာမီနာ ပိုင်ဆိုင်သည့် ရေနံချက်စက်ရုံတစ်ရုံမှာ ဧပြီ ၁ ရက် ညပိုင်းက ပေါက်ကွဲမှုဖြစ်ပေါ်ခဲ့ရာ ကိုးဦး ဒဏ်ရာရခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့မှူး မိုဟာမက် အစ်ဂ်ဘယ်က ဧပြီ ၂ ရက် နံနက်ပိုင်းက ပြောကြားသည်။



ယင်းဖြစ်စဉ်သည် ရီအောပြည်နယ် ဒူမိုင်မြို့တွင် ည သန်းခေါင်မတိုင်မီက ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဒဏ်ရာရသူ ခုနစ်ဦးသည် ဆေးရုံတွင် ကုသမှုခံယူနေရဆဲဖြစ်ကြောင်း သိရသည်။

ဒဏ်ရာရသူ နှစ်ဦးမှာ နေအိမ်သို့ ပြန်လည် ရောက်ရှိနေပြီဖြစ်ကြောင်း၊ စက်ရုံမီးလောင်မှုကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း ရဲတပ်ဖွဲ့မှူးက ပြောကြားသည်။

**ဆင်ဟွာ**



## အီရတ်နိုင်ငံမှ ရေနံစည်ပေါင်း သန်း ၁၀၀ ကျော် မတ်လအတွင်း တင်ပို့နိုင်ခဲ့

**ဘဂ္ဂဒက် မေ ၂**
အီရတ်နိုင်ငံသည် မတ်လအတွင်း ရေနံစည်ပေါင်း ၁၀၀ ဒသမ ၉၁ သန်းကိုပြည်ပသို့တင်ပို့နိုင်ခဲ့သည်ဟု သိရသည်။ ရေနံတင်ပို့မှုကြောင့် အမေရိကန်ဒေါ်လာ ၇ ဒသမ ၄ ဘီလီယံကို အခွန်ငွေအဖြစ် စုဆောင်းနိုင်ခဲ့သည်ဟု တိုင်းပြည်၏ ရေနံဝန်ကြီးဌာနက မေ ၁ ရက်တွင် ကြေညာခဲ့သည်။

မတ်လအတွင်း အီရတ်နိုင်ငံ၌ ရေနံစိမ်းတစ်စည်လျှင် ၇၃ ဒသမ ၃၇ ဒေါ်လာဖြစ်သည်ဟု ရေနံဈေးကွက်အဖွဲ့အစည်း၏ ဖော်ပြချက်ကို ကိုးကားကာ ဝန်ကြီးဌာနက ပြောကြားခဲ့သည်။ အီရတ်နိုင်ငံ တောင်ပိုင်းနှင့် အလယ်ပိုင်းရေနံမြေများမှ ရေနံစည်ပေါင်း ၉၈ ဒသမ ၈၇ သန်း တင်ပို့နိုင်ခဲ့ပြီး မြောက်ပိုင်းပြည်နယ်မှ ရေနံစည်ပေါင်း ၂ သန်း တင်ပို့နိုင်ခဲ့သည်ဟု ကြေညာချက်တွင် ဖော်ပြထားသည်။

ကမ္ဘာ့ဈေးကွက်၌ စက်သုံးဆီဈေးနှုန်းမှာ ကြီးမြင့်လျက်ရှိပြီး အီရတ်နှင့် အခြားသောစက်သုံးဆီတင်ပို့ရောင်းချသည့်နိုင်ငံများမှာ အကျိုးအမြတ် ရရှိလျက်ရှိသည်။ အီရတ်နိုင်ငံ၏ စီးပွားရေးမှာ စက်သုံးဆီတင်ပို့မှုတွင် အဓိကမှီခိုလျက်ရှိပြီး ယင်းလုပ်ငန်းမှ နိုင်ငံအတွက် အခွန်ငွေ ၉၀ ရာခိုင်နှုန်း ရှာဖွေပေးနိုင်သည်ဟု သိရသည်။

ဆင်ဟွာ

## တောင်ကိုရီးယားနိုင်ငံတစ်ဝန်း တောမီးလောင်မှုများဖြစ်ပွား

**ဆိုးလ် မေ ၂**
နွေဦးရာသီတွင် ခြောက်သွေ့ပြီး လေပြင်းတိုက်ခတ်မှုများကြောင့် မေ ၂ ရက်၌ တောင်ကိုရီးယားနိုင်ငံတစ်ဝန်း တောမီးလောင်မှုများ ဖြစ်ပွားခဲ့ကြောင်း ကိုရီးယားမီးသတ်ဌာန (ကေအက်ဖ်စီ) ကို ကိုးကားပြီး ယွန်ဟပ်သတင်းဌာန၏ ဖော်ပြချက်အရ သိရသည်။

ကေအက်ဖ်စီတောမီးလောင်မှုဆိုင်ရာ သတင်းအချက်အလက်ဝက်ဘ်ဆိုက်၏ ထုတ်ပြန်ချက်အရ ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီခွဲတွင် နိုင်ငံတစ်ဝန်း တောမီးလောင်မှုပေါင်း အကြိမ် ၃၀ ဖြစ်ပွားကြောင်း သိရသည်။ ထိုတောမီးလောင်မှု ၃၀ ထဲမှ ၁၅ ခုကို ငြိမ်းသတ်နိုင်ပြီဟု ဆိုသည်။

ဆိုးလ်ရှိ အင်ဝမ်တောင်၌ ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၅၃ မိနစ်တွင် တောမီးကြီးတစ်ခု လောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ မီးသတ်တပ်ဖွဲ့ဝင်များ အနေဖြင့် အဆိုပါတောမီးကို ထိန်းချုပ်နိုင်ရန်အတွက် ရာနှင့်ချီသော အရာရှိများ၊ ရဟတ်ယာဉ်ကိုးစင်းနှင့် အခြားသော ပစ္စည်းကိရိယာများကို စုစည်းပြီး အချိန် ၃ နာရီကျော်ကြာ ကြိုးစားဆောင်ရွက်ခဲ့ရကြောင်း သိရသည်။



အင်ဝမ်တောင်တွင် တောမီးလောင်မှုကို ရဟတ်ယာဉ်ဖြင့် မီးငြိမ်းသတ်ရန် ကြိုးပမ်းမှုကို မေ ၂ ရက်က တွေ့ရစဉ်။

အဆိုပါ တောမီးလောင်မှုကြောင့် ထိခိုက်သေဆုံးသူ မရှိသေးကြောင်းနှင့် ဒေသခံ အိမ်ထောင်စု ၁၂၀ ခန့် ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရသည်။ သို့သော်လည်း သစ်တောမြေ ၀ ဒသမ ၂၃ စတုရန်းကီလိုမီတာခန့် သို့မဟုတ် ဘောလုံးကွင်း ၃၂ ကွင်းစာခန့် ပျက်စီးမှုဖြစ်ပွားခဲ့သည်။

ထို့အပြင် ဆိုးလ်တောင်ဘက် ၁၁၀ ကီလိုမီတာခန့်အကွာ ဟွန်ဆန်းမြို့ရှိတောင်တစ်ခုတွင်လည်း ဒေသစံတော်ချိန် နံနက် ၁၁ နာရီက တောမီးလောင်မှုဖြစ်ပွားခဲ့ရာ အနီးဝန်းကျင်ရှိ အိမ်များသို့ ကူးစက်ပျံ့နှံ့ခဲ့သော်လည်း ထိခိုက်သေဆုံးသူ မရှိဟု ဆိုသည်။ သစ်တောဟက်တာ ၂၀၀ လောင်ကျွမ်းခဲ့ပြီး ကိုယ်ပိုင်အိမ် ခြောက်လုံး၊ မွေးမြူရေးခြံတစ်ခြံနှင့် စပါးဂိုဒေါင်တစ်လုံး ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

မီးသတ် တပ်ဖွဲ့ဝင်များသည် မီးငြိမ်းသတ်နိုင်ရန်အတွက် ရဟတ်ယာဉ် ၁၇ စင်းနှင့် အရာရှိ ၁၆၀၀ ကျော် စေလွှတ် ထားသော်လည်း ဒေသစံတော်ချိန် ညနေ ၄ နာရီ၌ မီးလောင်မှု၏ ၃၀ ရာခိုင်နှုန်းကိုသာ ငြိမ်းသတ်နိုင်သေးကြောင်း သိရသည်။

ဆင်ဟွာ



## ယီမင်၌ မိုးသည်းထန်စွာရွာသွန်းပြီး မြို့တော်ဆာနား၌ ယာဉ်ကြောပိတ်ဆို့မှုဖြစ်

**ဆာနား မေ ၂**
ယီမင်နိုင်ငံ၏ မြို့တော်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရုတ်တရက် ရေကြီးရေလျှံမှုများ ဖြစ်ပွားကာ မေ ၁ ရက်အထိ ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

မတ် ၃၁ ရက်နှောင်းပိုင်းမှ စတင်ဖြစ်ပွားလျက်ရှိသော ရေကြီးရေလျှံမှုသည် နိုင်ငံ၏ မြို့တော် ဆာနား အနှံ့အပြားတွင် ဒူးခေါင်းအထိ မြင့်တက်ခဲ့ပြီး ဈေးများ၊ အနိမ့်ပိုင်းအိမ်များ၊ ဈေးဆိုင်များ ရေနစ်မြုပ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ ရေကြီးရေလျှံမှုဖြစ်ပွားသည့် အဓိကလမ်းများနှင့် လိုဏ်ခေါင်းဝင်ပေါက်များကို ပိတ်ထားခဲ့ရသည်။

မေ ၁ ရက် နှောင်းပိုင်းအထိ ဘက်အယ်ယီမင်၊ အယ်လ်ဆာရေလာတို့အပြင် မြို့လယ်ရှိ အယ်လ်တာယာရင်ပြင်နှင့် ယူနက်စ်ကို အမွေအနှစ်နေရာဖြစ်သည့် ဆာနားမြို့ဟောင်း အပြင်ဘက်တို့တွင် ရေကျဆင်းသွားခြင်း မရှိသေးကြောင်း သိရသည်။ ယီမင်အမျိုးသားမိုးလေဝသဌာနသည် မိုးရာသီစတင်လာမှုနှင့်အတူ မိုးရွာသွန်းမှု မြင့်တက်လာနိုင်ကြောင်း ခန့်မှန်းထားသောကြောင့် ပြည်နယ်အများစုအား ရုတ်တရက်ရေကြီးရေလျှံမှု သတိပေးချက်များ ထုတ်ပြန်ထားကြောင်း သိရသည်။

ယီမင်နိုင်ငံ၌ ပြီးခဲ့သည့် မိုးရာသီတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆာနားတွင် အထပ်မြင့်အဆောက်အအုံ ၁၀ လုံးထက်မနည်း ပြိုကျမှုဖြစ်ပွားခဲ့ပြီး မြို့ဟောင်းတွင် ဒါဇင်ပေါင်းများစွာ ထိခိုက်ပျက်စီးမှု ဖြစ်ပွားခဲ့သည်။

ဆင်ဟွာ

## ဆီးရီးယားရှိ စစ်ဘက်ဆိုင်ရာနေရာများကို အစ္စရေးက တိုက်ခိုက်

**ဒမတ်စကတ် မေ ၂**
ဆီးရီးယားနိုင်ငံ အလယ်ပိုင်း ဟိုမက်စ်ပြည်နယ်ရှိ စစ်ဘက်ဆိုင်ရာနေရာများကို မေ ၂ ရက်တွင် အစ္စရေးဘက်မှ ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုများပြုလုပ်ခဲ့သည်ဟု နိုင်ငံပိုင်ရုပ်သံတွင် ဖော်ပြထားသည်။ ဆီးရီးယားလေကြောင်းရန် ကာကွယ်ရေးတပ်ဖွဲ့မှ ဒုံးကျည်များကို ကြားဖြတ် ဟန့်တားခဲ့ရသည်ဟု ရုပ်သံတွင် ဖော်ပြထားသည်။

အဆိုပါ ဒုံးကျည်ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဟွန်းမြို့အနောက်ဘက်ဒေသရှိ ဆီးရီးယားတပ်ဖွဲ့ အခြေစိုက်စခန်းသို့လည်း ထိမှန်ခဲ့ရာ ဆီးရီးယားတပ်ဖွဲ့ဝင်လေးဦး ဒဏ်ရာရရှိခဲ့သည်ဟု ဆီးရီးယားအစိုးရကို ထောက်ခံသည့် ရှမ်အက်ဖ်အမ် ရေဒီယိုက ကြေညာခဲ့သည်။

အစ္စရေးသည် မတ် ၃၀ ရက်မှစတင်ကာ ဆီးရီးယားတပ်ဖွဲ့ရှိရာနေရာများသို့ တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ရာ ယခုတစ်ကြိမ်သည် တတိယအကြိမ်မြောက်တိုက်ခိုက်မှုဖြစ်သည်ဟု သိရသည်။ **ဆင်ဟွာ**



## အမေရိကန်နိုင်ငံ အိုကလာဟိုးမားပြည်နယ်၌ ပစ်ခတ်မှုကြောင့် သုံးဦးသေဆုံး၊ သုံးဦးဒဏ်ရာရ

**ဟူစတန် မေ ၂**
အမေရိကန်နိုင်ငံ အနောက်အလယ်ပိုင်းရှိ အိုကလာဟိုးမားပြည်နယ်၏ မြို့တော်အိုကလာဟိုးမားမြို့၌ မေ ၁ ရက် ညပိုင်းက ဘားတစ်ခုအတွင်း ပစ်ခတ်မှုဖြစ်ပွားရာ သုံးဦးသေဆုံးပြီး အခြားသုံးဦး ထိခိုက်ဒဏ်ရာရရှိကြောင်း အာဏာပိုင်များက ပြောသည်။

ထိခိုက်ဒဏ်ရာရရှိသူများကို ဆေးရုံသို့ ပို့ဆောင်ထားကာ တစ်ဦးမှာ စိုးရိမ်ရသော အခြေအနေတွင်ရှိပြီး အခြားနှစ်ဦးမှာ အသက်အန္တရာယ် စိုးရိမ်ရခြင်းမရှိကြောင်း အိုကလာဟိုးမားမြို့ရဲတပ်ဖွဲ့ဌာနက ပြောသည်။

သံသယရှိသူ တစ်ဦးကို ဖမ်းဆီးထိန်းသိမ်းထားကြောင်းနှင့် အဆိုပါဖြစ်ရပ်နှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

လက်ရှိအချိန်အထိ နောက်ထပ် သတင်းအချက်အလက်များ မရရှိသေးပေ။ **ဆင်ဟွာ**

ပျော်ရွှင်လေ့လာအင်္ဂလိပ် စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ် အင်္ဂလိပ်စာကဏ္ဍရဲ့ Grammar အပိုင်းမှာတော့ Verbs (ကြိယာ)အကြောင်း ဖော်ပြရာမှာ သိသင့်သိထိုက်တဲ့ Stative Verbs (လှုပ်ရှားဆောင်ရွက်ခြင်းမရှိသည့် တည်ငြိမ်ကြိယာ) များအကြောင်း မြန်မာလို ရှင်းလင်းဖော်ပြချက်များနဲ့သာမက လေ့ကျင့်ခန်းများနဲ့ပါ ပြည့်ပြည့်စုံစုံ ဖော်ပြလိုက်ပါတယ်။ ဒါ့အပြင် စကားပြောပိုင်းမှာလည်း Shortest way to talk about 'Joining a gym' အားကစားရုံကို ဝင်ရောက်လေ့ကျင့်ဖို့ပြောတဲ့အခါ ဘယ်လိုပြောဆိုသုံးနှုန်းရမလဲဆိုတာကို နမူနာဝါကျများ၊ စကားပြောခန်းများ၊ ရှင်းလင်းချက်များနဲ့ ဝေဝေဆာဆာဖော်ပြပေးလိုက်ပါတယ်။ Vocabulary အပိုင်းမှာတော့ နေ့စဉ်ဘဝမှာအသုံးများတဲ့ အဓိပ္ပာယ်တူစကားလုံးတွေကို မြန်မာလိုအဓိပ္ပာယ်ရှင်းလင်းချက်များနဲ့ ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့တိုက်တွန်းရင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

## GRAMMAR

### Basic to Intermediate

ဒီတစ်ပတ်မှာတော့ Verbs တွေအကြောင်းဖော်ပြရာမှာ သိသင့်သိထိုက်တဲ့ Stative Verbs (လှုပ်ရှားဆောင်ရွက်ခြင်းမရှိသည့် တည်ငြိမ်ကြိယာများ) အကြောင်းဖော်ပြလိုက်ပါတယ်။ ဒီ Stative Verbs တွေကို သိတော့မှ ကျွန်တော်တို့တွေဟာ ဒီ Stative Verbs တွေကို "ing" ပေါင်းရမှာလား? "Simple Present" နဲ့ပဲ သုံးရမလားဆိုတာ မှန်မှန်ကန်ကန်ခွဲခြား အသုံးပြုနိုင်သွားမှာ ဖြစ်ပါတယ်။

**Stative Verbs (လှုပ်ရှားဆောင်ရွက်ခြင်းမရှိသည့် တည်ငြိမ်ကြိယာများ)**

- Stative Verbs refer to states, not actions.
  (လှုပ်ရှားဆောင်ရွက်ခြင်းမရှိဘဲ တည်ငြိမ်လျက်ရှိသည့် အခြေအနေကို ညွှန်းဆိုသော ကြိယာအားလုံးကို Stative Verbs ဟုခေါ်သည်။ ဥပမာ –
- I ***understand*** now.
- Bala ***prefers*** the colour blue.
- Tina ***smells*** smoke.
- Please ***consider*** my request.

နမူနာဝါကျများတွင် ဖော်ပြထားသော understand၊ prefer၊ smell၊ consider စသည့်ကြိယာများသည် လှုပ်ရှားဆောင်ရွက်ခြင်းမရှိဘဲ တည်ငြိမ်လျက်ရှိသည့်အခြေအနေကို ညွှန်းဆိုလျက်ရှိသည်ကို အထင်အရှားတွေ့မြင်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ထိုကဲ့သို့သော ကြိယာများကို Stative Verbs များဟု ခေါ်သည်။

အောက်တွင်နမူနာ Stative Verbs များကို ဖော်ပြလိုက်သည်။

| Type | Stative Verbs |
|---|---|
| Thinking (စဉ်းစား၊ တွေးခေါ်၊ စိတ်ကူး) | know, understand, remember |
| Feeling/Emotions (အာရုံခံစား) | love, hate, prefer |
| Five senses (အာရုံငါးပါး) | see, hear, smell |
| Perception (သိမြင်နားလည်) | seem, appear, consider |
| Possession (လက်ဝယ်ပိုင်ဆိုင်) | belong |

နမူနာဖော်ပြထားတဲ့ Stative Verbs တွေကို (Present Continuous) တွေနဲ့ တွဲမသုံးပါဘူး။ ဒီကြိယာတွေကို (Present Simple)နဲ့သာ တွဲသုံးသင့်ပါတယ်။ ဥပမာ –

- Do you know that girl?
- Yes, but I don't remember her name.
- I don't understand. What do you mean?

အခုဆိုရင် Stative Verbs တွေအကြောင်း အတော်လေးနားလည်သွားပြီဖြစ်တဲ့အတွက် သူနဲ့သက်ဆိုင်တဲ့ လေ့ကျင့်ခန်းတွေကို လုပ်ကြည့်ကြရအောင်။

**Exercise (1) Fill in each blank with a Stative Verb.**

1. I can …………………….. the blackboard from here.
2. Do you …………………….. what he is talking about?
3. Jenny could …………………….. the cake her mother was baking.
4. I …………………….. vegetables. Please don't give me any.
5. This book …………………….. to Gopal.
6. These fruits …………………….. ripe.
7. Can you …………………….. the teacher?
8. Do you …………………….. what happened when you were five years old?
9. Do these clothes …………………….. to you?
10. Do you …………………….. the red shirt or the blue one?

**Exercise (2) Fill in each blanks with a Stative Verb.**

1. Did you …………………….. the bird fly past?
2. Do you …………………….. how to ride a bicycle?
3. Bill …………………….. you shouting loudly at the old man.
4. I can …………………….. the cookies you are baking.
5. Tammy …………………….. noodles. She will not eat them.
6. Do you …………………….. what the teacher was saying?
7. The children …………………….. happy building sand castles.
8. These things don't …………………….. to you. Don't touch them.
9. I can …………………….. Mother walking to the door.
10. Alicia …………………….. parties. We should invite her.

**ယခင်အပတ်လေ့ကျင့်ခန်းမှ အဖြေများ**

**Exercise (1) မှ အဖြေများ**

| | | | | | |
|---|---|---|---|---|---|
| bathe | sell | feed | sadden | clothe | befriend |
| purify | act | save | quicken | equalize | heal |

**Exercise (2) မှအဖြေများ**

| | | | | | |
|---|---|---|---|---|---|
| speaks | darken | brightens | fill | tells | sing |
| sharpen | breathe | kneel | loosen | bleed | see |

## VOCABULARY (IDIOMS)

| | | | |
|---|---|---|---|
| quiet | = | peaceful | (အေးချမ်းတိတ်ဆိတ်သော၊ ငြိမ်းချမ်းသော) |
| raiment | = | clothes | (အဝတ်အစားများ) |
| ramble | = | roam | (ခြေဦးတည့်ရာလှည့်ပတ်သွားသည်) |
| rank | = | position | (ရာထူးအဆင့်အတန်း) |
| rapid | = | quick | (လျင်မြန်သော) |

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## Shortest way to talk about "Joining a gym"

ဒီတစ်ပတ်မှာတော့ Joining a gym အားကစားရုံကို ဆက်သွယ်ဝင်ရောက် လေ့ကျင့်တဲ့အခါ ဘယ်ပုံဘယ်နည်း ပြောဆိုသုံးနှုန်းရမလဲဆိုတာတွေကို "Shortest way to talk about "Joining a gym" ဆိုပြီး ဖော်ပြလိုက်ပါတယ်။

**How can I help you?**

၁။ ဒါကတော့ အရောင်းဆိုင်တစ်ဆိုင်ဆိုင် သို့မဟုတ် ဝန်ဆောင်မှုပေးတဲ့ တစ်နေရာရာကို သွားတဲ့အခါမှာ ကြားနေကျ စကားတစ်ခွန်းဖြစ်ပါတယ်။ ဆိုလိုရင်းအဓိပ္ပာယ်ကတော့ ကျွန်တော် ဘယ်လိုများကူညီပေးနိုင်မလဲဆိုပြီး ပြောတဲ့ပုံစံပဲ ဖြစ်ပါတယ်။ ဥပမာ –

- Good morning. How can I help you today?
- Hello! How can I help you?

**That sounds good.**

၂။ အတော်လေးကောင်းတယ်။ အတော်လေးကောင်းမယ့်ပုံပဲလို့ ပြောတဲ့အခါမှာ သုံးလေ့သုံးထရှိတဲ့ ပြောလေ့ပြောထရှိတဲ့ စကားပြောပုံစံတစ်မျိုးဖြစ်ပါတယ်။ ဒီစကားပြောပုံစံကလည်း အသုံးအတော်များပါတယ်။ ဒီစကားပြောပုံစံကို တစ်ယောက်ယောက်က တစ်ခုခုလုပ်မလား၊ စားမလား၊ သွားမလား စသဖြင့် မေးတဲ့အပေါ် ကောင်းတယ်။ အတော်လေးကောင်းမယ့်ပုံပဲဆိုပြီး ပြန်ပြောတဲ့အခါမှာ သုံးနိုင်ပါတယ်။ ဥပမာ –

- **Gym:** It's $ 35 per month. If you choose to pay annually, you'll only need to pay $ 350.
  **Fitness Freak:** That sounds good. What are your opening hours?

**Want to + V–inf**

၃။ တစ်ခုခု လုပ်ချင်တယ်၊ ဖြစ်ချင်တယ်၊ စသဖြင့် ပြောတဲ့အခါမှာ သုံးတဲ့ စကားပြောပုံစံတစ်မျိုးဖြစ်ပါတယ်။ ဥပမာ –

- I want to visit the Great Wall of China.
- If you want to continue with your trainer
- after the first few classes, it costs extra though.

**I'd like to + V–inf**

၄။ ဒီပုံစံကတော့ လုပ်ချင်တယ်ဆိုတဲ့သဘောကို ယဉ်ကျေးတဲ့ပုံစံနဲ့ ပြောတဲ့သဘောဖြစ်ပါတယ်။ ဒီလိုပြောတဲ့အခါမှာ I'd like to ရဲ့ နောက်မှာ V–inf လိုက်ပေးရမှာဖြစ်ပါတယ်။ ဥပမာ –

- I see. Okay, I'd like to apply for a gym membership.

**Please fill out this application form.**

၅။ များသောအားဖြင့် ကျွန်တော်တို့ ပုံစံဖြည့်တယ်ဆိုရင် Fill in နဲ့ပဲ သုံးကြပါတယ်။ သို့သော်လည်း ဒီတစ်ခါမှာတော့ Fill out နဲ့လည်း သုံးနိုင်တာကို တွေ့ရမှာဖြစ်ပါတယ်။ ဥပမာ –

Great, please fill out this application form.

## CONVERSATION



**Joining a gym**

Fitness Freak: Hello!

**Gym:** Hello! How can I help you?

**Fitness Freak:** Can you please tell me how much the membership fee at this gym is?

**Gym:** It's $ 35 per month. If you choose to pay annually, you'll only need to pay $ 350.

**Fitness Freak: That sounds good.** What are your opening hours?

**Gym:** We open at 5 a.m. and close at mid–night.

**Fitness Freak:** Do you have personal trainers?

**Gym:** Sure we do. We can show you what to do, how to do it and why you're doing it. Have you worked with a personal trainer before?

**Fitness Freak:** No, I haven't.

**Gym:** For your first classes we'll assign you one of our expert personal trainers. Nutrition advice is included in the plan.

**Fitness Freak:** That's a very good deal.

**Gym:** Yes, it is. If you want to continue with your trainer after the first few classes, it costs extra though.

**Fitness Freak:** I see. Okay, I'd like to apply for a gym membership. I'll sign up for a month.

**Gym:** Great, please fill out this application form.

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း–၀၉–၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၄) ရာခိုင်နှုန်းရှိ

**(၂-၄-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁-၄-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂-၄-၂၀၂၃) ရက်နေ့၊ ည(၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၃၂၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၄) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၀,၁၈၃,၄၉၇)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၄,၀၈၅) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၈) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၅၆၃) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁-၄-၂၀၂၃) ရက်နေ့အထိ အသက်(၁၈)နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၉၈၃,၅၀၅) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၈၄၇,၃၀၂) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု**
**(၁-၄-၂၀၂၃ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၉၈၃,၅၀၅ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၈၄၇,၃၀၂ |

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေး ထိုးနှံပြီး (၆) လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃-၄-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၀၅ | ၂၁၅၅ | ၂၁၄၅ | ၂၁၁၅ | ၂၁၅၀ | ၂၁၇၅ | ၂၁၆၀ | ၂၁၄၀ | ၂၂၃၅ | ၂၂၅၀ | ၂၁၄၅ | ၂၁၅၅ | ၂၁၉၀ | ၂၁၉၀ | ၂၁၉၅ | ၂၄၂၀ | ၂၈၁၀ |
| 95 Ron | ၂၁၈၅ | ၂၂၃၅ | ၂၂၃၀ | ၂၁၉၅ | ၂၂၃၀ | ၂၂၅၅ | ၂၂၄၀ | ၂၂၂၀ | ၂၃၁၅ | ၂၃၃၅ | ၂၂၂၅ | ၂၂၄၀ | ၂၂၇၀ | ၂၂၇၀ | ၂၂၇၅ | ၂၅၀၅ | ၂၈၈၅ |
| HSD (500 ppm) | ၂၀၆၅ | ၂၁၁၅ | ၂၁၁၀ | ၂၀၇၀ | ၂၁၁၀ | ၂၁၃၅ | ၂၁၃၀ | ၂၀၉၅ | ၂၂၁၅ | ၂၂၁၀ | ၂၁၀၅ | ၂၁၁၅ | ၂၁၅၅ | ၂၁၅၀ | ၂၁၅၀ | ၂၃၈၀ | ၃၁၀၀ |
| HSD (50 ppm) | ၂၁၄၅ | ၂၁၉၅ | ၂၁၉၀ | ၂၁၅၀ | ၂၁၉၀ | ၂၂၁၅ | ၂၂၁၀ | ၂၁၇၅ | ၂၂၉၅ | ၂၂၉၀ | ၂၁၈၅ | ၂၁၉၅ | ၂၂၃၀ | ၂၂၃၀ | ၂၂၃၀ | ၂၄၆၀ | ၃၁၃၀ |
| HSD (10 ppm) | ၂၁၄၅ | ၂၁၉၅ | ၂၁၉၀ | ၂၁၅၀ | ၂၁၉၀ | ၂၂၁၅ | ၂၂၁၀ | ၂၁၇၅ | ၂၂၉၅ | ၂၂၉၀ | ၂၁၈၅ | ၂၁၉၅ | ၂၂၃၀ | ၂၂၃၀ | ၂၂၃၀ | ၂၄၆၀ | ၃၁၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၉၇ | ၂၀၇၀ |
| 95 Ron | ၂၀၇၅ | ၂၁၅၀ |
| HSD (500 ppm) | ၁၉၆၁ | ၂၀၂၉ |
| HSD (50 ppm) | ၂၀၃၅ | ၂၁၀၅ |
| HSD (10 ppm) | ၂၀၃၅ | ၂၁၀၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ကန့်ဘလူ၌ စားကျက်မြက်စိုက်ခင်းထူထောင်ခြင်းနှင့် မြက်ချဉ်ဖတ်ပြုလုပ်နည်း သင်တန်းပို့ချ

ကန့်ဘလူ ဧပြီ ၂

**စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်အတွင်း ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်နှင့်မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန်အတွက် ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၌ စားကျက်မြက်စိုက်ခင်းထူထောင်ခြင်းနှင့် မြက်ချဉ်ဖတ်ပြုလုပ်နည်းသင်တန်းကို မတ် ၂၆ ရက်မှ ၃၀ ရက်အထိ ပို့ချခဲ့သည်။**



မွေးမြူရေးတောင်သူများအနေဖြင့် တိရစ္ဆာန်စားကျက်များ ထူထောင်စိုက်ပျိုးတတ်သည့် အလေ့အကျင့်များ ရရှိစေရန်၊ အာဟာရပြည့်ဝသောတိရစ္ဆာန်အစာများ စိုက်ပျိုးတတ်သည့် အလေ့အထများ ရရှိစေရန်၊ တိရစ္ဆာန်အစာရှားပါးမှုပြဿနာများ ဖြေရှင်းနိုင်စေရန်နှင့် အစာများ ပိုလျှံလာစေရန်ရည်ရွယ်ပြီး သင်တန်းကို ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း ခရိုင်မွေးမြူ ရေးနှင့်ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာကျော်ဝင်းက ပြောသည်။

အဆိုပါသင်တန်းကို နေ့စဉ်နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ ပို့ချခဲ့ပြီး နေပီယာမြက်စိုက်ပျိုးနည်း၊ မွန်ဗားဆားမြက်၊ ရူဇီမြက်၊ မူလတိုမြက်၊ နံ့စားပြောင်းနှင့် မြက်ချဉ်ဖတ်ပြုလုပ်နည်း ဘာသာရပ်များကို ငါးရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချခဲ့ကြောင်းနှင့် သင်တန်းသို့ ရပ်ကွက်၊ ကျေးရွာများမှ မွေးမြူရေးတောင်သူ သင်တန်းသား ၂၀ တက်ရောက်ကြောင်း သိရသည်။

နွားစာချဉ်ဖတ်ပြုလုပ်ခြင်းဆိုသည်မှာ နွေရာသီ ကဲ့သို့ နွား အစားအစာရှားပါးချိန်တွင်အာဟာရကြွယ်ဝသောအစားအစာအဖြစ် ကျွေးမွေးရန် ပိုလျှံသောစိုက်ပျိုးသီးနှံများကို စနစ်တကျ ထိန်းသိမ်းသိုလှောင်သော နည်းစနစ်ဖြစ်သည်။ နွားစာချဉ်ဖတ် ကျွေးခြင်းအားဖြင့် နို့ညှစ်နွားမများ နို့ထုတ်လုပ်မှုမြင့်မားလာခြင်း၊ နို့စားနွားငယ်များတွင် ကြီးထွားနှုန်းမြင့်တက်လာခြင်း၊ ခိုင်းကျွဲ နွားများတွင် လုပ်အားစွမ်းအင် တိုးတက်မြင့်မားလာခြင်း၊ အသားတိုးနွားများတွင် အသားထွက်နှုန်းမြင့်မားလာစေခြင်း၊ အစာ၏အရသာ နည်းပါးသော အပိုင်းများသည်လည်း အရသာ ပိုမိုကောင်းမွန်လာခြင်းဖြင့် ကောင်းနိုးရာရာ အပိုင်းများကိုသာ ရွေးချယ်စားနိုင်ခြင်းမရှိဘဲ အကောင်းအဆိုး သမစွာစားနိုင်ခြင်း၊ ကာလအတော်ကြာ ထိန်းသိမ်းသိုလှောင်ထားနိုင်ခြင်း၊ မိုးရာသီတွင် ပြုလုပ်နိုင်ခြင်း၊ ကုန်ကျစရိတ်နည်းပါးခြင်း စသည့်အကျိုး ကျေးဇူးများ ရရှိမည်ဖြစ်ပြီး စားကျက်မြက်စိုက်ခင်းများ ထူထောင်စိုက်ပျိုးခြင်းဖြင့် အစာရှားပါးမှုပြဿနာများကိုလည်း ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

ကန့်ဘလူခရိုင်အတွင်း မွေးမြူရေးတောင်သူများအနေဖြင့် တစ်ပိုင်တစ်နိုင် မြက် စိုက်ခင်း ၁၅၁ ဧကကျော် စိုက်ပျိုးပြီးဖြစ် ကြောင်းလည်း မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာမြတ်လင်းထံမှ သိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

# ပွင့်ဖြူမြို့နယ်၌ နွေစပါး ဧက သုံးသောင်းနီးပါး စိုက်ပျိုးရန်လျာထား

ပွင့်ဖြူ ဧပြီ ၂

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနွေသီးနှံ စိုက်ပျိုးရာသီတွင် တစ်မြို့နယ်လုံး နွေစပါးသီးနှံ ၂၉၆၁၈ ဧကစိုက်ပျိုးရန်လျာထားပြီး နွေစပါးသီးနှံ လျာထားစိုက်ဧကပြည့်မီရေးအတွက် ဒေသခံတောင်သူများက ယခု မတ်လဆန်းမှ စတင်ပြီး မဲဇလီရေလွှဲဆည်ရေဖြင့် စိုက်ပျိုးလျက်ရှိရာ မတ် ၃၁ ရက်အထိ ၁၄၃၂ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်းရှိ တောင်သူများ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဖေဖော်ဝါရီ ၁၅ ရက်မှစ၍ မဲဇလီရေလွှဲဆည်မှ စိုက်ပျိုးရေများ ဖြန့်ဝေပေးခဲ့ကာ ဒေသခံတောင်သူများက ဆည်ရေရရှိသည့် အချိန်မှစ၍ ထယ်ရေးညက်အောင် ထွန်ယက်ပြုပြင်ခြင်းများဆောင်ရွက်ကာ မတ်လဆန်းတွင် နွေစပါးများ စတင်စိုက်ပျိုးခဲ့ကြသည်။



ပွင့်ဖြူမြို့နယ်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် နွေစပါး ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရန်၊ သီးနှံအထွက်နှုန်း တိုးတက်မြင့်မားလာစေရန်နှင့် တောင်သူများ သီးနှံဝင်ငွေတိုးပွားစေရန်အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံကိန်းဖြင့် နွေစပါးဧက ၁၅၀၀၀ စိုက်ပျိုးနိုင်ရန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ဒေသခံတောင်သူများ နွေစပါးသီးနှံစိုက်ပျိုးရာတွင် အဆင်ပြေစေရန်အတွက် နွေစပါး တစ်ဧကလျှင် စိုက်ပျိုးစရိတ်နှင့် သွင်းအားစုပစ္စည်းဖိုး ငွေကျပ် နှစ်သိန်းနှုန်း ချေးငွေထောက်ပံ့၍ စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင် ပွင့်ဖြူမြို့နယ်၌ စုစုပေါင်း နွေစပါး သီးနှံစိုက်ဧက ၂၉၆၁၈ ဧက စိုက်ပျိုးသွားမည်ဖြစ်ရာ ယနေ့အထိ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံကိန်းဖြင့် နွေစပါး ၁၃၉၂ ဧကနှင့် ပုံမှန်နွေစပါး ဧက ၄၀ စုစုပေါင်း ၁၄၃၂ ဧက စိုက်ပျိုးပြီးစီးသွားပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေထံမှ သိရသည်။

လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)

# ညောင်ဦးမြို့နယ်၌ မန်ကျည်းသီးမှည့်များ ဆွတ်ခူးရောင်းချချိန် ဒေသခံများအလုပ်အကိုင်ရရှိ

ညောင်ဦး ဧပြီ ၂

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ မန်ကျည်းသီးမှည့်များ ပေါ်နေပြီဖြစ်ရာ မန်ကျည်းသီးမှည့် အငှားဆွတ်ခူး(ပုတ်ခြင်း)သူများနှင့် မန်ကျည်းသီးမှည့်အငှားလိုက်ကောက်သူများ အလုပ်အကိုင်ရရှိနေကြသည်။

မန်ကျည်းသီးဆွတ်ခူး အလုပ်သမားတစ်ဦးလျှင် နေ့တစ်ပိုင်း ငါးထောင်ကျပ်နှင့် တစ်နေကုန် ကျပ်ခုနစ်ထောင် ရရှိပြီး မန်ကျည်းသီးကောက် အလုပ်သမတစ်ဦးလျှင် နေ့တစ်ဝက် ကျပ်သုံးထောင်နှင့် တစ်နေကုန် ကျပ်လေးထောင်ရရှိခြင်းကြောင့် နွေဦးပေါက်ရာသီ အလုပ်အကိုင်မရှိချိန်တွင် ဒေသခံများ ဝင်ငွေရရှိနေကြသည်။

မန်ကျည်းသီးမှည့်များကို ကျောက်ပန်းတောင်းမြို့ မန်ကျည်းပွဲရုံများသို့ သွားရောက်ရောင်းချကြကာ အခွံနွှာပြီး အကြောနှင့်အစေ့မထုတ်ရသေးသော မန်ကျည်းသီးမှည့်တစ်ပိဿာလျှင် ကျပ် ၁၃၀၀၊ အခွံ၊ အကြော၊ အစေ့ထုတ်ပြီးသား မန်ကျည်းသီးမှည့်အသား တစ်ပိဿာလျှင် ကျပ် ၃၀၀၀ ရရှိကြောင်း၊ မန်ကျည်းသီးမှည့်ချိန်တွင် မန်ကျည်းသီးမှည့် အဝယ်ပွဲစားများကလည်း ညောင်ဦးနယ်၊ ငါ့သရောက်နယ်များ၌ မန်ကျည်းသီးမှည့် ပင်ပြတ်ဝယ်ယူနေကြသည်။ **ဒီပါလင်း**



# မောက်မယ်မြို့နယ်၌ ပဲပုပ်နှင့်နေကြာသီးညှပ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**မောက်မယ် ဧပြီ ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ်ရှိ ဒေသခံတောင်သူများသည် စိုက်ပျိုးရေးလုပ်ငန်းများကို အဓိကထားလုပ်ကိုင်လျက်ရှိရာ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာတွင် ရေဆင်း–၁၅ မျိုး ဆောင်းပဲပုပ်သီးနှံနှင့် နေကြာသီးညှပ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေကြောင်း မောက်မယ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။



မောက်မယ်မြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာတွင် ဒေသခံတောင်သူများ သီးနှံဝင်ငွေတိုးပွားစေရန်နှင့် စားနပ်ရိက္ခာဖူလုံစေရန်၊ ဒေသခံရှမ်းတိုင်းရင်းသားများ အဓိကစားသုံးသည့် ပဲပုပ်သီးနှံ အထွက်တိုးစေရန်အတွက် နေကြာနှင့် သီးညှပ်စိုက်ပျိုးကာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဖြန့်ဖြူးသည့် ရေဆင်း–၁၅ မျိုးကို စပါးအပြီး သီးထပ်စိုက်ပျိုးသည့် စံပြစိုက်ခင်းများအဖြစ် ဒေသခံတောင်သူများက ပိုမိုစိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

ဆောင်းသီးနှံများစိုက်ပျိုးရာတွင် အထွက်နှုန်းကောင်းမွန်စေရန်အတွက် စိုက်နည်းစနစ်များ မှန်ကန်စေရန်၊ စိုက်ပျိုးရေးသုံးသွင်းအားစုပစ္စည်းများ အချိုးကျမှန်ကန်စွာ သုံးတတ်စေရန်နှင့် ပိုးမွှားရောဂါ ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ရန်နည်းလမ်းများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ တာဝန်ခံကွင်းဝန်ထမ်းများက နယ်မြေကွင်းဆင်းပြီး ပံ့ပိုးကူညီဖြည့်ဆည်းဆောင်ရွက်ပေးနေကြောင်း သိရသည်။

**စိုင်းမျိုးသန့်**
**(မောက်မယ်)**

# ကျောက်ဆည်မြို့နယ်၌ နွေစပါး ၄၁၁ ဧက စိုက်ပျိုးပြီးစီး

**ကျောက်ဆည် ဧပြီ ၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ နွေသီးနှံမျိုးစုံ ပျိုးထောင်စိုက်ပျိုးရန် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဆည်ရေများပေးဝေလျက်ရှိပြီး နွေစပါးများ စတင်ပျိုးထောင်စိုက်ပျိုးလျက်ရှိရာ နွေစပါး ၄၁၁ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ကျောက်ဆည်မြို့နယ်၌ နွေစပါးများစိုက်ပျိုးရာတွင် ဇော်ဂျီဆည်မှ စိုက်ပျိုးရေပေးဝေသည့် မင်းရဲမြောင်း၊ သင်းတွဲမြောင်း၊ တမုတ်မြောင်းတစ်လျှောက် ကျေးရွာအုပ်စုများတွင် အဓိကထား စိုက်ပျိုးလျက်ရှိကြောင်းနှင့် ပျိုးထောင်စိုက် ဧက ၄၀၀ နှင့် တိုက်ရိုက်အစေ့ချစိုက် ဧက ၁၁ ဧက စုစုပေါင်း ၄၁၁ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း၊ နွေစပါးသီးနှံများ စိုက်ပျိုးရာတွင် မနောသုခ၊ ရွှေမနော်နှင့် GW–11 စပါးမျိုးများကို စိုက်ပျိုးကြပြီး စပါးသီးနှံများ အောင်မြင်သည်အထိ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက စိုက်ပျိုးရေများ ပေးဝေမည်ဖြစ်ကြောင်း သိရသည်။

**သက်မောင် (ပြန်/ဆက်)**

## မြန်မာနိုင်ငံ ဗမာတိုင်းရင်းသားလုပ်ငန်းရှင်များအသင်းက မြန်မာ့ရိုးရာ နှစ်သစ်ကူးသင်္ကြန်အကြိုနှင့် ဈေးရောင်းပွဲတော် ၂၀၂၃ ကျင်းပမည်

**ရန်ကုန် မေ ၂**

မြန်မာနိုင်ငံ ဗမာတိုင်းရင်းသား လုပ်ငန်းရှင်များအသင်း၏ ပထမဆုံးအကြိမ် မြန်မာ့ရိုးရာ နှစ်သစ်ကူးသင်္ကြန်အကြိုနှင့် ဈေးရောင်းပွဲတော် ၂၀၂၃ ကို မေ ၈ ရက်နှင့် ၉ ရက်များတွင် မြောက်ဥက္ကလာပမြို့နယ် သုဓမ္မာလမ်းမ (မယ်လမုဘုရားအနီး) ရှိ မြန်မာ့လက်မှုအနုပညာစင်တာတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါပွဲတော်တွင် ဗမာတိုင်းရင်းသားလုပ်ငန်းရှင်များ၏ ထုတ်ကုန်များ၊ ဝန်ဆောင်မှုလုပ်ငန်းများအပြင် မိတ်ဖက်တိုင်းရင်းသားလုပ်ငန်းရှင်များ၏ ဒေသထုတ်ကုန်များကို တစ်နေရာတည်းတွင် ဝယ်ယူရရှိနိုင်မည်ဖြစ်သည်။

လုပ်ငန်းရှင်များကိုယ်တိုင် ပါဝင်ပြသကြမည်ဖြစ်သဖြင့် ချိုသာသောဈေးနှုန်းဖြင့် တိုက်ရိုက် လက်လီလက်ကား ဝယ်ယူနိုင်မည့်အပြင် ကိုယ်စားလှယ်ရယူဖြန့်ဖြူးလိုပါက ပိုင်ရှင်နှင့် တိုက်ရိုက်ဆွေးနွေးနိုင်မည်ဖြစ်သည်။ မြန်မာလုပ်ငန်းရှင်များ၏ ခင်းကျင်းပြသရောင်းချမည့် ထုတ်ကုန်များစွာကို လည်ပတ်ကြည့်ရှုရင်း သင်္ကြန်အကြိုပုံရိပ်များကို အတူပါဝင်ဆင်နွှဲနိုင်မည်ဖြစ်သည်။

မြန်မာ့ရိုးရာ နှစ်သစ်ကူးသင်္ကြန်အကြို ဈေးရောင်းပွဲတော်ကို မေ ၈ ရက်တွင် နံနက် ၁၁ နာရီမှ ညနေ ၅ နာရီအထိလည်းကောင်း၊ မေ ၉ ရက်တွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိလည်းကောင်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **မျိုးမင်းသူရ**

❖ *ကျောဖုံးမှ*

ကောင်းမွန်မှုကြောင့် နှစ်ဂိုးပြတ် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

ယခုပွဲစဉ်မှာ ဗီလာဂိုးသမား မာတီနက်ဇ်အတွက် အသင်းနှင့်ပွဲ ၁၀၀ ပြည့်မြောက်ခဲ့သော ပွဲစဉ်ဖြစ်ပြီး ချယ်ဆီးတိုက်စစ်ကစားသမားများ၏ ဂိုးရရှိနိုင်သည့် ကန်သွင်းချက်များကို ဟန့်တားကာကွယ်နိုင်ခဲ့သည်။ ထို့အပြင် နည်းပြ အူနိုင်းအမ်မရီလက်ထက် အက်စ်တွန်ဗီလာအသင်းသည် ၁၄ ပွဲတွင် ၂၆ မှတ်အထိ စုဆောင်းနိုင်ခဲ့ပြီလည်းဖြစ်သည်။ ယခုပွဲစဉ် ရှုံးနိမ့်မှုကြောင့် ချယ်ဆီးအသင်းသည် ၂၈ ပွဲကစား ရမှတ် ၃၈ မှတ်သာ ရရှိထားသောကြောင့် လာမည့်နှစ် ဥရောပဝင်ခွင့်တစ်နေရာရရှိရေးမှာ မှေးမှိန်စပြုလာပြီဖြစ်သလို နည်းပြ ဂရေဟမ်ပေါ်တာအတွက်လည်း ဖိအားများနှင့် ရင်ဆိုင်နေရပြီဖြစ်သည်။ အက်စ်တွန်ဗီလာအသင်းက ယခုအနိုင်ပွဲကြောင့် ၂၈ ပွဲကစားပြီး ရမှတ် ၄၁ မှတ်ဖြင့် အမှတ်ပေးဇယား အထက်ပိုင်းတက်လှမ်းနိုင်ခဲ့ပြီး အသင်းကြီး လီဗာပူးနှင့် တစ်မှတ်အကွာသို့ ရောက်ရှိလာပြီဖြစ်သည်။

မေ ၂ ရက် ညပိုင်းတွင် ယှဉ်ပြိုင်ကစားသည့် ဝက်စ်ဟမ်းနှင့် ဆောက်သမ်တန်တို့ပွဲတွင် ဝက်စ်ဟမ်းက တစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရသည်။ နယူးကာဆယ်နှင့် မန်ယူတို့ပွဲတွင် နယူးကာဆယ်က နှစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရသည်။ ရမှတ် ၅၀ စီတူညီသော်လည်းဂိုးကွာခြားချက်ဖြင့် နယူးကာဆယ်က အဆင့် ၃ ၌ ရပ်တည်နေသည်။ **အောင်ဇော်**

ရန်ကုန်မှ ကော့သောင်းသို့ မောင်းနှင်လာသည့် ခရီးသည်တင်ယာဉ်အား PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်သည့်နေရာပြပုံ။




## PDF အမည်ခံအကြမ်းဖက်သမားများက စစ်ကိုင်းမြို့နယ်အတွင်းရှိ ကြက်သွန်စိုက်ခင်းအတွင်းသို့ Drone ဖြင့် Drop Bomb ပစ်ချတိုက်ခိုက်၊ အပြစ်မဲ့ကျေးရွာနေပြည်သူ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး ဗုံးစထိမှန်ဒဏ်ရာရရှိ

**နေပြည်တော် မေ ၂**

NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရန်နှင့် ၎င်းတို့၏ကိုယ်ကျိုးစီးပွားတွင် အသုံးပြုရန်အတွက် ပြည်သူလူထုထံမှ အတင်းအဓမ္မ ဆက်ကြေးကောက်ခံခြင်း၊ လုယက်ယူဆောင်ခြင်းနှင့် ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိရာ မတ် ၂၉ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်ခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ကွယ်ပုံကျေးရွာ၏ အနောက်မြောက်ဘက် မီတာ ၈၀၀ ခန့်အကွာရှိ ကြက်သွန်စိုက်ခင်း၌ ကျေးရွာနေ ပြည်သူများ ကြက်သွန်နုတ်နေစဉ် PDF အမည်ခံ အကြမ်းဖက်သမားများက အဆိုပါကြက်သွန်စိုက်ခင်း ပိုင်ရှင်ထံမှ ဆက်ကြေးတောင်းခံရာ ဆက်ကြေးမရသဖြင့် Drone ဖြင့် ကြက်သွန်ခင်းအတွင်းသို့ Drop Bomb တစ်လုံးပစ်ချတိုက်ခိုက်ခဲ့ရာ ကြက်သွန်နုတ်နေသည့် အပြစ်မဲ့ကျေးရွာနေပြည်သူ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး ဗုံးစထိမှန် ဒဏ်ရာများရရှိခဲ့ကြောင်းနှင့် ဒဏ်ရာရရှိသူများအား ကျေးလက်ဆေးပေးခန်းသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်း သိရှိရသည်။

ထိုသို့ အေးချမ်းစွာ နေထိုင်၊ လုပ်ကိုင်စားသောက်ပြီး မိမိစီးပွားရေး မိမိဆောင်ရွက်နေသည့် အပြစ်မဲ့အရပ်သားပြည်သူများအား အကြောက်တရားများ လွှမ်းမိုးလာစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နေသည့် PDF အမည်ခံ အကြမ်းဖက်သမားများကို တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

PDF အမည်ခံအကြမ်းဖက်သမားများမှ Drop Bomb ပစ်ချတိုက်ခိုက်ခဲ့သည့်နေရာပြပုံ။




## PDF အမည်ခံ အကြမ်းဖက်သမားများက စစ်ရေးနှင့် မသက်ဆိုင်သော ခရီးသည်တင်မော်တော်ယာဉ်အား ပစ်ခတ်တိုက်ခိုက်၊ ကလေးငယ်တစ်ဦးနှင့် အမျိုးသမီးတစ်ဦးသေဆုံးပြီး သံဃာတော်နှစ်ပါးအပါအဝင် အပြစ်မဲ့ပြည်သူလေးဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် မေ ၂**

CRPH၊ NUG တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက မေ ၁ ရက် ည ၈ နာရီခန့်တွင် စစ်ရေးနှင့် မသက်ဆိုင်သော အေးချမ်းစွာ နေထိုင်သွားလာလျက်ရှိသည့် ခရီးသည်တင်ယာဉ်အား နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်မှုများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်မြို့မှ ကော့သောင်းမြို့သို့ ပြေးဆွဲနေသော ယာဉ်မောင်း ဦးကျော်စိုးလွင် မောင်းနှင်သည့် မြတ်မန္တလာထွန်း ခရီးသည်တင်ယာဉ်သည် ခရီးသည် ၁၆ ဦးကို တင်ဆောင်၍ ထွက်ခွာလာရာ မေ ၁ ရက် ည ၈ နာရီခန့်တွင် တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နှင့် ကမ္ဘလိုင်းကျေးရွာအကြားရှိ မိုင်တိုင်အမှတ် (၈၄/၁) နှင့် (၈၄/၂)ကြားနေရာ၌ CRPH၊ NUG တို့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက လမ်း၏ အရှေ့ဘက် မီတာ ၂၀၀ ခန့်အကွာမှ လက်နက်ငယ်များဖြင့် အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း၊ အကြမ်းဖက်သမားများ၏ပစ်ခတ်တိုက်ခိုက်မှုကြောင့်အပြစ်မဲ့ခရီးသွားပြည်သူ အသက် ခုနစ်နှစ်အရွယ် ကလေးငယ်တစ်ဦးနှင့် အမျိုးသမီးတစ်ဦး သေဆုံးပြီး သံဃာတော်နှစ်ပါးနှင့် အမျိုးသားနှစ်ဦးတို့ လက်နက်ငယ်ကျည်ထိမှန် ဒဏ်ရာများရရှိခဲ့ကြောင်း၊ အဆိုပါဒဏ်ရာရရှိသူများအား တနင်္သာရီမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

ယခုကဲ့သို့ စစ်ရေးနှင့် မသက်ဆိုင်ဘဲ အေးချမ်းစွာ ခရီးသွားလာလျက်ရှိသည့် အပြစ်မဲ့ပြည်သူများ၏ အသက်အန္တရာယ် ထိခိုက်သေကျေနိုင်သည်အထိ စက်ဆုပ်ရွံရှာဖွယ် ပစ်ခတ်တိုက်ခိုက်ခဲ့သည့် CRPH၊ NUG တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများအား အမြန်ဆုံးဖမ်းဆီးရမိရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက တာဝန်သိပြည်သူများနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



PDF အမည်ခံ အကြမ်းဖက်သမားများ၏ ပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိခဲ့သည့် အပြစ်မဲ့ခရီးသွားပြည်သူအား ဆေးကုသပေးစဉ်။

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့တွင် ငွေကျပ်သိန်း ၉၀၀၀ ကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး Happy Water ၈ ဒသမ ၄ ကီလို ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၂**

ရှမ်းပြည်နယ် (အရှေ့ပိုင်း)တာချီလိတ်မြို့တွင်ငွေကျပ်သိန်း ၉၀၀၀ ကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး Happy Water ၈ ဒသမ ၄ ကီလို ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မြန်မာ့ရိုးရာနှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော် ကာလမတိုင်မီ လူငယ်များအား စိတ်ပြောင်းဆေးဝါး Happy Water များ ရောင်းချလျက်ရှိကြောင်း သတင်းအရ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၃၁ ရက် ည ၈ နာရီခွဲက တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်တွင် သတင်းရရှိထားသူ စိုင်းဦးမောင်ဆိုင်ကယ်ဖြင့် ရောက်ရှိလာ၍ ရှာဖွေခဲ့ရာ ၎င်းထံမှ COLLAGEN စာတန်းပါ ပလတ်စတစ်အိတ်များဖြင့်ထည့်လျက် စိတ်ပြောင်းဆေးဝါး Happy Water ၂ ကီလိုနှင့် Royal-D စာတန်းပါ ပလတ်စတစ်အိတ်များဖြင့် ထည့်လျက် စိတ်ပြောင်းဆေးဝါး Happy Water ၆ ဒသမ ၄ ကီလို စုစုပေါင်း ငွေကျပ်သိန်း ၉၀၀၀ ကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး Happy Water ၈ ဒသမ ၄ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ပြောင်းဆေးဝါး Happy Water များကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာလေမြို့မှ တာချီလိတ်မြို့သို့ သယ်ဆောင်လာပြီး တာချီလိတ်မြို့ပေါ်တွင် မြန်မာ့ရိုးရာနှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်ကာလ၌ လူငယ်များကို ဖြန့်ဖြူးရောင်းချမည် ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက် စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းနှင့် အလားတူ လူငယ်များကို အန္တရာယ်ဖြစ်စေမည့် စိတ်ပြောင်းဆေးဝါးများ ရောင်းချမှုကို ကြိုတင်ကာကွယ်သည့်အနေဖြင့် ယခုထက်ပိုမိုထိရောက်စွာ တားဆီးနှိမ်နင်းလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



စိုင်းဦးမောင် အား သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါး Happy Water များနှင့် အတူတွေ့ရစဉ်။

# သာပေါင်းမြို့နယ် ကျေးရွာများ၌ တောဆင်များဝင်ရောက်ဖျက်ဆီး၊ အိမ်ပြိုပျက်စီးမှုနှင့် လယ်ယာလုပ်သူတစ်ဦးသေဆုံး

**သာပေါင်း ဧပြီ ၂**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် လေ့ကြီးတက်ကျေးရွာအုပ်စု တပ်ကုန်းကျေးရွာ၌ ဧပြီ ၁ ရက် ညနေ ၆ နာရီခွဲက တောဆင်နင်းခံရပြီး လယ်ယာလုပ်သူတစ်ဦး သေဆုံးမှုဖြစ်ပွားခဲ့သည်။

တောဆင်နင်းခံ သေဆုံးမှုဖြစ်စဉ်မှာ လေ့ကြီးတက်ကျေးရွာအုပ်စု တပ်ကုန်းကျေးရွာ (ဒေသအခေါ်) ဗူးခုံတွင် နေထိုင်သည့် ဦးကြည်လွင်ဖြစ်ပြီး ဒေသအခေါ် ရှောက်ချောင်း(ချောင်း)အတွင်းသို့ တစ်ဦးတည်း ရေချိုးသွားစဉ် တောဆင် ငါးကောင်ခန့်နှင့် အမှတ်မထင် ရင်ဆိုင်တွေ့ရှိပြီး ထွက်ပြေးရာ မလွတ်တော့ဘဲ နင်းခြေသတ်ခံရကြောင်း သတင်းရသဖြင့် ဧပြီ ၂ ရက် နံနက် ၇ နာရီခွဲက မြို့မရဲစခန်း (သာပေါင်း)မှ ဒုရဲအုပ်အောင်ကိုကိုနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာန တောအုပ် မျိုးမင်းလတ်နှင့် တာဝန်ရှိသူများ၊ နယ်မြေခံ တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က သွားရောက် ကြည့်ရှုစစ်ဆေးရာ ဆင်နင်းခံရသည့် ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို စစ်ဆေးတွေ့ရှိခဲ့ရသည်။



ထို့အပြင် သာပေါင်းမြို့နယ် ကွင်းကောက် ကျေးရွာအုပ်စု ကွမ်းခြံကုန်းကျေးရွာ၌ ဧပြီ ၂ ရက် သန်းခေါင်ယံကျော် ၁ နာရီခွဲက တောဆင်များ ဝင်ရောက်ဖျက်ဆီးခဲ့သဖြင့် ဦးသန်းကြည် မိသားစု နေထိုင်သော ခနီမိုး၊ ထရံကာ၊ ပျဉ်ခင်းနေအိမ် ပျက်စီးဆုံးရှုံးသဖြင့် **(အပေါ်ပုံ)** မြို့မရဲစခန်း (သာပေါင်း)မှ ဒုရဲအုပ်အောင်ကိုကိုနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ကွင်းကောက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဝင်းဋ္ဌေးနှင့် အထောက်အကူပြုအဖွဲ့များက ကူညီပေးမှုများ၊ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြပြီး အဆိုပါ ဖြစ်ပွားမှုတွင် လူနှင့် တိရစ္ဆာန် ထိခိုက်ဆုံးရှုံးမှုမရှိကြောင်း သိရသည်။

**မျိုးဇော်သိန်း (ပြန်/ဆက်)**

# မြောက်ဥက္ကလာပနှင့် မင်္ဂလာဒုံမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၂**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၁ ရက် မွန်းလွဲ ၃ နာရီတွင် မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် (၁၂)ရပ်ကွက် အောင်မင်္ဂလာလမ်းရှိ မောင်မောင်ကျော်၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ သိမ်းဆည်းရမိခဲ့သည်။

အလားတူ ညနေ ၄ နာရီတွင် ပူးပေါင်းအဖွဲ့သည် မြောက်ဥက္ကလာပမြို့နယ် (၄) ရပ်ကွက် ပေါင်းကူးလမ်းနေ နိုင်ချမ်းမြေ့အောင်(ခ)ကိုချမ်း၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေး ၂၈၃၈ ပြားကို လည်းကောင်း၊ ထိုနေ့ မွန်းလွဲ ၂ နာရီတွင် မောင်မောင်နု(ခ)မိုဟာမက်ရှစ်ကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထား ကြောင်း သိရသည်။

**ရဲပြန်ကြား**



မောင်မောင်နု(ခ) မိုဟာမက်ရှစ် ကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# သာပေါင်းမြို့နယ်၌ တောဆင်အန္တရာယ် ကင်းရှင်းရေးပူးပေါင်းအဖွဲ့ဖြင့် တောထဲသို့ အမြန်ဆုံးမောင်းသွင်းရေး စီမံဆောင်ရွက်



**သာပေါင်း ဧပြီ ၂**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်၌ တောဆင်အန္တရာယ်ကင်းရှင်းရေး ကူညီဆင်ပူးပေါင်းအဖွဲ့ဖြင့် တောထဲသို့ အမြန်ဆုံးမောင်းသွင်းရေး ဧပြီ ၂ ရက် နံနက် ၁၀ နာရီခွဲက ပြည်အေးခန်းမ၌ တွေ့ဆုံဆွေးနွေး စီမံဆောင်ရွက်ကြသည်။ **(ယာပုံ)**

တောဆင် အန္တရာယ်ကြောင့် အသက်ဆုံးရှုံးမှုများ၊ နေအိမ်အဆောက်အအုံများ ဖျက်ဆီးခံရမှုများရှိနေသဖြင့်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းဇော်ထိုက်နှင့် အဖွဲ့ဝင်များက မြို့နယ်သစ်တောဦးစီးမှူး ဦးဝေဖြိုး၊ မြို့မရဲစခန်းမှူး ဒုရဲမှူးဝင်းနိုင်ဦး၊ သစ်တောရဲ ဒုရဲမှူးစိုးမိုးကျော်တို့နှင့် တွေ့ဆုံစိစစ်ပြီး ဆင်များ တောတွင်းထဲသို့ ပြန်လည်မောင်းသွင်းရေး ငွေဆောင်ဆင်စခန်းမှ ကူညီဆင်နှစ်ကောင်၊ ကျားခေါင်းကင်မွန်းချဉ် ဆင်စခန်းမှ ကူညီဆင်တစ်ကောင် ပေါင်းသုံးကောင်နှင့် ပူးပေါင်းအဖွဲ့ဖြင့် အမြန်ဆုံး မောင်းသွင်းရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဇော်သိန်း (ပြန်/ဆက်)**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဧပြီ ၂

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာမြိုင်(၁)ရပ်ကွက်နေ သူရအောင်(ခ)သူရဲ(ခ)ဘီလူး(ခ)ငရဲသည် ၎င်းအသုံးပြု သည့် “Nga Ye” Facebook အကောင့်နှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် အမှတ်(၄) ရပ်ကွက်နေ အောင်ကျော်ညွန့်(ခ)အောင်အောင်သည် ၎င်းအသုံးပြုသည့် “Aung Aung” Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ပွင့်လင်းရာသီကာလတွင် ပုပ္ပားတောင်ကလပ်၌ ပြည်တွင်းဘုရားဖူးများဖြင့် နေ့စဉ် စည်ကားလျက်ရှိ

**ကျောက်ပန်းတောင်း မေ ၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်း မြို့နယ်အတွင်းရှိ သမိုင်းဝင်အထင်ကရ နေရာတစ်ခုဖြစ်သည့် ပုပ္ပားတောင်ကလပ်ဘုရားကြီးသို့ ပွင့်လင်းရာသီကာလတွင် ပြည်တွင်းဘုရားဖူးဧည့်သည်များ နေ့စဉ်လာရောက် ဖူးမြော်နေကြသဖြင့် စည်ကားလျက်ရှိကြောင်း အဆိုပါဘုရားကြီးအနီးရှိ ဈေးသည်များထံမှ သိရသည်။

"ခုချိန်က ပွင့်လင်းရာသီချိန်ဖြစ်လို့ ပုပ္ပားတောင်ကလပ်ဘုရားကို နေ့စဉ်ပြည်တွင်းဘုရားဖူးဧည့်သည်တွေ လာရောက်ဖူးမြော်ကြပါတယ်။ ကျွန်မတို့ ပုပ္ပားမြို့လေးဟာ သဘာဝတောရိပ်ဝါးရိပ်တွေနဲ့ ထွက်ရပ်ပေါက် ဝိဇ္ဇာတပသီတွေ ပျော်မွေ့ရာနေရာဖြစ်တဲ့အတွက် ဘုရားဖူးတွေက စိတ်ဝင်တစား လာရောက်ဖူးမြော်ကြပါတယ်။ ပုပ္ပားနဲ့ ပုဂံညောင်ဦးကလည်း ကားနဲ့ဆိုရင် တစ်နာရီခွဲလောက်ပဲ မောင်းရတာဆိုတော့ ပြည်တွင်းဘုရားဖူးတွေက ပုပ္ပားတောင်ကလပ်ဘုရားကြီးကို ဖူးပြီးရင် ပုဂံညောင်ဦးက ဘုရားစေတီ၊ ပုထိုးတွေကို ဆက်သွားကြပါတယ်။ အခုလို ပွင့်လင်းရာသီအချိန်မှာ ဘုရားဖူးဧည့်သည်တွေ နေ့စဉ် လာရောက်တဲ့အတွက် ကျွန်မတို့လို ဘုရားအနီးက ဈေးသည်တွေလည်း ဈေးရောင်းရလို့ အဆင်ပြေပါတယ်" ဟု ပုပ္ပားတောင်ကလပ် ဘုရားကြီးအနီး ဒေသထွက်ဆေးမြစ်စုံ ရောင်းချသည့် ဈေးသည် အမျိုးသမီးတစ်ဦးက ပြောသည်။

ပုပ္ပားတောင်ကလပ် ဘုရားကြီးသည် ပုပ္ပားမြို့နှင့် နှစ်မိုင်ကျော်ခန့်သာ ကွာဝေးပြီး သဘာဝက ပေးသည့် တောတောင်ရေမြေ ရှုခင်းအလှများဖြင့် အေးချမ်းသောနေရာဒေသတစ်ခုဖြစ်၍ ပြည်တွင်း၊ ပြည်ပဘုရားဖူး ခရီးသွားဧည့်သည်များက ပုဂံညောင်ဦး ဘုရားများသို့ လာရောက်လည်ပတ်ရာတွင် ပုပ္ပားတောင်ကလပ် ဘုရားကြီးကိုလည်း ဝင်ရောက်လည်ပတ်ဖူးမြော်ကြကာ ယခုလို ပွင့်လင်းရာသီချိန် ရက်ရှည်ပိတ်ရက်များတွင် ပြည်တွင်းဘုရားဖူးများ အများအပြား လာရောက်ကြသဖြင့် ဘုရားအနီးရှိ အမှတ်တရပစ္စည်းအရောင်းဆိုင်များနှင့် ဈေးဆိုင်များ အရောင်းအဝယ်ကောင်း၍ အဆင်ပြေလျက်ရှိကြသည်။



**ရဲဝင်းနိုင်(ညောင်ဦး)**

## မက်မန်းမြို့နယ်၌ လက်ဖက်၊ ထောပတ်နှင့် ကော်ဖီပင်များ စမ်းသပ် စိုက်ပျိုးမည်

**မက်မန်း မေ ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းမြို့နယ်၌ စိုက်ပျိုးရေးစံပြခြံတွင် နှစ်ရှည်ပင်များဖြစ်သော လက်ဖက်၊ ထောပတ်နှင့် ကော်ဖီပင်များ စမ်းသပ်ပျိုးထောင် စိုက်ပျိုးလျက်ရှိသည်။

စိုက်ပျိုးရေးဦးစီးဌာနကဦးဆောင်၍ နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် နှစ်ရှည်ပင်များ စိုက်ပျိုးနိုင်ရေးကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ လက်ဖက်ပျိုးပင်ပေါင်း ၁၈၁၅ ပင်၊ ထောပတ်ပျိုးပင်ပေါင်း ၇၀၊ ကော်ဖီပျိုးပင် ၁၃၆၀ ပျိုးထောင် စိုက်ပျိုးပေးထားကြောင်းသိရသည်။ ထိုသို့ပျိုးထောင်ပေးထားသည့် လက်ဖက်ပင်များကို ကျေးရွာအုပ်စုခြောက်စု၊ ထောပတ်ပျိုးပင်များကို ကျေးရွာအုပ်စုခြောက်စုနှင့် ကော်ဖီပင်များကို ကျေးရွာအုပ်စုငါးစုသို့ ဖြန့်ဝေစိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမျိုးခိုင်ထံမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ရန်ကင်းမြို့နယ်၌ သင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးဆွေးနွေး

**ရန်ကင်း မေ ၂**

ရန်ကင်းမြို့နယ်၌ မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၃၀ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အစည်းအဝေးတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းမင်းလတ်က မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အမွေအနှစ်ဖြစ်သည့် မဟာသင်္ကြန်ပွဲတော်ကို မပျောက်ပျက်အောင် ထိန်းသိမ်းဆောင်ရွက်သွားကြရန်၊ ဖျော်ဖြေရေးအကမဏ္ဍပ်များ၊ ရေကစားမဏ္ဍပ်များ၊ စတုဒိသာမဏ္ဍပ်များဖြင့် ပြည်သူများ ပျော်ရွှင်စွာနှင့် စိတ်အေးချမ်းစွာ ရေကစားနိုင်ရေး ဆောင်ရွက်သွားရန် ပြောကြားသည်။ ထို့နောက် မဟာသင်္ကြန်ပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မြို့နယ်အဆင့်ဌာနဆိုင်ရာများက ဆွေးနွေးကြပြီး မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

**အိန္ဒြေစင်(ပြန်/ဆက်)**



## ဖားကန့်မြို့နယ်အတွင်း ဥရုချောင်းနှင့် ချောင်းလက်တက် ရှင်းလင်းရေးလုပ်ငန်းများ စတင်ဆောင်ရွက်

**ဖားကန့် မေ ၂**

ကချင်ပြည်နယ် ဖားကန့်မြို့နယ်အတွင်းရှိ ဥရုချောင်းနှင့် ချောင်းလက်တက်များ ရေကြီးရေလျှံမှုမဖြစ်ပေါ်စေရေး၊ ရေစီးရေလာ ကောင်းမွန်စေရေးနှင့် သဘာဝဘေးအန္တရာယ် မဖြစ်ပေါ်စေရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ကြီးကြပ်၍ မတ် ၂၁ ရက်မှစတင်ကာ ချောင်းရှင်းလင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုနှစ်အတွင်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့အနေဖြင့် မော်မောင်းချောင်းဝ ဖားကန့်ကြီးကွေ့၊ မျောက်ဖြူချောင်းဝနှင့် ဂျန်ဂတ်ချောင်းဝ၊ ရှရော်ခချောင်းဝနှင့် ဝေခါချောင်းဝ၊ မမုံချောင်းပေါက်ဝ၊ ရေအေးချောင်းဆွတ်အောင်နေရာ၊ စပေါ့ကူးတို့တံတားမှ နမ့်မော်ချောင်းပေါက်ဝထိ၊ မော်မောင်းလျှန်ချောင်းနှင့် ကာလီချန်ချောင်း၊ မော်ရှန်ချောင်းနှင့်၊ ကျောက်စိမ်းတောင်ကွေ့နေရာစသည့် ကိုးနေရာတို့ကို ချောင်းရှင်းလင်းရေး လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ လက်ရှိတွင် မော်မောင်းချောင်းဝ ဖားကန့်ကြီးကွေ့၊ မမုံချောင်းပေါက်ဝနှင့် မော်ရှန်ချောင်း ရှင်းလင်းမှုတို့ကို စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ သိရသည်။

အဆိုပါ ချောင်းရှင်းလင်းရေးလုပ်ငန်းနှင့်ပတ်သက်၍ မြို့နယ်စီမံအုပ်ချုပ်ရေး ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ လုံးခင်း/ဖားကန့် တူးဖော်ရေးဌာန၊ ကျောက်မျက်လုပ်ငန်းရှင်များအသင်း၊ ကျောက်မျက်/ သမကုမ္ပဏီများ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ချောင်းရှင်းလင်းရေးလုပ်ငန်းအနီးကပ် စောင့်ကြပ်ကြည့်ရှုစစ်ဆေးရေး လုပ်ငန်းအဖွဲ့ဝင်များ ပါဝင်သည့် အစည်းအဝေးများကို လေးကြိမ်တိုင်ပြုလုပ်၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။

ထို့အတူ ၂၀၂၁-၂၀၂၂ ခုနှစ်က ရှရော်ခချောင်းနှင့် ဥရုချောင်းဆုံနေရာ၊ ဝေခါချောင်းနှင့် ဥရုချောင်းဆုံနေရာ၊ စပေါ့ကူးတို့ တံတားမှ နမ့်မော်ပေါက်ဝအထိ၊ နမားယန်ချောင်းလက်တက်နေရာ၊ နမ့်မော်ချောင်းလက်တက်နေရာ၊ ဖားကန့်ကြီး မျောက်ဖြူချောင်းဆုံနေရာ၊ ရှရော်ခချောင်းလက်တက် ဖားကန့်အများသုံးရေကန်မှ ရှရော်ခဘုန်းကြီးကျောင်းအထိစသည့် ခုနစ်နေရာတို့ကို ချောင်းရှင်းလင်းမှု ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ကျေးရွာရေရရှိရေးအတွက် ရေတွင်းတူးဖော်ပြီးစီး

**ရသေ့တောင် မေ ၂**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် ကံပြင်ကျေးရွာ၌ သောက်သုံးရေရရှိရေးအတွက် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လက်တူးတွင်းတစ်တွင်းကို တူးဖော်ပေးလျက်ရှိရာ လုပ်ငန်းပြီးစီးမှုကို မြို့နယ်ဦးစီးမှူး ဦးတင်မောင်ဦးနှင့် တာဝန်ရှိသူများက မတ် ၂၈ ရက်တွင် သွားရောက်စစ်ဆေးသည်။

အဆိုပါရေတွင်းကို ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေကျပ် ၆ ဒသမ ၇ သန်းဖြင့် တင်ဒါအောင်ကုမ္ပဏီက တာဝန်ယူတူးဖော်ခဲ့ပြီး မြို့နယ်ဦးစီးမှူးက တူးဖော်ပြီးသောရေတွင်း ရေရှည်တည်တံ့စွာ သုံးစွဲနိုင်ရေးအတွက် ကျေးရွာရေပေးဝေရေးကော်မတီနှင့် ကျေးရွာနေပြည်သူများက ဝိုင်းဝန်းထိန်းသိမ်းပေးကြရန် မှာကြားခဲ့သည်။

**အောင်လှဖြူ**
**(ရမ်းဗြဲ)**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code "1111" ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**"အဂတိလိုက်စားမှုတားဆီးဖို့ "1111" ကို ဖြေကြားစို့"**
**"ဝန်ဆောင်မှုများ ကောင်းစေရေး "1111" ကို ဖြေကြားပေး"**
**"အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့"**

# လိုရာပြည့်စုံကမ္ဘာလုံးစေတီတော်မြတ်ကြီး နဝရတ်ကိုးပါးအုတ်မြစ်တော်စီမဟာမင်္ဂလာ အခမ်းအနားတက်ရောက်

မုဒုံ မေ ၂

**မွန်ပြည်နယ် မုဒုံမြို့နယ် ဘဲရမ်းကျေးရွာရှိ နွေစပါးစံပြစိုက်ပျိုးရေးစိုက်ကွက် ကွင်းအမှတ် – ၈၄၃ တောင်သူ ဦးဘသိန်း၏ လယ်နှစ်ဧကအတွင်း စိုက်ပျိုးထားရှိသော ဆင်းသုခ စပါးစိုက်ခင်း၌ ရွှေဇီဝဓာတ်မြေဩဇာအသုံးပြုမှု အခြေအနေများကို မေ ၁ ရက်က မွန်ပြည်နယ်ဝန်ကြီးချုပ်ဦးအောင်ကြည်သိန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးသည်။**



နွေစပါးစံပြစိုက်ပျိုးရေးစိုက်ကွက်အတွင်း စပါးအထွက်နှုန်း ယှဉ်ပြိုင်စိုက်ပျိုးထားသော သဘာဝဓာတ်မြေဩဇာအသုံးပြုမှုနှင့် ရွှေဇီဝဓာတ်မြေဩဇာအသုံးပြုခြင်းတို့၏ စပါးအထွက်နှုန်း ကွာဟမှု၊ ကုန်ကျမှုစရိတ် သက်သာမှုတို့ကို ပြည်နယ်ဝန်ကြီးချုပ်က မေးမြန်းရာ မွန်ပြည်နယ် ရွှေဇီဝဓာတ်မြေဩဇာ တာဝန်ခံ ဒုညွှန်မှူး ဒေါက်တာခင်ဆွေအေးက ရွှေဇီဝဓာတ်မြေဩဇာအသုံးပြုခြင်းဖြင့် ရရှိလာသည့် အထွက်နှုန်းကောင်းမွန်မှုကိုလည်းကောင်း၊ မုဒုံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးငြိမ်းချမ်းကျော်က ပုံမှန်သုံးစွဲလျက်ရှိသည့် သဘာဝဓာတ်မြေဩဇာနှင့် ရွှေဇီဝဓာတ်မြေဩဇာ အသုံးပြုခြင်းတို့၏ စပါးအထွက်နှုန်း၊ ကုန်ကျမှုစရိတ်တို့ကို နှိုင်းယှဉ်၍ တိုးတက်လာမှုအခြေအနေများကို ပြန်လည်ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားပြီး ဒေသခံတောင်သူများထံ ရွှေဇီဝဓာတ်မြေဩဇာများ ပေးအပ်ကာ စံပြစိုက်ကွက်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မုဒုံမြို့နယ် ကမာဝက်မြို့ ရှမ်းရွာရပ်ရှိ အောင်တော်မူကျောင်းတိုက် ဆရာတော် ဒေါက်တာဘဒ္ဒန္တသီလဝန္တ ၊ မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့် ဦးမျိုးမင်းဦးတို့က ဦးဆောင်၍ ခုနစ်ရက်သားသမီးများ၏ ကောင်းမှုဖြင့် အသစ်တည်ထားကိုးကွယ်ပူဇော်မည့် လိုရာပြည့်စုံကမ္ဘာလုံး စေတီတော်မြတ်ကြီး နဝရတ်ကိုးပါးအုတ်မြစ်တော်စီ မဟာမင်္ဂလာအခမ်းအနားသို့ တက်ရောက်ပြီး ကမာဝက်မြို့ ခြသေ့်ကျောင်း ဆရာတော် ဘဒ္ဒန္တစန္ဒကုမာရထံမှ ကိုးပါးသီလ ခံယူဆောက်တည်ခဲ့သည်။

ယင်းနောက် ပင့်သံဃာ ဆရာတော်အရှင်သူမြတ်များထံ နဝရတ်ကိုးပါးနှင့် ပရိတ်ရည်၊ နံ့သာရည်များ ဆက်ကပ်ကာ ဆရာတော် သံဃာတော် အရှင်သူမြတ်များက ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ပေးခဲ့ပြီး ခြသေ့်ကျောင်း ဆရာတော် ဘဒ္ဒန္တစန္ဒကုမာရမှ ဩဝါဒစကား မြွက်ကြားခဲ့သည်။ ထို့နောက် မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ် အစိုးရအဖွဲ့ဝင်ဝန်ကြီးများသည် ဆရာတော်/ သံဃာတော်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

သားငယ်

(ပြန်/ဆက်)

# ပခုက္ကူမြို့၌ နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာအဆောက်အအုံတစ်လုံး တည်ဆောက်မှုရာခိုင်နှုန်းပြည့်ပြီးစီး

ပခုက္ကူ မေ ၂

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများအတွက် ပခုက္ကူမြို့ အမှတ်(၁)ရပ်ကွက် လေယာဉ်ကွင်းဟောင်း၌ ရှစ်ခန်းတွဲ ငါးထပ်နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာ အဆောက်အအုံတစ်လုံး တည်ဆောက်မှုလုပ်ငန်းကို ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာခိုင်နှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။



၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ် ၉၈၉ သန်းဖြင့် ရှစ်ခန်းတွဲ ငါးထပ်နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာ အဆောက်အအုံတစ်လုံးကို တင်ဒါအောင်မြင်သည့် ကုမ္ပဏီက ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁ ရက် မှစတင်ပြီး တာဝန်ယူအကောင်အထည်ဖော် တည်ဆောက်လျက်ရှိရာ ၂၀၂၃ ခုနှစ် မတ်လအတွင်း တည်ဆောက်မှုလုပ်ငန်းရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါအဆောက်အအုံ၏ အကျယ်အဝန်းမှာ စတုရန်းပေပေါင်း ၃၃၈၂၂ ပေ ရှိပြီး တစ်ထပ်အတွင်း၌ အခန်းပေါင်း ရှစ်ခန်းပါရှိသည့် ငါးထပ်အဆောက်အအုံတစ်လုံးဖြစ်ကြောင်း၊ တည်ဆောက်မှုလုပ်ငန်းများကို ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းစံချိန်စံညွှန်း အရည်အသွေးများနှင့် ကိုက်ညီစွာ အကောင်အထည်ဖော်တည်ဆောက်ပြီးစီးရေး ပခုက္ကူခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနေမျိုးအောင်နှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း မန်းရောဝတီ ဆောက်လုပ်ရေးကုမ္ပဏီမှ တည်ဆောက်ရေးတာဝန်ခံအင်ဂျင်နီယာ ဦးတိုးကိုကိုဟန်က ပြောသည်။

ခရိုင်(ပြန်/ဆက်)



# ကျောက်ကြီးမြို့နယ်၌ နွေရာသီဘင်ခရာနှင့် ပန်းပွားသင်တန်းဖွင့်ပွဲ အခမ်းအနားပြုလုပ်

ကျောက်ကြီး မေ ၂

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်၌ မေ ၁ ရက်က အခြေခံပညာအထက်တန်းကျောင်း သပြေဆောင်ခန်းမ၌ မြို့နယ်ပညာရေးမှူးရုံးက ဦးဆောင်ပြီး ဘင်ခရာနှင့် ပန်းပွားသင်တန်းဖွင့်ပွဲ အခမ်းအနားပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူးက မိမိတို့မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၈၀ အား မေ ၁ ရက်မှ ၃၀ ရက်အထိ နံနက် ၈ နာရီမှ နေ့လယ် ၁၂ နာရီအထိ ဘင်ခရာနှင့် ပန်းပွားသင်တန်းကို အခမဲ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း၊ နွေရာသီကျောင်းပိတ်ရက်၌ ကျောင်းသား ကျောင်းသူများကို မြို့နယ်ကိုယ်စားပြု ယခုလိုသင်တန်းအား ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ ဘင်ခရာသင်တန်းကို ကြက်ခြေနီသူနာပြုတပ်ဖွဲ့ မြို့နယ်တပ်ဖွဲ့မှူးက သင်တန်းသူ သင်တန်းသားများအနေဖြင့် ရရှိသည့်အချိန်ကို အကျိုးရှိစွာအသုံးချပြီး သင်ကြားပို့ချမှုများကို စနစ်တကျလိုက်နာသင်ယူသွားရန်လိုအပ်ပြီး မြို့နယ် ကိုယ့်စားပြုအဖွဲ့အနေဖြင့် ကြိုးစားသင်ယူရန်လိုကြောင်း၊ မိမိအနေဖြင့်လည်း ကျောင်းသားဘဝမှ သင်ကြားလိုက်သည့်ပညာကို လေ့လာလိုက်စားပြီး ကျောင်းတော်ကြီးကို ကျေးဇူးဆပ်သည့်အနေဖြင့် မိမိသိရှိတတ်မြောက်မှုများအား ပြန်လည်မျှဝေသင်ကြားပို့ချပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

အခမ်းအနားသို့ မြို့နယ်ပညာရေးမှူး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ၊ သင်တန်းသူ သင်တန်းသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မိုးမိတ်မြို့နယ်၌ နွေရာသီအားကစားသင်တန်းဆင်းပွဲ ကျင်းပ

မိုးမိတ် မေ ၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့နယ်၌ နွေရာသီအားကစားသင်တန်းဆင်းပွဲအခမ်းအနားကို မေ ၁ ရက်က မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန အားကစားခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်အားကစားနှင့်ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမောင်က နွေရာသီကျောင်းပိတ်ရက်များတွင် လူငယ်များအနေဖြင့် အားကစားနည်းအခြေခံများကို အကျိုးရှိစွာအသုံးချနိုင်ရေး၊ အားကစားဆောင်ရွက်ခြင်းဖြင့် လူငယ်များ၏ ကျန်းမာကြံ့ခိုင်ရေးနှင့် နိုင်ငံတော်က အားထားရသည့် မျိုးဆက်သစ်အားကစားမောင်မယ်များ ပေါ်ထွက်လာစေရေးကို အထောက်အကူပြုနိုင်ရန်အတွက် ရည်ရွယ်၍ ယခုကဲ့သို့ နွေရာသီသင်တန်းကို ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်းပြောကြားသည်။

အဆိုပါ နွေရာသီအခြေခံ အားကစားသင်တန်းတွင် ဘောလုံးအခြေခံအားကစားနည်းတွင် သင်တန်းသား ၃၀၊ ဘော်လီဘော အခြေခံအားကစာနည်းတွင် သင်တန်းသား ၁၀ ဦး၊ ပိုက်ကျော်ခြင်း အခြေခံအားကစားနည်းတွင် သင်တန်းသား ၁၀ ဦး၊ စားပွဲတင်တင်းနစ်အခြေခံအားကစားနည်းတွင် သင်တန်းသား ၁၅ ဦး၊ ကြက်တောင်အခြေခံအားကစားနည်းတွင် သင်တန်းသား ၁၀ ဦး၊ အေရိုးဗစ် အခြေခံအားကစားနည်းတွင် သင်တန်းသား ၂၀၊ ကရာတေးဒို အခြေခံအားကစားနည်းတွင် ၂၅ ဦးတို့ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ မတ် ၂၀ ရက်မှ မေ ၁ ရက်အထိဖြစ်ကြောင်း သိရသည်။

စည်သူငွေး (ပြန်/ဆက်)




**ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။**
**ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ**

# မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်ကို ယိမ်းအကအဖွဲ့အပါအဝင် စုစုပေါင်းအင်အား ၉၀၀ ကျော်ဖြင့် ဖွင့်လှစ်မည်

**မန္တလေး ဧပြီ ၂**

၁၃၈၄-၈၅ ခုနှစ် မန္တလေးမြို့တော် မဟာသင်္ကြန်ပွဲတော်အကြိုနေ့ ဗဟိုမဏ္ဍပ်ဖွင့်ပွဲတွင် ကျောင်းသူအင်အား ၅၀၀ နှင့် အခြားယိမ်းအကအဖွဲ့အပါအဝင် စုစုပေါင်းအင်အား ၉၀၀ ကျော်ဖြင့် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ သိရသည်။

“ဖွင့်ပွဲကတော့ ကျောင်းသူလေးတွေရော၊ နောက်ယိမ်းအကအဖွဲ့တွေရောပေါ့၊ ကျောင်းသူ ၅၀၀ နဲ့ အကအဖွဲ့တွေ စုစုပေါင်းအင်အား ၉၀၀ နဲ့ ဖွင့်ဖို့စီစဉ်ထားပါတယ်။ နောက်ပိုင်းအခမ်းအနားအစီအစဉ်အတိုင်း ဆက်လက်ပြုလုပ်သွားမှာပါ။ ဖွင့်ပွဲနေ့မှာ သီချင်းနှစ်ပုဒ်နဲ့အတူ ကျောင်းသူလေးတွေပါတဲ့ ယိမ်းအကအဖွဲ့တွေက ကပြဖျော်ဖြေသွားမှာပါ။ သီချင်းတွေကတော့ “ချမ်းအေးစေသည့် မန္တလေးသင်္ကြန်”နဲ့ “မန်းတောင်ရိပ်ခို” သီချင်းတွေပဲ ဖြစ်ပါတယ်” ဟု မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန ဌာနမှူး ဦးတင်ထွန်းဦးက ပြောသည်။



ယမန်နှစ်က မန္တလေးသင်္ကြန် ဗဟိုမဏ္ဍပ် ဖွင့်ပွဲကျင်းပစဉ်။

မန္တလေးမြို့တော် မဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲကို အကြိုနေ့ (ဧပြီ ၁၃ ရက်) ညနေ ၅ နာရီခွဲတွင် ကျင်းပမည်ဖြစ်ပြီး ပိတ်ပွဲအခမ်းအနားကို သင်္ကြန်အတက်နေ့ညနေ ၆ နာရီတွင် ပြုလုပ်သွားမည်ဖြစ်သည်။

မန္တလေးမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ ကျုံးတောင်ဘက်ခြမ်း (၂၆ လမ်း၊ ၆၆ လမ်းမှ ၇၈ လမ်းအထိ) တွင် လမ်းလျှောက်သင်္ကြန်ပွဲတော်အဖြစ် ဗဟိုမဏ္ဍပ်အပါအဝင် မဏ္ဍပ်ကြီးခြောက်ခုကိုလည်းကောင်း၊ ကျုံးအရှေ့ဘက်ခြမ်း (၆၆ လမ်း၊ ၁၉ လမ်းမှ ၂၆ လမ်းအထိ) တွင် မဏ္ဍပ်ကြီးလေးခုကိုလည်းကောင်း ထည့်သွင်းကျင်းပရန် စီစဉ်ထားပြီး နိုင်ငံကျော်အဆိုတော်များနှင့် သရုပ်ဆောင်များက ဧည့်ခံဖျော်ဖြေသွားမည်ဖြစ်ကာ ကျုံးအနောက်ဘက်ခြမ်း၊ မြောက်ဘက်ခြမ်းနှင့် အရှေ့ဘက်ခြမ်းတို့တွင်လည်း အများပြည်သူများ မဏ္ဍပ်ဆောက်လုပ်နိုင်ရန်နှင့် ရေပက်ကစားနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် မန္တလေးမြို့တွင်း ၇၃ လမ်း၊ သဇင် လမ်းမှ ငုရွှေဝါလမ်းအထိ လမ်းလျှောက်သင်္ကြန်အဖြစ် ကျင်းပသွားမည်ဖြစ်ရာ လောင်းလှေများ၊ ရေပိုက်များ၊ ခြင်းလုံးများ၊ ရောင်စုံထီးများဖြင့် အလှဆင်ဆောင်ရွက်သွားမည့်အပြင် ရေကစားမဏ္ဍပ် အသေးများလည်း ဆောက်လုပ်သွားမည်ဖြစ်ကြောင်း၊ မန္တလေးဈေးချိုတော်နာရီစင်အနီးတွင်လည်း မန္တလေးမြို့ဂုဏ်ဆောင် မြို့မတူရိယာအသင်းနှင့် တွဲဖက်၍ ဈေးချိုသူ ရေကစားမဏ္ဍပ်ကိုလည်းကောင်း၊ သိပ္ပံလမ်း (၁၀၁) လမ်းပေါ်တွင် အလျား ၁၄၄ ပေ၊ အနံပေ ၅၀၊ အမြင့် ခုနစ်ပေရှိ ရေကစားမဏ္ဍပ်ကိုလည်းကောင်း ဆောက်လုပ်ပြီး နိုင်ငံကျော်သရုပ်ဆောင်၊ အဆိုတော်များဖြင့် ဧည့်ခံ၍ စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်အေးချမ်း**

## ဆီဆိုင်မြို့နယ်အတွင်းရှိ ကျေးရွာလေးရွာ၌ အိမ်တိုင်ရာရောက် ရေပေးရေးလုပ်ငန်းများပြီးစီး

**ဆီဆိုင် ဧပြီ ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်အတွင်းရှိ ကျေးရွာလေးရွာ၌ အိမ်တိုင်ရာရောက် စုပေါင်းရေပေးရေးလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးသဖြင့် မတ် ၃၁ ရက်က ထီဆုံ(ပေါ်)ကျေးရွာ၌ ဖွင့်ပွဲပြုလုပ်သည်။

ဖွင့်ပွဲတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဒေါ်လှဝိုင်းနွယ်က အမှာစကားပြောကြားပြီး ဒေသခံရပ်မိရပ်ဖတစ်ဦးက ရေပေးရေးလုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကာ တာဝန်ရှိသူများက ကျေးရွာလေးရွာ အိမ်တိုင်ရာရောက် စုပေါင်းရေပေးရေးလုပ်ငန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါ ရေပေးရေးလုပ်ငန်းတွင် ခိုရိုင်းကျေးရွာ၊ ထီဆုံ(ပေါ်)ကျေးရွာ၊ ထီဆုံ(အောက်) ကျေးရွာနှင့် ပန်အောင်းကျေးရွာတို့အတွက် ရေစက်ရုံ၊ ဂါလန် ၁၀၀၀၀ ဆံ့ရေစုကန် တစ်ကန်၊ နှစ်လက်မ GI ရေတင်ပိုက်လိုင်း(၁/၃) မိုင်၊ ဂါလန် ၂၀၀၀၀ ဆံ့ ရေစုကန်တစ်ကန်၊ နှစ်လက်မ ၁ ဒသမ ၅ လက်မ PVC ကျေးရွာဖြန့်ဝေလိုင်း (၁/၃ ဒသမ ၈) မိုင်နှင့် ဂါလန် ၃၀၀၀ ဆံ့ ရေစုကန်တစ်ကန်ကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုထောက်ပံ့ရန်ပုံငွေ ၈၅ ဒသမ ၃၂ ကျပ်သန်းဖြင့် ဆောင်ရွက်ခဲ့ပြီး အိမ်ခြေ ၃၀၅ အိမ်မှ လူဦးရေ ၁၅၀၀ ကျော်အတွက် သန့်ရှင်းသောသောက်သုံးရေများ ရရှိနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**မျိုးမြတ်(ဆီဆိုင်)**

## မချမ်းဘော့၌ အခြေခံအင်္ဂလိပ်သဒ္ဒါသင်တန်းနှင့် Fitness Dance သင်တန်းဆင်း

**မချမ်းဘော့ ဧပြီ ၂**

ကချင်ပြည်နယ် မချမ်းဘော့မြို့၌ ကျောင်းသားလူငယ်များ ဗလငါးငါးတန်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် နွေရာသီကျောင်းပိတ်ရက်ကို အကျိုးရှိစွာ အသုံးချနိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ခဲ့သော အခြေခံအင်္ဂလိပ်သဒ္ဒါ အခမဲ့သင်တန်းနှင့် Physical Fitness Dance အခမဲ့သင်တန်းဆင်းပွဲကို ဧပြီ ၁ ရက်က လူထုအခြေပြုဗဟိုဌာနခန်းမ၌ကျင်းပသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နီနီလွင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ မြို့နယ်တာဝန်ခံ နည်းပြ (နည်းစနစ်) ဒေါ်ခင်လင်းစိန်က သင်တန်းပို့ချခြင်းနှင့် ပတ်သက်၍ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ အခြေခံအင်္ဂလိပ်သဒ္ဒါသင်တန်း တတ်မြောက်မှုစာမေးပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ရရှိသူများနှင့် Physical Fitness Dance သင်တန်းတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့ကြသည်။

**ယောရွှေနီ(မချမ်းဘော့)**

## မင်းလှမြို့၌ သင်္ကြန်ပွဲတော် စည်ကားစွာကျင်းပနိုင်ရေး ညှိနှိုင်းဆွေးနွေး

**အထက်မင်းလှ ဧပြီ ၂**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို မတ် ၃၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းထွန်းအောင်က မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ဖွဲ့စည်းထားသည့် ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများအလိုက် စုပေါင်းဆောင်ရွက်ကြရန်၊ သင်္ကြန်မဏ္ဍပ်တည်ဆောက်ရေး၊ ရပ်ကွက်များမှ အကအလှယိမ်းအဖွဲ့များဖြင့် ကပြဖျော်ဖြေနိုင်ရေး၊ ရေကစားရန် ရေရရှိရေး၊ စတုဒိသာကျွေးမွေးရေး၊ နှစ်ဆန်း ၁ ရက်နေ့တွင် ပရိတ်တရား နာယူရန်နှင့်သက်ကြီးပူဇော်ပွဲကျင်းပရန် အစီအစဉ်များကို ဆွေးနွေးသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များက မဟာသင်္ကြန် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ဘဏ္ဍာငွေရှာဖွေရေးကော်မတီ၊ ဖျော်ဖြေရေး၊ ဧည့်ခံကျွေးမွေးရေး၊ အခမ်းအနားပြင်ဆင်ရေး ဆပ်ကော်မတီဖွဲ့စည်းပြီး ဌာနဆိုင်ရာများ၊ မြို့နယ်အတွင်းရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့်ညှိနှိုင်းပြီး အောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးသည်။ ထို့နောက် တက်ရောက်လာသည့် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး ကော်မတီအလိုက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ဆွေးနွေးခဲ့ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးခဲ့သည်။

**ဇာဇာ(အထက်မင်းလှ)**

## မြိတ်မြို့နယ် အထက (သမုတ်)ကျောင်း၌ စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဘာသာရပ်များ တွဲဖက်ဖွင့်လှစ်သင်ကြားပေးမည်

**မြိတ် ဧပြီ ၂**

**တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် သမုတ်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၃ – ၂၀၂၄ ပညာသင်နှစ်တွင် GRADE –10 တန်းမှစ၍ အခြေခံသင်ရိုးညွှန်းတမ်းအပြင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုစက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဘာသာရပ်များကို ယခုနှစ်ဇွန်လဆန်းပိုင်းတွင် စတင်သင်ကြားပေးမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူး ဦးကျော်ရှိန်ထံမှ သိရသည်။**



ယခုပညာသင်နှစ် GRADE –10 တန်းမှ စတင်ကာ GRADE –12 အထိ အခြေခံပညာ သင်ရိုးညွှန်းတမ်းများအပြင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုစေမည့် စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဘာသာရပ်များကို ဘာသာတွဲအလိုက် စာတွေ့၊ လက်တွေ့ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

၂၀၂၃ ခုနှစ် နှစ်ဆန်းပိုင်းမှစတင်၍ အခြေခံပညာအထက်တန်းကျောင်း(သမုတ်)တွင် ကျောင်းဆောင်အသစ်များ တိုးချဲ့တည်ဆောက်လျက်ရှိပြီး ယခုလက်ရှိတွင် တည်ဆောက်မှုလုပ်ငန်းများ ၉၀ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်သည်။ **(ယာပုံ)**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတို့က ပူးပေါင်း၍ အခြေခံပညာဘာသာရပ်များနှင့်စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးဘာသာရပ်များကို သင်ကြားလျက်ရှိသည့် အခြေခံပညာအထက်တန်းကျောင်း ၅၁ ကျောင်းရှိပြီး ကချင်ပြည်နယ်တွင် သုံးကျောင်း၊ ကယားပြည်နယ်တွင် တစ်ကျောင်း၊ ကရင်ပြည်နယ်တွင် နှစ်ကျောင်း၊ ချင်းပြည်နယ်တွင် နှစ်ကျောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် သုံးကျောင်း၊ ပဲခူးတိုင်းဒေသကြီးတွင် လေးကျောင်း၊ မကွေးတိုင်းဒေသကြီးတွင် လေးကျောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် ငါးကျောင်း၊ မွန်ပြည်နယ်တွင် နှစ်ကျောင်း၊ ရခိုင်ပြည်နယ်တွင် သုံးကျောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် လေးကျောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် တစ်ကျောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် တစ်ကျောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် နှစ်ကျောင်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် လေးကျောင်း၊ နေပြည်တော်တွင်နှစ်ကျောင်း၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်၊ ဓနု၊ နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် ခြောက်ကျောင်းနှင့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့တွင် တစ်ကျောင်းနှင့် ယခုမြိတ်မြို့တွင် ဖွင့်လှစ်မည့် အထက သမုတ်ကျောင်းတစ်ကျောင်း အပါအဝင် စုစုပေါင်း ၅၁ ကျောင်းရှိကြောင်း မြိတ်မြို့နယ် ပညာရေးမှူးရုံးထံမှ သိရသည်။

**မြင့်ဦး(မြိတ်)**

# အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား ကျောင်းသူများ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းသား ကျောင်းသူများအားလုံး အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်ပါက စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များကို သင်ယူလေ့ကျင့်ခွင့် ရရှိနိုင်ရေးအတွက် ခရိုင် ၅၀၏ မြို့နယ်များရှိ အခြေခံပညာအထက်တန်းကျောင်း ၅၁ ကျောင်းတွင် တွဲဖက်ဖွင့်လှစ်နိုင်ရန် **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်မည့် အဆိုပါ အခြေခံပညာအထက်တန်းကျောင်းများတွင် တက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူများသည် အထက်တန်းဆင့် သင်ယူနေစဉ်ကာလ၌ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်အသက်မွေးဝမ်းကျောင်း အတတ်ပညာများကို သင်ယူတတ်မြောက်နိုင်မည့် အခွင့်အလမ်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိလာမည် ဖြစ်ပါသည်။

**(အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်ပါက စိတ်ပါဝင်စားသည့် မည်သူမဆို တက်ရောက်သင်ယူနိုင်ရေးအတွက် လျှောက်ထားနိုင်မည်ဖြစ်ပါသည်။)**

သို့ဖြစ်ပါ၍ အခြေခံပညာအလယ်တန်းဆင့်(Grade 9) ပြီးမြောက်အောင်မြင်ပြီး ပညာဆက်လက်သင်ယူမည့် ကျောင်းသား ကျောင်းသူများနှင့် မိဘပြည်သူများ သိရှိနိုင်စေရန် (၁) အခြေခံပညာ အထက်တန်းဆင့်၊ (၂) စက်မှုနည်းပညာ၊ (၃) စိုက်ပျိုးရေးအတတ်ပညာ၊ (၄) မွေးမြူရေးအတတ်ပညာ စသည့် ပညာရေးလမ်းသွယ် (၄)မျိုး ရွေးချယ်သင်ယူနိုင်မည့် အခွင့်အလမ်းများကို သတင်းကောင်းပါးအပ်ပါသည်။







## (၁) အခြေခံပညာအထက်တန်းဆင့်

ပုံမှန်ဖွင့်လှစ်လျက်ရှိသော အခြေခံပညာအထက်တန်းကျောင်းများတွင် အခြေခံပညာအထက်တန်းဆင့် (Grade 10, Grade 11, Grade 12) ပညာသင်ကာလ (၃)နှစ် တက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူများသည် ၎င်းတို့သင်ယူသောဘာသာတွဲများအလိုက် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး သတ်မှတ်အရည်အချင်း ပြည့်မီပါက အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များဖြစ်သည့် ဆေးတက္ကသိုလ်၊ ဆေးဘက်ဆိုင်ရာတက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ ပညာရေးတက္ကသိုလ် အစရှိသည့် တက္ကသိုလ်များ၊ ဝိဇ္ဇာ/သိပ္ပံ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ကောလိပ်များနှင့် သိပ္ပံများသို့ တက်ရောက်နိုင်မည်ဖြစ်ပါသည်။

## (၂) စက်မှုနည်းပညာ

စက်မှုနည်းပညာလမ်းကြောင်းတွင် အခြေခံပညာအထက်တန်းဆင့်ဘာသာရပ်များအပြင် အထူးပြုဘာသာရပ်(၃)မျိုး ဖြစ်သည့် အဆောက်အဦနည်းပညာ (Building Technology)၊ လျှပ်စစ်နည်းပညာ (Electrical Technology) နှင့် စက်ပစ္စည်း အစိတ်အပိုင်းများထုတ်လုပ်ခြင်းနည်းပညာ (Machining Technology) ဘာသာရပ်များကို ပညာသင်ကာလ (၃)နှစ်တွင် စာတွေ့/ လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများ အသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည် ဖြစ်ပါသည်။

စက်မှုနည်းပညာလမ်းကြောင်းတွင် တက်ရောက်သည့် ကျောင်းသားများအတွက် ဆက်လက်သင်ယူနိုင်မည့် အခွင့်အလမ်းများမှာ အထူးအောင် (Credit) ဖြင့် အောင်မြင်သူများသည် ပညာသင်နှစ်(၆)နှစ် တက်ရောက်ရပြီး အင်ဂျင်နီယာဘွဲ့ (BE) ပေးအပ်သော နည်းပညာတက္ကသိုလ်များနှင့် ပညာသင်နှစ် (၄) နှစ် တက်ရောက်ရပြီး နည်းပညာဘွဲ့ (B.Tech) ပေးအပ်သော အစိုးရနည်းပညာကောလိပ်များသို့ လည်းကောင်း၊ အဆင့်မီ (Qualified) ဖြင့် အောင်မြင်သူများသည် ပညာသင်နှစ် (၃)နှစ် တက်ရောက်ရပြီး အင်ဂျင်နီယာ နည်းပညာဒီပလိုမာ (AGTI Diploma) ပေးအပ်သော အစိုးရစက်မှုလက်မှုသိပ္ပံများသို့လည်းကောင်း ဆက်လက်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

အင်ဂျင်နီယာ နည်းပညာ ဒီပလိုမာသင်တန်းကို ထူးချွန်စွာ အောင်မြင်သူများသည် အစိုးရနည်းပညာကောလိပ်၏ တတိယနှစ်(ပထမနှစ်ဝက်)သို့လည်းကောင်း၊ နည်းပညာတက္ကသိုလ်၏ တတိယနှစ် (ပထမနှစ်ဝက်)သို့လည်းကောင်း စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်သူများအနေဖြင့် ပြီးမြောက်ကြောင်း အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ လေ့ကျင့်သင်ကြားပေးထားသဖြင့် ပြင်ပလုပ်ငန်းခွင်များသို့ ဝင်ရောက်ရာတွင်လည်းကောင်း၊ ကိုယ်ပိုင်လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း များစွာအထောက်အကူရရှိစေမည် ဖြစ်ပါသည်။

## (၃) စိုက်ပျိုးရေးအတတ်ပညာ

စိုက်ပျိုးရေးအတတ်ပညာတွင် အခြေခံပညာအထက်တန်းဆင့် ဘာသာရပ်များအပြင် စိုက်ပျိုးရေးအတတ်ပညာဆိုင်ရာဘာသာရပ်များကို ပညာသင်ကာလ (၃)နှစ်တွင် စာတွေ့/ လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများ အသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည် ဖြစ်ပါသည်။

အထူးအောင်(Credit) ဖြင့်အောင်မြင်သူများသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ဖွင့်လှစ်သည့် စိုက်ပျိုးရေး သိပ္ပံဘွဲ့ (Bachelor of Agricultural Science) (၅)နှစ် သင်တန်းကို တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။ အဆင့်မီ (Qualified) ဖြင့် အောင်မြင်သူများသည် တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးတွင် ဖွင့်လှစ်ထားသော စိုက်ပျိုးရေးသိပ္ပံကျောင်းများ၏ စိုက်ပျိုးရေး ဒီပလိုမာလက်မှတ် (Diploma in Agriculture) (၃)နှစ် သင်တန်းနှင့် အစိုးရစက်မှုလက်မှုသိပ္ပံများ၏ အင်ဂျင်နီယာနည်းပညာဒီပလိုမာ (AGTI Diploma – Farm Machinery) (၃)နှစ်သင်တန်းသို့ တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။ စိုက်ပျိုးရေးဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်ပါက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စိုက်ပျိုးရေးသိပ္ပံဘွဲ့ (၅)နှစ် သင်တန်း၏ တတိယနှစ် (ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

အင်ဂျင်နီယာနည်းပညာဒီပလိုမာသင်တန်းကို ထူးချွန်စွာ အောင်မြင်သူများသည် အစိုးရနည်းပညာကောလိပ်၏တတိယနှစ်(ပထမနှစ်ဝက်)သို့လည်းကောင်း၊ နည်းပညာတက္ကသိုလ်၏တတိယနှစ်(ပထမနှစ်ဝက်) သို့လည်းကောင်း စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်ပါက စိုက်ပျိုးရေးအတတ်ပညာ အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး စိုက်ပျိုးရေးနှင့်သက်ဆိုင်သော အခန်းကဏ္ဍများတွင် လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းကောင်းများ ရရှိမည်ဖြစ်ပါသည်။

## (၄) မွေးမြူရေး အတတ်ပညာ

မွေးမြူရေးအတတ်ပညာတွင် အခြေခံပညာအထက်တန်းဆင့် ဘာသာရပ်များအပြင် မွေးမြူရေးအတတ်ပညာဆိုင်ရာဘာသာရပ်များကို ပညာသင်ကာလ (၃)နှစ်တွင် စာတွေ့/ လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများ အသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည် ဖြစ်ပါသည်။

အထူးအောင် (Credit) ဖြင့်အောင်မြင်သူများသည် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်မှ ဖွင့်လှစ်သည့် တိရစ္ဆာန် ဆေးပညာဘွဲ့ (Doctor of Veterinary Medicine) (၆)နှစ် သင်တန်းနှင့် မွေးမြူရေးပညာဘွဲ့ (Bachelor of Animal Science) (၄)နှစ် သင်တန်းများကို တက်ရောက်နိုင်ကြမည် ဖြစ်ပါသည်။

အဆင့်မီ (Qualified)ဖြင့် အောင်မြင်သူများသည် စိုက်ပျိုးရေးသိပ္ပံများ၏ မွေးမြူရေး ဒီပလိုမာ (Diploma in Animal Husbandry) (၃)နှစ် သင်တန်းနှင့် ငါးလုပ်ငန်းသိပ္ပံ၏ ငါးလုပ်ငန်းသိပ္ပံဒီပလိုမာ (Diploma in Fisheries and Aquaculture) (၃)နှစ် သင်တန်းသို့ တက်ရောက်နိုင်ကြမည် ဖြစ်ပါသည်။

မွေးမြူရေးဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်သူသည် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် (၄)နှစ်သင်တန်း၏ တတိယနှစ် (ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည် ဖြစ်ပါသည်။ ငါးလုပ်ငန်းသိပ္ပံ ဒီပလိုမာသင်တန်းတွင် ထူးချွန်စွာ အောင်မြင်သူများသည် ရန်ကုန်တက္ကသိုလ် ငါးလုပ်ငန်းဆိုင်ရာ ဘာသာရပ် တတိယနှစ်(ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည် ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်ပါက မွေးမြူရေးအတတ်ပညာ အောင်လက်မှတ် ရရှိမည်ဖြစ်ပြီး မွေးမြူရေးနှင့် သက်ဆိုင်သော အခန်းကဏ္ဍများတွင် လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းကောင်းများ ရရှိမည်ဖြစ်ပါသည်။

အလယ်တန်းဆင့်(Grade 9) ပြီးမြောက်အောင်မြင်ပါက စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များကို တွဲဖက်သင်ကြားမည့် အောက်ဖော်ပြပါ အခြေခံပညာအထက်တန်းကျောင်းများတွင် တက်ရောက်သင်ယူနိုင်ရေးအတွက် လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

**၂၀၂၃-၂၀၂၄ ပညာသင်နှစ် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး တွဲဖက်သင်ကြားမည့် အခြေခံပညာအထက်တန်းကျောင်းများ**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ကိုယ်ပိုင် အုပ်ချုပ်ခွင့်ဒေသ | စဉ် | ခရိုင်အမည် | ခရိုင်ရုံး စိုက်ရာမြို့ | ကျောင်း တည်ရှိရာ မြို့နယ် | ကျောင်းအမည် |
|---|---|---|---|---|---|---|
| ၁ | ကချင် | ၁ | မိုးညှင်း | မိုးညှင်းမြို့ | မိုးညှင်း | အထက(၂)မိုးညှင်း |
| | | ၂ | မြစ်ကြီးနား | မြစ်ကြီးနား | ဝိုင်းမော် | အထက(၁)ဝိုင်းမော် |
